# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့။ Monday 13 August 2018 ၉၃၇၇


# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အထိမ်းအမှတ်

# လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြည်သူ ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ




**မန္တလေး ဩဂုတ် ၁၂**

မြန်မာ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင် အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

နံနက် ၅ နာရီတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❖

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အထိမ်းအမှတ်အဖြစ် လူထု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။**

## မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်တင်ပို့မှု တစ်လထက်တစ်လ ပိုမိုတင်ပို့နိုင်

**မောင်တော ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်တင်ပို့မှုအနေဖြင့် တစ်လထက်တစ်လ ပိုမိုတင်ပို့နိုင်လျက်ရှိပြီး အထူးသဖြင့် ချင်း(ဂျင်း)အစိုတင်ပို့မှုမှာ သိသိသာသာများပြားလျက်ရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာန မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

"ကျွန်တော်တို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ပို့ကုန်အနေနဲ့ ပြန်တက်လာတာကတော့ ချင်း(ဂျင်း)တင်ပို့မှုက အများဆုံးဖြစ်ပါတယ်။ ဘာလို့များလဲဆိုတော့ သူတို့နိုင်ငံမှာ ပွဲတော်ရက်လည်း နီးတဲ့အတွက်ရယ် ပြီးတော့ အချိုရည်ထုတ်တဲ့နေရာမှာလည်း သုံးတယ်လို့ ကုန်သည်တွေပြောကြတယ်။ အချိုရည်ထုတ်တဲ့နေရာမှာ ဘယ်လိုသုံးတာလဲဆိုတာတော့ သေချာမသိဘူး။ ဒါကြောင့် ချင်း(ဂျင်း)တင်ပို့မှုက **စာမျက်နှာ ၄ ကော်လံ ၅ သို့** ❍



**မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းတွင် ချင်း(ဂျင်း)များတင်ပို့နေသည်ကို တွေ့ရစဉ်။**




နှလုံးနှင့်ကျောက်ကပ် အထူးကုဆေးရုံကြီး

KAN THAR YAR
INTERNATIONAL SPECIALIST HOSPITAL
CARDIOLOGIST And UROLOGIST

နှလုံးရောဂါအထူးကုများ(Cardiac Specialists )
- နှလုံးသွေးကြောရောဂါအထူးကုများ(Cardiac Physicians)
- နှလုံးခွဲစိတ်အထူးကုများ(Cardiac Surgeons)
- နှလုံးလျှပ်စီးပတ်လမ်းဆိုင်ရာ အထူးကုများ(EP Cardiac Physicians)
- ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာအထူးကုများ(Uro Physicians)
- ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာခွဲစိတ်ဆရာဝန်များ(Uro Surgeons)

" ကျန်းမာရေးအတွက်အဖြေရှာ... အကောင်းဆုံးဆေးရုံကန်သာယာ "

No. (87), 6½ Mile, Pyay Road, Hlaing Township, Yangon.
Hot Line: +95-1-505284, Fax : +95-1-505290
Email: info@ktyhospital.com www.ktyhospital.com

ကြေးမုံ

# အသေးအဖွဲ့မှစတင်ဆင်ခြင်

"ကိုယ့်နိုင်ငံကို တန်ဖိုးထားတယ်ဆိုတာ အမှိုက်ပစ်တဲ့ အသေးအဖွဲ့လေးတွေကနေစပြီးတော့ ဆင်ခြင်ရပါမယ်။ မိဘတွေ၊ ဆရာတွေက သင်ပေးရမယ်။ ဒါပေမယ့် ဘယ်လောက်ပဲ သင်ပေးသင်ပေး သင်ယူတဲ့သူက သင်ယူမှရပါမယ်။ ဆရာတွေ၊ မိဘတွေ ဘယ်လောက်တော်တော် သင်ယူတဲ့ကလေးတွေက သင်ယူချင်တဲ့စိတ်ရှိအောင်လို့ စိတ်ဓာတ်သွင်းပေးဖို့လိုပါတယ်။ ကိုယ့်ပစ္စည်းထက် အများပိုင်ပစ္စည်းကို လေးစားဖို့၊ တန်ဖိုးထားဖို့ စိတ်တွေသွင်းပေးရပါမယ်။ နိုင်ငံတော်ရဲ့ပစ္စည်းကို မလေးစားတာဟာ ကိုယ့်နိုင်ငံကို မလေးစားတာပါပဲ။ မှန်ကန်တဲ့စိတ်ဓာတ်တွေကို လူငယ်တွေကို သင်ပေးမယ်၊ လူငယ်တွေကို အလေ့အကျင့်ဖြစ်သွားအောင် လုပ်ပေးမယ်ဆိုရင် ကျွန်မတို့ရဲ့လူငယ်တွေဟာ ဘက်စုံဖွံ့ဖြိုးပြီလို့ ပြောလို့ရပါပြီ"ဟု လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

လူငယ်လူရွယ်များ လက်တွေ့ပိုင်း၊ စိတ်ဓာတ်ပိုင်း၊ အတွေးအခေါ်ပိုင်း စသည်ဖြင့် အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်လာစေရန် အသေးအဖွဲ့မှစတင်၍ လုပ်ဆောင်တတ်စေရေး အကြံပြုလမ်းညွှန်ထားသည်ကို ပြည်သူအားလုံး မှတ်သားလိုက်နာကြရပေမည်။ လူငယ်လူရွယ်များအား ကျောင်းပညာသင်ကြားရုံဖြင့် မပြည့်စုံသေးဘဲ မှန်ကန်သည့်စိတ်ဓာတ်များ လူငယ်လူရွယ်များ၏ နှလုံးသားတွင် ကိန်းအောင်းနေစေဖို့ ဖန်တီးပေးရန်လိုအပ်သည်။

လူငယ်လူရွယ်များမှာ လိုရာပုံသွင်းယူနိုင်သော အရွယ်များဖြစ်၍ လက်ဦးဆရာဖြစ်သော မိဘ၊ ဆရာသမားများက ဦးစွာလမ်းမှန်ညွှန်ပြပေးနိုင်ရန်၊ ပုံသွင်းပေးတတ်ရန် လိုအပ်သည်။ များသောအားဖြင့် ကျောင်းသားမိဘ၊ ဆရာသမားများမှာ မိမိတို့၏ရင်သွေး တပည့်များကို ကျောင်းပညာတတ်မြောက်ရေး၊ ထူးချွန်ရေး၊ အတန်းအောင်မြင်ရေးအတွက်သာ အဓိကထား လုံးပန်းကြသည်ကို တွေ့ရသည်။ အမှန်တကယ်တွင် တိုင်းပြည်အတွက် စံပြုထိုက်သောသူများ၊ ထူးချွန်ထက်မြက်သူများ၊ စိတ်ဓာတ်ရေးရာ ကောင်းမွန်သူများ စသည်ဖြင့် ဘက်ပေါင်းစုံတွင် ကောင်းမွန်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာရေးအတွက် ပညာရေးသာမက အခြေခံကျင့်ဝတ်များ၊ နီတိများကိုပါ နားလည်သိမြင် ကျင့်ကြံအားထုတ်ကြသူများဖြစ်အောင် လမ်းမှန်ညွှန်ပြပေးကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်ကို တည်ဆောက်ရာ၌ ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို တည်ဆောက်နိုင်ရန် အထူးလိုအပ်နေသော အချိန်အခါ ဖြစ်သည်။ ပြည်သူပြည်သားများအနေဖြင့် တာဝန်မသိ၊ တာဝန်မရှိဘဲ ပတ်ဝန်းကျင်မှ အသေးအဖွဲ့ကိစ္စလေးများမှအစ နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသောကိစ္စများအထိ အမြင်မတင့်ဖွယ်ရာ အနေအထားများဖြစ်နေသည်ကို မြင်တွေ့နေရသည်။ ပတ်ဝန်းကျင်ကို မိမိပိုင်ဝန်းကျင်ကဲ့သို့ တန်ဖိုးမထားတတ်ကြသောကြောင့် မိမိနိုင်ငံကိုပင် တန်ဖိုးမထားကြသူများအဖြစ် ရောက်ရှိမည့်အရေးကို ကြီးသောသူများ၊ မိဘဆရာသမားများက စိုးရိမ်ပူပန်ကာ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကောင်းမွန်သောအနာဂတ်၊ ကောင်းမွန်သောနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိကြပါသည်။ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြရမည့်သူများမှာ ယနေ့ လူငယ်လူရွယ်များသာဖြစ်၍ အဆိုပါလူငယ်လူရွယ်များ ဘက်စုံထူးချွန်ထက်မြက်သူများဖြစ်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဂုဏ်သိက္ခာရှိသော နိုင်ငံသားများအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်နိုင်အောင် ကျင့်ကြံလိုက်နာဆောင်ရွက်တတ်သည့် အလေ့အထများ မွေးမြူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ယနေ့လူငယ်များ လူချွန်လူမွန်များဖြစ်စေရေး၊ နိုင်ငံတော်၏အနာဂတ်ကောင်းမွန်ရေးအတွက် လမ်းမှန်ညွှန်ပြပေးမှုနှင့်အညီ ယနေ့လူငယ်များအား အသေးအဖွဲ့မှအစ အလေးထားတတ်အောင် ဝိုင်းဝန်းတည့်မတ်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဒုတိယနေ့ လာရောက်လေ့လာသူများဖြင့် စည်ကား



**မန္တလေး ဩဂုတ် ၁၂**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကျင်းပလျက်ရှိရာ ဒုတိယနေ့ ဩဂုတ် ၁၂ ရက်တွင်လည်း လာရောက်လေ့လာသူများဖြင့် စည်ကားနေကြောင်း သိရသည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ဒုတိယနေ့ ကျင်းပလျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် စာပေဆိုင်ရာ လှုပ်ရှားမှုများအား လေးထပ်ဆောင်တွင် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ၊ လူငယ်ဆိုင်ရာဆွေးနွေးပွဲများ၊ အင်း၀-၉ ခန်းမတွင် အနုပညာလိုက်စားလူငယ်များ ခေါင်းစဉ်ဖြင့် လူငယ်အဆိုတော် ယုန်လေး၊J -Fire နှင့် စာရေးဆရာမ မေသကြ်န်ဟိန်တို့က ဆွေးနွေးသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ပါဝင်ပြသသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးမှ သက်ဆိုင်ရာ ဘာသာရပ်ပြခန်းများနှင့် လက်တွေ့ပြသခြင်းများ၊ စာအုပ်အရောင်းဆိုင်များနှင့် စတုဒိသာပေးဝေသောဆိုင်ခန်းများ ပါဝင်ကာ အားကစားဆိုင်ရာလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ခြင်းနှင့် အပန်းဖြေအားကစားပြိုင်ပွဲများနှင့် အနုပညာလှုပ်ရှားမှုများ၊ ပညာပေးကဏ္ဍ အသိပညာပေးပြဇာတ်အစီအစဉ်တို့ ပါဝင်ကြောင်း သိရသည်။

**ငါ့သရောက်(မြန်/ဆက်)**

## ပုဂံမြို့ရှိ လောကနန္ဒာဘုရားပရိဝုဏ်၌ မြန်မာ့ရိုးရာအစားအစာများ ခင်းကျင်းပြသမည်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများ ပျောက်ကွယ်မသွားစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြုလုပ်သော မိုးရာသီကာလအတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်ရန်အတွက် ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ လောကနန္ဒာဘုရားပရိဝုဏ်၌ မြန်မာ့ရိုးရာ အစားအစာများကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် စည်ကားစွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ပုဂံမြို့ရှိ လောကနန္ဒာဘုရားပရိဝုဏ်၌ လှေလှော်အလှပြိုင်ပွဲများ၊ မြန်မာ့ရိုးရာ ခြင်းလုံးအလှပြိုင်ပွဲများ၊ ဆွမ်းလောင်းပွဲများ ပါဝင်မည်ဖြစ်ပြီး လောကနန္ဒာဘုရားပွဲတော်ဈေး၌ အစားအစာပွဲတော်၊ မြန်မာ့ရိုးရာအစားအစာများနှင့် ချက်ပြုတ်အစားအစာများ၊ မြန်မာ့ရိုးရာအချိုပွဲများ၊ တိုင်းရင်းသားအစားအစာများနှင့် ဒေသထွက်ရိုးရာအစားအစာများကို ခင်းကျင်းပြသမည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ကယားနှင့် ရှမ်းအစရှိသည့် ဟိုတယ်ဇုန်ငါးခုမှ ရိုးရာအစားအစာများကို ပြခန်းပေါင်း ၂၀ ဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

စားသောက်ဆိုင်လုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်၊ စားသောက်ဆိုင်များ ဝန်ဆောင်မှုအရည်အသွေးမြင့်မားစေရန်၊ မြန်မာ့အစားအစာများကို ကမ္ဘာကသိအောင် ဖော်ဆောင်ရန် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကို ပြီးခဲ့သည့်ခုနှစ်နှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ ပုဂံဇုန်၊ ရှမ်းပြည်နယ်ဇုန်၊ ကယားပြည်နယ်ဇုန်၊ မွန်ပြည်နယ်ဇုန်နှင့် ကရင်ပြည်နယ်ဇုန်တို့တွင် အသင်းများ ဖွဲ့စည်းထားပြီး အသင်းသူအသင်းသားများကို နိုင်ငံတကာနှင့်ချိတ်ဆက်၍ သင်တန်းများ ပို့ချပေးနေကြောင်းနှင့် ကချင်ပြည်နယ်ဇုန်၊ ရခိုင်ပြည်နယ်ဇုန်တို့ကိုလည်း ထပ်မံဖွဲ့စည်းရန် စီစဉ်ထားကြောင်း သိရသည်။

**ပွင့်သစ္စာ**

## အင်းစိန်၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ရေကြီးရေတက်ခဲ့သော အိမ်များနှင့် လမ်းများတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက စော်ဘွားကြီးကုန်းရပ်ကွက် ၄/က သီရိမြိုင်လမ်းနှင့် နှင်းဆီမြိုင်လမ်း အထက(၈)တို့တွင် ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရှိနေအိမ်များသို့ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ပေးခဲ့ပြီး သုံးရေများအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

**ဇွဲထက်ကို**


ကြေးမုံ

| | | | |
|---|---|---|---|
| ခေတ္တစာတည်းမှူးချုပ် | - ဦးဝင်းရွှေ | သတင်းထောက်မှူး | - ဦးငွေအောင် |
| စာတည်းမှူးများ | - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင် | ဘာသာပြန်စာတည်းများ | - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း | အကြီးတန်းသတင်းထောက်များ | - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း |
| အငယ်တန်းသတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင် | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅

# စစ်ကိုင်းမြို့တွင် လူထုအခြေပြုဗဟိုဌာနနှင့် ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးတို့က လူထုအခြေပြုဗဟိုဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူထုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်နှင့် ရွှေ့လျားစာကြည့်တိုက်ယာဉ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်နှင့် ကလေးစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး စာကြည့်တိုက်သို့ ရောက်ရှိနေကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကစားစရာအရုပ် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနရှိ ပြတိုက်ငယ်နှင့် ကလေးစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနရှိ စာကြည့်တိုက်ခန်းမ၊ ကွန်ပျူတာသင်တန်းခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

လူထုအခြေပြုဗဟိုဌာနနှင့် ရွှေ့လျားစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဘက်စုံသုံးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ အသိပညာဗဟုသုတ ဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်မှုအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စာဖတ်ဝိုင်းများကျင်းပမှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီး အသုံးဝင်သည့်နေရာ၊ လူအများစုဝေးသည့် လူထုအခြေပြုဗဟိုဌာနများ ဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့်အတူ ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး ရွှေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူထုအခြေပြုဗဟိုဌာနများတွင် Book Club, Youth Club, Woman's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအင်္ဂါရပ်နှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်းများ ကျင်းပလျက်ရှိရာ ယခုအခါ အကြိမ် ၁၀၀ ကျော်ရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းလှစိုးက ရွှေ့လျားစာကြည့်တိုက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စာအုပ်စာစောင်များကို ပြည်သူများ အလွယ်တကူ ငှားရမ်းဖတ်ရှုလေ့လာနိုင်စေရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။

**တက်ကြွစွာ ပူးပေါင်းပါဝင်**

ထို့နောက် စစ်ကိုင်းမြို့ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖ ဦးအောင်ကြီးက လူထုအခြေပြုဗဟိုဌာနနှင့် ရွှေ့လျားစာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ကြောင်းနှင့် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကျင်းပသည့် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်အားပေးခဲ့ကြသည်။

**မန်း(ကိုယ်ပွား)**



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)အထိမ်းအမှတ်အဖြစ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

❖ ရွှေဖုံးမှ

ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)နှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးတို့မှ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုစုပေါင်း ၄၀၀၀ ကျော်တို့သည် တာထွက်စုရပ်နေရာ မန္တလေးတက္ကသိုလ်ပင်မဆောင်ရှေ့၌ ရောက်ရှိနေရာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အချက်ပြသေနတ် ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ဦးဆောင်သော အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့်အတူ စုရပ်နေရာမှ မန္တလေးတက္ကသိုလ်ပတ်လမ်းအတိုင်း ဘွဲ့နှင်းသဘင်ခန်းမရှေ့၊ ထိုမှတစ်ဆင့် လေးထပ်ဆောင်၊ အင်းဝဆောင်၊ ဦးရာဇတ်ဆောင်တို့ရှေ့ရှိ လမ်းအတိုင်း စုပေါင်းလမ်းလျှောက်ပွဲ ပျော်ရွှင်စွာဆင်နွှဲကြပြီး တာလွှတ်နေရာသို့ ပြန်လည်ရောက်ရှိ ပန်းဝင်ကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများအား စေတနာရှင်၊ အလှူရှင်များက ကောက်ညှင်းပေါင်း၊ အကြော်၊ အားဖြည့်အချိုရည်နှင့် ကော်ဖီတို့ ပေးဝေခဲ့ကြသည်။

နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်အားကစားခန်းမ၌ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီများမှ တိုက်ကွမ်ဒို၊ ဝူရှူး၊ ကရာတေးဒို၊ ကျွမ်းဘားနှင့် Myanmar Fitness Dance အဖွဲ့မှ အားကစားမောင်မယ်များ၏ စွမ်းရည်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပုဂံဓာတ်ပုံပြပွဲ ပါဝင်ပြသ

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတက္ကသိုလ်တွင် ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဖိတ်ခေါ်မှုဖြင့် နှလုံးသားထဲက ပုဂံဓာတ်ပုံပြပွဲကို သုံးရက်တိုင် ပါဝင်ပြလျက်ရှိကြောင်း သိရသည်။

"ဒီဓာတ်ပုံပြပွဲကို ပြသတဲ့အကြောင်းရင်းက ရှေးဟောင်းသုတေသနဌာနရဲ့ ဖိတ်ခေါ်မှုနဲ့ လာပြီးပြတာပါ။ အဓိကကတော့ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တဲ့ ပုဂံဆိုတဲ့ ဒေသတစ်ခုကို ယူနက်စကိုဝင်ဖို့အတွက် ကျွန်တော်တို့က ပြည်သူတွေအားလုံး သိရှိအောင် ကြိုးစားလှုံ့ဆော်မှုအနေနဲ့ဖြစ်ပါတယ်။ ပုဂံနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုနဲ့ ရှုခင်းတွေပါမယ်။ အစုံပါပဲ။ အဓိကကတော့ ပုဂံရဲ့ အငွေ့အသက်ကို လာကြည့်သူတွေခံစားရအောင်၊ ပုဂံနဲ့ပတ်သက်တဲ့ စိတ်အာရုံတွေ နစ်မြုပ်သွားအောင် ပြသသွားမှာပါ။ အဲဒါပြီးရင် နောက်လမှာ မုံရွာမှာ ဒီလိုမျိုး ဓာတ်ပုံအသင်းနဲ့ပူးပေါင်းပြီး တစ်ပွဲထပ်လုပ်မယ်"ဟု နှလုံးသားထဲကပုဂံ ဓာတ်ပုံပြပွဲ ပြန်ကြားရေးမှူး ကိုနိုင်ထွန်းလတ်က ပြောသည်။

မန္တလေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ပြသလျက်ရှိသည့် နှလုံးသားထဲကပုဂံ ဓာတ်ပုံပြပွဲတွင် ပုံပေါင်း ၇၂ ပုံဖြင့် ပါဝင်ပြသထားရာ လာရောက်ကြည့်ရှုသူများပြားလျက်ရှိသလို ဝယ်ယူလိုသူများကိုလည်း ရောင်းချပေးလျက်ရှိသည်။

"ဒီဓာတ်ပုံပြခန်းထဲကိုလာတော့ စိတ်ချမ်းသာတယ်။ သဘာဝတရားတွေကိုပဲ ဖော်ကျူးထားတော့ တကယ့်ပုဂံပြည်ကို ရောက်သွားသလို ခံစားရတယ်။ အနုပညာလည်း မြောက်တယ်။ ဒီဓာတ်ပုံတွေကိုကြည့်ရင်း တကယ့်အပြင်မှာရောက်နေသလိုခံစားရတယ်"ဟု ပြပွဲသို့ လာရောက်ကြည့်ရှုသူ ကိုပေါ်ထွန်းက ပြောသည်။

ယင်းအပြင် တစ်နိုင်ငံလုံးရှိ ဓာတ်ပုံဆရာများနှင့် မန္တလေးဓာတ်ပုံဆရာများ ပူးပေါင်း၍ နှလုံးသားထဲကပုဂံ ဓာတ်ပုံပြပွဲများကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပုဂံတို့တွင် ပြုလုပ်ခဲ့ပြီး ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ ဓာတ်ပုံအနုပညာရှင်ပေါင်း ၈၀ ကျော်ဖြင့် ပုဂံဓာတ်ပုံပေါင်း ၂၂၀ ကျော် ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပုဂံဓာတ်ပုံပြပွဲ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရွှေချိန်စက်လှူဒါန်းပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက် ရွှေစင်ရွှေပြားများ ဥတုမရွေး ကြာရှည်ခိုင်မြဲရန် အဆင့်မြင့်နည်းပညာသုံး စက်ရုံငယ်တည်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပသော Supreme Group မှ ဆွစ်ဇာလန်နိုင်ငံထုတ် တန်ဖိုးငွေကျပ် ၃၈၅၀၀၀၀ ရှိ ရွှေချိန်စက် (Gold Balance & Printer)အား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သို့ လှူဒါန်းပွဲအား တက်ရောက်သည်။

လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်တွင် တစ်ပေပတ်လည် ရွှေစင်ပြားများ တာရှည်တည်တံ့ခိုင်မြဲစွာ ရွှေသက်န်းကပ်လှူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေပြားကြိတ်စက်ရုံကိုလည်း အမြန်ဆုံး လုံခြုံစိတ်ချစွာ ဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် အဓိကကျသောစက်ကို ပြည်တွင်း၌ ဒီဇိုင်းပြုလုပ်၍ ထုတ်လုပ်လှူဒါန်းခြင်းဖြစ်ပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။ လှူဒါန်းရသည့်အကြောင်းအရင်းနှင့်ပတ်သက်၍ Supreme Group မှ ဒေါက်တာစိန်မြင့်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လှူဒါန်းသည့် ရွှေချိန်စက်အတွက် ဂုဏ်ပြုမှတ်တမ်းကို ပြန်လည်ပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူများက ရွှေစင်ပြားစက်ရုံတည်ဆောက်ရေးအတွက် ဒီဇိုင်းရေးဆွဲပြီး စီစဉ်ဆောင်ရွက်နေပုံကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် အောက်ပစ္စယံတွင် ရွှေစင်ပြားစက်ရုံလုပ်ငန်း စတင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့်ပတ်သက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ရွှေစင်ရွှေပြား သင်္ကန်းတော်များကို ဥတုမရွေး ကြာရှည်ကျစ်လျစ်ခိုင်မြဲစေရန် အဆင့်မြင့် နည်းပညာကိုအသုံးပြု၍ ရွှေစင်ပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး အောက်ပစ္စယံတွင် လုံခြုံစိတ်ချစွာ စနစ်တကျတည်ဆောက်၍ ခေတ်မီနည်းစနစ်၊ စက်ကိရိယာများ အသုံးပြုကာ တာရှည်တည်တံ့ခိုင်မြဲသည့် ရွှေစင်ပြားများကို မကြာမီစတင်ထုတ်လုပ်၍ ကပ်လှူပူဇော်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရွှေစင်ပြားထုတ်လုပ်သည့်ကြိတ်စက်အား စက်မှုဝန်ကြီးဌာနက ခေတ်မီနည်းစနစ်ဖြင့် ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သယ်နင်းကျွန်း အမှတ်(၄) ပရိဘောဂစက်ရုံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း ၂၂ ရပ်ကွက်ရှိ မြန်မာ့သစ်လုပ်ငန်းပိုင် တောင်ဒဂုံ သစ်ဆိပ်သို့ ရောက်ရှိစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်နားခဲ့ပြီး နောက်ပိုင်း သစ်ဆိပ်မြေနေရာများတွင် Timber Industry Complex များ တည်ထောင်ရန် ဆောင်ရွက်ခြင်းသည် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ Timber Industry Complex တည်ထောင်ရာတွင် ပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ရာ သစ်ဆိပ်မြေနေရာ အသုံးပြုခွင့်အတွက် ခိုင်မာတိကျသော အထောက်အထားများပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် Investment Model များ ကြိုတင်လေ့လာထားရန်နှင့် နိုင်ငံနှင့် ပြည်သူလူထုအတွက် အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အတူ သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ အမှတ် ၁၀ သစ်စက်လမ်းပေါ်ရှိ ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။ ရုံးသစ်အဆောက်အအုံ၏ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးပြီး ရုံးအဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သယ်နင်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏအားကစားကွင်းအနီး မြန်မာ့သစ်လုပ်ငန်းပိုင် အမှတ် ၄ ပရိဘောဂစက်ရုံသို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဂိုဒေါင်အတွင်း သိမ်းဆည်းထားသော မြန်မာ့သစ်လုပ်ငန်းမှ ဆင်စွယ် ၂၀၂၈ ချောင်း (အလေးချိန် ၇၇၈၄ ကီလိုဂရမ်) သိုလှောင် ထိန်းသိမ်းထားသည့် ဂိုဒေါင်အား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အမှတ် ၄ ပရိဘောဂစက်ရုံနှင့် နဝလီစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်နေသော Golden Veneer ကုမ္ပဏီ၏ သစ်ပါးလွှာထုတ်လုပ်နေမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

ထူးကဲဒီရေ ဆက်လက်မြင့်တက်လာမှုကြောင့် သမ္မတ ကမ်းခြေရပ်ကွက်အတွင်းရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် တံတားချောင်းစံပြကျေးရွာ (၄)လမ်း၊ (၅)လမ်း၊ (၆)လမ်းများ၌ ရေအမြင့် သုံးပေနီးပါးခန့် မြင့်တက်လာကြောင်း ဒေသခံ ဦးတင်ရှိန်က ပြောသည်။ ထို့အတူ အုံ့ကြီးအရှေ့ရပ်ကွက်၌ ချောင်းဘေး၊ လမ်းသွယ်များနှင့် လမ်းမကြီးတစ်လျှောက်တွင် သုံးပေနီးပါးခန့် ရေဝင်ရောက်မှုရှိပြီး နေအိမ်များအတွင်းသို့လည်း ဒီရေဝင်ရောက်မှုများရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်က ပြောသည်။

ဒလမြို့နယ်အတွင်း ထူးကဲဒီရေမြင့်တက်မှုကြောင့် မြစ်ဝနှင့်နီးသော ခနောင်ချောင်းဝကျေးရွာအုပ်စု မြို့ပေါ်ရှိ သမ္မတကမ်းခြေရပ်ကွက် ၊ စံပြတံတားချောင်းကျေးရွာ၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ မြို့မ (၁)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်၊ မြို့မ(၃)ရပ်ကွက်၊ မြို့မ (၄)ရပ်ကွက်၊ ညောင်ကုန်းရပ်ကွက်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ စက်မြေရပ်ကွက်၊ မှော်စက်ရပ်ကွက်၊ ကမာကသွယ်ရပ်ကွက်၊ ကမာကဆစ်ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာရပ်ကွက်၊ ဆာပါချောင်းကျောင်းစုရပ်ကွက်၊ တာကြီးရပ်ကွက်တို့၌ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

○ မောင်တောမှ

ပို့များလာတယ်။ နောက်တစ်ခုကတော့ ရန်ကုန်နဲ့ ဧရာဝတီတိုင်းဒေသကြီးဘက်က ပို့တဲ့ ရေချိုငါးတွေ တင်ပို့မှုများလာတယ်။ ဒီအတွက်ကြောင့် မောင်တောကုန်သွယ်ရေးစခန်းအနေနဲ့ကတော့ လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ပါတယ်။ တစ်လထက်တစ်လ ပို့ကုန်တင်ပို့မှုအပိုင်းမှာ တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်”ဟု မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအေးက ပြောသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇူလိုင်လအတွင်း လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ မတ်ပဲ၊ ကုလားပဲ၊ မန်ကျည်းသီး၊ ချင်း(ဂျင်း)အစို၊ တညင်းသီး၊ နနွင်းနှင့် ဆီးသီးခြောက်၊ ရေထွက်ကုန်များဖြစ်သည့် ငါးသလောက်၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်နှင့် ငါးလေးခြောက်၊ သစ်တောထွက်ကုန်ပစ္စည်းဖြစ်သည့် ဝါးကြီးနှင့် စက်မှုကုန်ချောပစ္စည်းဖြစ်သည့် ဆီးယိုထုပ်၊ ကွေကာ၊ လုံချည်၊ ရေမွှေး၊ ဝက်ခြံပျောက်ခရင်၊ သနပ်ခါးခဲ၊ နေကြာစေ့၊ သကြားလုံးနှင့် ဆပ်ပြာတို့ကို တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၈၉၀၇ ဒသမ ၁၆၇ ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဩဂုတ် ၁၀ ရက်အထိ ပို့ကုန်တင်ပို့မှုအခြေအနေတွင် လယ်ယာထွက်ကုန်ပစ္စည်း လေးမျိုး၊ ရေထွက်ကုန်ပစ္စည်း လေးမျိုး၊ သစ်တောထွက်ကုန်ပစ္စည်း တစ်မျိုးနှင့် စက်မှုကုန်ချောပစ္စည်း တစ်မျိုးတို့ကို တင်ပို့ပြီးဖြစ်ကာ ပို့ကုန်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၃၃၀ ဒသမ ၃၈၄ ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဟိန်းထက်လင်း၊ မျိုးသူဟိန်း**

# မြောက်ဦးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မြောက်ဦး ဩဂုတ် ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဌေးအောင် ဦးဆောင်သောအဖွဲ့သည် ကျောင်းနေအရွယ်ကလေးများအား မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက မြောင်းဘွေ အထက အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက ကျောင်းသား ကျောင်းသူများအား မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများနှင့်ပတ်သက်ပြီး ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များတွင် ယာဉ်တိုက်မှုအန္တရာယ်မရှိစေရေးအတွက် လိုက်နာရမည့် စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသခဲ့သည်။

**မြောက်ဦး(ပြန်/ဆက်)**

# ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပသည့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ဒဏ်ခံခဲ့ရသော ဒေသများအမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေးအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်နိုင်ရေး ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းထားပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ ပြည်သူလူထုများ၊ လူမှု အဖွဲ့အစည်းများက ယခုလိုပူးပေါင်းဆောင်ရွက်မှုများ၊ လှူဒါန်းမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူ့ထံမှ ပြည်သူ့ဆီသို့ အလေအလွင့် မရှိစေဘဲ ရေဘေးသင့်ဒဏ်ခံခဲ့ရသောဒေသများသို့ ရောက်ရှိစေရန် အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။




အခမ်းအနားတွင် ရန်ကုန်-ယူနန် လူမှုကူညီရေးအသင်း(လှိုင်မြို့နယ်) အမျိုးသမီးအဖွဲ့က အလှူငွေကျပ်သိန်း ၂၀၀၊ Hydrodynamic Industrial (Myanmar) ကုမ္ပဏီကငွေကျပ် ၉၅ သိန်းတန်ဖိုးရှိ အသက်ကယ်အင်္ကျီနှင့် ဒဏ်ကြေလိမ်းဆေးများ၊ မေတ္တာပျိုးခင်းဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀၊ ရွှေပိုင်ထိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးရွှေထူးက ငွေကျပ် ၁၀ သိန်း၊ ၁၉၈၃-၁၉၈၈ ဆေးတက္ကသိုလ်(၂) ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၀ သိန်း၊ ဒေါက်တာ ဝင်းဆန်း၊ ဒေါက်တာ တင်ရတနာအောင်မိသားစုက ငွေကျပ် ငါးသိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ ရန်ပုံငွေ၊ တက္ကသိုလ်၊ ကောလိပ်များမှ လှူဒါန်းငွေများဖြင့် ကရင်ပြည်နယ် ရေဘေးသင့် ဒေသများတွင် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ (MOP) Emergency Grant ငြိမ်းချမ်းရေး သံတမန် အရေးပေါ် အသေးစားထောက်ပံ့မှု ရန်ပုံငွေနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ ဦးဆောင်၍ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဩဂုတ်၁၀ ရက်မှ စတင်ပြီး အရေးပေါ် ထောက်ပံ့ပစ္စည်းများ ဝယ်ယူကာ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ရေဘေးသင့်ဒေသများတွင် တက္ကသိုလ်ကင်းထောက်များက ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းကြသည်။

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ အရေးပေါ် အသေးစားထောက်ပံ့မှု ရန်ပုံငွေကျပ်သိန်း ၆၀နှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကင်းထောက်များ စုပေါင်းထည့်ဝင် လှူဒါန်း ငွေကျပ်သိန်း ၂၀ ကျော်ကို အရေးပေါ် ထောက်ပံ့ရေး ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကိတ်ခြောက်၊ ငါးသေတ္တာ၊ ရေသန့်ဘူး၊ ဆပ်ပြာ၊ ပန်းကန်၊ ဇွန်းများကို တက္ကသိုလ်၊ ကောလိပ်ကင်းထောက် လူငယ်များက ဒေသခံ ကျေးရွာ၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ နှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ၁၀ မိုင်အကွာရှိ ကရင်-ကော့ကျိုက်ရွာ၌ အခြေပြုစခန်းချကာ အနီးပတ်ဝန်းကျင်ရှိ ရေဘေးသင့်ဒေသများဖြစ်သော ကောကြီးရွာ၊ ပျော်ရာကုန်းရွာ၊ ကော့ဆိုင်တမင်ရွာ၊ ရွှေပြည်အေး ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ခြံကလေး ဘုန်းတော်ကြီး ပညာသင်ကျောင်း၊ ကော့နိုင်ခလုံကျောင်း၊ ကရင်-ကော့ကျိုက် ဘုန်းကြီးကျောင်း၊ ညောင်ကုန်း ပတ္တမြားကျောင်း၊ ကော့ကလွေ့ စိတ္တသုခကျောင်း၊ ရွှေပြည်အေး စံပြဘေးမဲ့ကျောင်းများမှ ဒေသခံ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများ စားရိက္ခာများထောက်ပံ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရေကြီးနစ်မြုပ်ခဲ့သည့် ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူမြောက်ဘက် အတွင်းရှိ ကျေးရွာများအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့ ဦးဆောင်၍ စေတနာရှင်များနှင့် ရန်ကုန်မြို့ ကျန်းမာရေး၊ ပညာရေးစောင့်ရှောင့်မှု အသင်းတို့က ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီမှစတင်ကာ စားရိက္ခာများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ သွားရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်ရှိ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်ယာများ၊ သီးပင်၊ စားပင်များနှင့် ရေတွင်း ရေကန်များ၊ ကော့ပတိုင်ကျေးရွာ၌ လယ်မြေဧက ၇၀ ကျော်ခန့်အပါအဝင် အခြားကျေးရွာများရှိ လယ်များနစ်မြုပ်လျက်ရှိကြောင်း၊ အဆိုပါ လယ်များ ထပ်မံရေမြုပ်နေပါက ပျက်စီးနိုင်သည့်အတွက် ပြန်လည်စိုက်ပျိုးရန် အခက်ကြုံရမည် ဖြစ်ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင် ဦးဆောင်ကာ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ လှူဒါန်းမှုများ၊ သူရိယသစ္စာမြတ်သဒ္ဒါ ပရဟိတအသင်းနှင့် အခြား ပရဟိတ အသင်းများက နတ်ကုန်း၊ ငှက်ပျောတော၊ ကော့ပတိုင်၊ ကျုံဖရဲ၊ အာလဝံကုန်း၊ ငနက်ပြာ၊ ပန်းကုန်းကျေးရွာများရှိ အိမ်ထောင်စု ၇၅၂ စုအတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ အသင့်စား ခေါက်ဆွဲခြောက်၊ ရေသန့်၊ ဆေးပြားများ၊ ခြင်ထောင်၊ စောင်နှင့် အဝတ်အထည်များကို သွားရောက် ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။



အလားတူ အဆိုပါအဖွဲ့နှင့်အတူ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗုဒ္ဓဝံသရက္ခိတအသင်းနှင့်အသောက ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှု အသင်းတို့က ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများသို့ လိုက်ပါကာ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အဖွဲ့မှ ဦးစိုးဦးက "ကရင်ပြည်နယ် ရေကြီးမှုအနေနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့က ထိုက်သင့်တဲ့ ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနေပြီဆိုတော့ ကျွန်တော်တို့ အဖွဲ့အနေနဲ့ စားရိက္ခာတွေ မကူညီတော့ဘဲ ကျန်းမာရေးစောင့်ရှောက်မှု အနေနဲ့ အခမဲ့ဆေးလာရောက်ကုသပေးခြင်း ဖြစ်ပါတယ်။ ရောဂါ ကြီးကြီးမားမားတော့ မတွေ့ရပါဘူး၊ ရေကြောင့်ဖြစ်တတ်တဲ့ အရေပြားကျန်းမာရေး အတွက် အများဆုံး ကုသပေးရပေမယ့် လိုအပ်တဲ့ ဆေးဝါး ကုသနိုင်ဖို့ အောက်ဆီဂျင်က အစ ဆေးဝါးပစ္စည်းအစုံပါလာပါတယ်"ဟု ပြောသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့မှ အာလဝံကုန်း ကျေးရွာနှင့် ပန်းကုန်းကျေးရွာတို့တွင် လူဦးရေ ၂၅၀ ကျော်ခန့်ကို အခမဲ့ ကျန်းမာရေး စောင့်ရှောက် ပေးခဲ့ပြီး ရေကြီးနစ်မြုပ်ခဲ့သည့် အခြား ကျေးရွာများတွင်လည်း ကျန်းမာရေး စောင့်ရှောက်မှု ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(မြန်/ဆက်)**

# ကရင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ သတင်းစာဆရာ အသင်း (MJA)မှ ဦးဆောင်၍ ဩဂုတ် ၁၂ရက်က ရေဘေးသင့် ဒေသများမှ ကရင်ပြည်နယ် ဘားအံမြို့နယ် အတွင်းရှိ ဖဲကတာကျေးရွာ အရောက် ကယ်ဆယ်ရေး ပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေး ခဲ့ကြောင်း သိရသည်။




"ကျွန်တော်တို့ အသင်းက သွားလှူဖို့ ရွေးချယ်ခဲ့တဲ့ နေရာက သွားလာရေးအနည်းငယ် ခက်ခဲပါတယ်။ အလှူရှင်တွေ အရောက်နည်းတဲ့ ဒေသကို ရွေးချယ်ပြီး အချိန်ပေးလာရောက် လှူဒါန်းရခြင်း ဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်က ကျွန်တော်တို့ နိုင်ငံသားတွေ သဘာဝဘေး ကျရောက်နေချိန်မှာ စာနာစိတ်နဲ့ အားပေးရင်း နိုင်သလောက် ထောက်ပံ့ပေးတာပါ"ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အထွေထွေ အတွင်းရေးမှူး ဦးသာဇော်က ပြောသည်။

အဆိုပါ ရေဘေးထောက်ပံ့မှု အစီအစဉ်ကို တစ်နိုင်ငံလုံးရှိ မြန်မာနိုင်ငံ သတင်းစာဆရာ အသင်းဝင်များ၏ အဓိက လှူဒါန်း ထည့်ဝင်ငွေနှင့် စေတနာရှင်များ ပူးပေါင်းပါဝင် လှူဒါန်းမှုဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဖဲကတာကျေးရွာ မှရေဘေးသင့် ပြည်သူများ အတွက် ငွေကျပ်သိန်း ၃၀ နှင့် ရေသန့်၊ စားသောက်ကုန်၊ အဝတ်အထည်နှင့်ဆေးဝါးများ စုစုပေါင်း လှူဒါန်းငွေ သိန်းတစ်ရာကို ရေဘေးသင့် ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

ရေဘေး ထောက်ပံ့ရေး အစီအစဉ်သို့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ဗဟို အလုပ် အမှုဆောင်များနှင့် အသင်းဝင် ၄၀ လိုက်ပါ လုပ်အားဒါနပြုခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# နန်နင်းကုန်စည်ပြပွဲသိကောင်းစရာ

စိုးသက်နောင်

မြန်မာနိုင်ငံမှ နှစ်စဉ် ပါဝင်တက်ရောက်ပြသလျက်ရှိသော နန်နင်းကုန်စည်ပြပွဲကို ယခုနှစ်တွင် စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုနှစ်ကျင်းပမှုမှာ (၁၅)ကြိမ်မြောက်ဖြစ်ပြီး တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးနှင့် အခြားဆက်စပ်အစည်းအဝေးများကို ပူးတွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**အရေးပါသောဒေသ**

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်မှာ ပထဝီအနေအထားအရ တရုတ်နိုင်ငံ တောင်ဘက်ပိုင်းတွင်တည်ရှိပြီး အာဆီယံနိုင်ငံများသို့ ပင်လယ်ရေကြောင်း ထွက်ပေါက်ရှိသည့် ပြည်နယ်ဖြစ်သည့်အပြင် ဗီယက်နမ်နိုင်ငံနှင့် ကုန်းနယ်နိမိတ်ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ထိပ်တန်း ၁၀ ပြည်နယ်စာရင်းဝင် သံမဟုတ်သော သတ္တုထုတ်လုပ်ရေးပြည်နယ်တစ်ခုဖြစ်ပြီး အလူမီနီယံ၊ မဂ္ဂနိစ်၊ သံဖြူ၊ ခနောက်စိမ်းနှင့် အင်ဒီယမ်ပေါကြွယ်ဝသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ပြည်နယ်၏မြို့တော်မှာ “Green City” ဟု လူသိများသော နန်နင်းမြို့ဖြစ်ပြီး မြို့ဧရိယာအကျယ်အဝန်းအားဖြင့် ၂၂၂၉၃ စတုရန်းကီလိုမီတာကျယ်ဝန်းကာ လူဦးရေ ၇ ဒသမ ၄ သန်းကျော် နေထိုင်လျက်ရှိပါသည်။ ကျွမ့်လူမျိုး ၅၆ ဒသမ ၃ ရာခိုင်နှုန်းကျော်နေထိုင်ပြီး အခြားလူမျိုးစု ၃၅ စု နေထိုင်လျက်ရှိပါသည်။

၂၀၀၄ ခုနှစ်မှစတင်၍ တရုတ်-အာဆီယံကုန်စည်ပြပွဲများကို နှစ်စဉ် လက်ခံကျင်းပလျက်ရှိသောကြောင့် အရှေ့တောင်အာရှနိုင်ငံများသာမက နိုင်ငံတကာ၌ပါ သိသာထင်ရှားသော မြို့တစ်မြို့လည်း ဖြစ်ပါသည်။ နန်နင်းမြို့သည် နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် သတင်းအချက်အလက်နည်းပညာများ စုဝေးရာမြို့တစ်မြို့လည်း ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အနောက်ပိုင်းတရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အရေးပါသောဒေသအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။




၂၀၁၇ ခုနှစ်တွင် နှစ်လိုဖွယ်မြို့အဖြစ် ပါဝင်ခဲ့သည့် တောင်ကြီးမြို့အကအဖွဲ့၏ ဖျော်ဖြေမှု။

ထို့အပြင် နန်နင်းမြို့သည် ကုလသမဂ္ဂ၏ လူနေမှုကောင်းမွန်စွာ ပြုပြင်ပြောင်းလဲမှုစံပြဆု၊ တရုတ်နိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကောင်းဆုံး ၁၀ မြို့ဆု၊ တရုတ်လူနေမှုပတ်ဝန်းကျင်ဆု၊ နိုင်ငံတော် ပန်းခြံမြို့တော်ဆု၊ တစ်နိုင်ငံလုံးတွင် အသန့်ရှင်းဆုံးမြို့ဆု၊ တစ်နိုင်ငံလုံးတွင် ပတ်ဝန်းကျင်အကောင်းမွန်ဆုံး ပြုပြင်ပြောင်းလဲမှုမြို့တော်ဆုနှင့် တစ်နိုင်ငံလုံးစိမ်းလန်းစိုပြည်လုပ်ငန်းတည်ဆောက်ခြင်း အကောင်းဆုံး ၁၀ မြို့ဆု စသည့်ဆုများသာမက တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်၌ ဂုဏ်သိက္ခာအရှိဆုံး လူမှုရေးဆုကြီးဖြစ်သည့် တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆုကိုလည်း ချီးမြှင့်ခံရသည့် မြို့လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ညီအစ်မမြို့တော် တည်ထောင်ထားသောမြို့လည်း ဖြစ်ပါသည်။

အဆိုပါနန်နင်းမြို့တွင် နှစ်စဉ်ကျင်းပနေသည့် ကုန်စည်ပြပွဲမှာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးမြှင့်တင်ပေးနေသည့် ပြပွဲဖြစ်သဖြင့် နှစ်စဉ် နိုင်ငံ့အကြီးအကဲများ တက်ရောက်လေ့ရှိပါသည်။ ကုန်စည်ပြပွဲပေါ်ပေါက်လာရခြင်းမှာ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် တရုတ်-အာဆီယံ (၁၀+၁) ခေါင်းဆောင်များထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်မှ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေတည်ဆောက်ရေးကို အထောက်အကူပြုရန်အတွက် စတင်အဆိုပြုခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ တညီတညွတ်တည်း သဘောတူညီမှုကြောင့် ၂၀၀၄ ခုနှစ်မှစတင်၍ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် စတင်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံ ၁၀ နိုင်ငံရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၅ ကြိမ်မြောက်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ပါဝင်ပြသရောင်းချ**

ယခုနှစ်တွင်ကျင်းပမည့် (၁၅)ကြိမ်မြောက် ကုန်စည်ပြပွဲတွင် အာဆီယံနိုင်ငံများမှ အစားအသောက်နှင့် အဖျော်ယမကာ၊ လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးထွက်ကုန်နှင့် အခြားကုန်ကြမ်းပစ္စည်းများ ဝင်ရောက်ပြသရန် သတ်မှတ်ထားပြီး အခြားနိုင်ငံများမှ အစားအစာ၊ လူသုံးကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပြသရန် သတ်မှတ်ထားပါသည်။ တရုတ်နိုင်ငံအနေဖြင့် နည်းပညာမြင့် စက်ပစ္စည်းနှင့် မော်တော်ယာဉ်များ၊ စားသောက်ကုန် ပြုပြင်ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စွမ်းအင်သစ်သုံးပစ္စည်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများ ပါဝင်ပြသသွားမည်ဖြစ်ပြီး အီလက်ထရွန်နစ် စက်ပစ္စည်းများအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ smart software၊ smart household appliances၊ consumer electronic ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးတံခါးများ၊ ပြတင်းများ၊ နံရံများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ ပါဝင်ပြသရောင်းချသွားမည်ဖြစ်ပါသည်။

နန်နင်းကုန်စည်ပြပွဲ ကျင်းပနေစဉ်အတွင်း အခြားဆက်စပ်ကုန်စည်ပြပွဲများ၊ ဖိုရမ်များကိုလည်း တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဖိုရမ်များသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာနယ်ပယ်အလိုက် တာဝန်ရှိသူများ တက်ရောက်နိုင်ရန်အတွက်လည်း ဖိတ်ကြားစာများ ပေးပို့ပြီးဖြစ်ပါသည်။ ကုန်စည်ပြပွဲ ကျင်းပမည့်နေရာ Nanning International Convention and Exhibition Center (NICEC) အဆောက်အအုံအတွင်း ပြခန်းများခင်းကျင်းနိုင်မည့် အကျယ်အဝန်းမှာ စတုရန်းမီတာပေါင်း ၁၀၀၄၀၀ ကျယ်ဝန်းပြီး ပါဝင်မည့်နိုင်ငံများမှ လုပ်ငန်းရှင်များအနေဖြင့် မိမိလိုအပ်သည့် အကျယ်အဝန်းနှင့် ပြခန်းအရေအတွက်ကို သက်ဆိုင်ရာနိုင်ငံအလိုက် ကုန်သွယ်ရေးဦးစီးဌာနများမှတစ်ဆင့် ငှားရမ်းနိုင်မည်ဖြစ်ပါသည်။

နှစ်စဉ်ကျင်းပနေသည့် နန်နင်းကုန်စည်ပြပွဲတွင် နိုင်ငံအလိုက် Country of Honor ကို တစ်နှစ်လျှင် တစ်နိုင်ငံအလှည့်ကျ တာဝန်ယူရရာ ယခုနှစ်အတွက် ကမ္ဘောဒီးယားနိုင်ငံမှ ဆောင်ရွက်မည်ဖြစ်ပါသည်။ စတုတ္ထအကြိမ်မြောက် ကုန်စည်ပြပွဲမှ စတင်၍ Country of Honor ကို စတင်မိတ်ဆက် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်္ဂလိပ်အက္ခရာစဉ်အတိုင်း အာဆီယံနိုင်ငံများမှ အလှည့်ကျဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် Country of Honor အဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် Special Guest Country ကိုလည်း ၁၁ ကြိမ်မြောက် ကုန်စည်ပြပွဲမှစတင်၍ မိတ်ဆက်ဖိတ်ကြားခဲ့ရာ နှစ်အလိုက် တက်ရောက်ခဲ့သောနိုင်ငံများမှာ ၂၀၁၄ ခုနှစ်တွင် ဩစတြေးလျ၊ ၂၀၁၅ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် သီရိလင်္ကာနှင့် ၂၀၁၇ ခုနှစ်တွင် ကာဇက်စတန်နိုင်ငံတို့မှ ပါဝင်တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် Special Guest Country အဖြစ် တန်ဇန်းနီးယားနိုင်ငံမှ နိုင်ငံတော်အဆင့်အကြီးအကဲတစ်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ပါဝင်တက်ရောက်သွားမည် ဖြစ်ပါသည်။

**တိုးမြှင့်တည်ဆောက်နိုင်**

နန်နင်းကုန်စည်ပြပွဲတွင် နှစ်အလိုက် နှစ်လိုဖွယ်မြို့ Cities of Charm ကိုလည်း ဒုတိယအကြိမ် ကုန်စည်ပြပွဲမှစတင်၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ မြို့များအကြား ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးထူထောင်နိုင်ရန်နှင့် အချင်းချင်းချိတ်ဆက် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထည့်သွင်းခင်းကျင်း ပြသခဲ့ပါသည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ နှစ်လိုဖွယ်မြို့အဖြစ် ကွမ်ရှီးကျွမ့်ပြည်နယ်ရှိ ပေ့ဟိုင်မြို့ကို သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် ဘားအံမြို့မှ နှစ်လိုဖွယ်မြို့ Cities of Charm အဖြစ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဆိုပါမြို့များအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်အလိုက်ပါဝင်ပြသခဲ့သည့် နှစ်လိုဖွယ်မြို့များနှင့် ပါဝင်ခဲ့သည့် ရည်ရွယ်ချက်များကို ဇယားတွင် တွေ့မြင်နိုင်သည်။

| စဉ် | ပြပွဲကျင်းပသည့်နှစ် | ပြပွဲရည်ရွယ်ချက် | ပါဝင်ခဲ့သည့်မြို့အမည် |
|---|---|---|---|
| ၁။ | ပထမအကြိမ်(၂၀၀၄) | (နှစ်လိုဖွယ်ကောင်းသောမြို့ မစတင်သေးပါ။) | |
| ၂။ | ဒုတိယအကြိမ်(၂၀၀၅) | စီးပွားရေးအချက်အချာမြို့ | မန္တလေး |
| ၃။ | တတိယအကြိမ်(၂၀၀၆) | ကမ္ဘာလှည့် ခရီးသွားမြို့ | ပုဂံ |
| ၄။ | စတုတ္ထအကြိမ်(၂၀၀၇) | ဆိပ်ကမ်းမြို့ | ရန်ကုန် |
| ၅။ | ပဥ္စမအကြိမ်(၂၀၀၈) | သတင်းအချက်အလက်နှင့် နည်းပညာမြို့ | ရတနာပုံ |
| ၆။ | ဆဋ္ဌမအကြိမ်(၂၀၀၉) | ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးမြို့ | မူဆယ် |
| ၇။ | သတ္တမအကြိမ်(၂၀၁၀) | တရုတ်နိုင်ငံနှင့် အာဆီယံဒေသတွင်းနိုင်ငံများ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးမြို့ | မန္တလေး |
| ၈။ | အဋ္ဌမအကြိမ်(၂၀၁၁) | ပတ်ဝန်းကျင်ထိန်းသိမ်းမှုပူးပေါင်းဆောင်ရွက်ရေးမြို့ | နေပြည်တော် |
| ၉။ | နဝမအကြိမ်(၂၀၁၂) | သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးမြို့ | ရတနာပုံဆိုက်ဘာစီးတီး |
| ၁၀။ | ဒသမအကြိမ်(၂၀၁၃) | ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းသစ်၊ တွန်းအားအသစ်နှင့် အခြေအနေသစ်များ | ကျောက်ဖြူ |
| ၁၁။ | ဧကာဒသမအကြိမ်(၂၀၁၄) | တရုတ်-အာဆီယံ ဆိပ်ကမ်းမြို့များအကြား ရေကြောင်းဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ၂၁ ရာစု ရေကြောင်းပိုးလမ်းမတည်ဆောက်ရေး | ရန်ကုန် (သီလဝါ) ဆိပ်ကမ်း |
| ၁၂။ | ဒွါဒသမအကြိမ်(၂၀၁၅) | ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ တည်ထောင်ရန်၊ ရေကြောင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံချက်အသစ်ထွက်ပေါ်လာစေရန် | ထားဝယ် |
| ၁၃။ | (၁၃)ကြိမ်မြောက်(၂၀၁၆) | ၂၁ ရာစု ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြရန် | မော်လမြိုင် |
| ၁၄။ | (၁၄)ကြိမ်မြောက်(၂၀၁၇) | ၂၁ ရာစု ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် ခရီးသွားကဏ္ဍမှတစ်ဆင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် | တောင်ကြီး |
| ၁၅။ | (၁၅)ကြိမ်မြောက်(၂၀၁၈) | One Belt One Road | ဘားအံ |

နန်နင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ နှစ်စဉ်ပါဝင်ပြသနိုင်ခဲ့မှုများအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိနေဆဲဖြစ်ပါသည်။ ပထမဆုံးအကြိမ် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၂၈ ခုမှ လူဦးရေ ၆၈ ဦးဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာငါးသောင်းကျော်ဖိုးသာ ဝင်ရောက်ပြသနိုင်ခဲ့ပါသည်။ တန်ဖိုးအားဖြင့် အများဆုံး ပါဝင်ပြသနိုင်ခဲ့သည့်နှစ်မှာ ၂၀၀၆ ခုနှစ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက်ကုန်စည်ပြပွဲတွင်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ သန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ကုမ္ပဏီများ အများဆုံး ဝင်ရောက်ပြသခဲ့သည့်နှစ်မှာ ၂၀၀၇ ခုနှစ် စတုတ္ထအကြိမ် ကုန်စည်ပြပွဲတွင်ဖြစ်ပြီး ကုမ္ပဏီစုစုပေါင်း ၁၆၈ ခု ပါဝင်ပြသခဲ့ပါသည်။

ကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံမှ ထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများထံ တင်ပို့ရောင်းချနိုင်ရေးအတွက် မိတ်ဖက်များ ရှာဖွေနိုင်ခြင်း၊ အခြားနိုင်ငံများမှ ထုတ်ကုန်များကို လေ့လာနိုင်ခြင်း၊ လိုအပ်ပါက ချိတ်ဆက်ဝယ်ယူနိုင်ခြင်း၊ တရုတ်နှင့် အာဆီယံနိုင်ငံများသို့ မိမိနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ သွားရောက်ပြုလုပ်နိုင်ရေးအတွက် မိတ်ဖက်ရှာဖွေနိုင်ခြင်းနှင့် မိမိနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံစေရေးအတွက် ဆွဲဆောင်နိုင်ခြင်း၊ လူသုံးကုန်နှင့် အခြားဝန်ဆောင်မှုများ အပြန်အလှန်ဖလှယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အခြားဆက်စပ်အစည်းအဝေးများ၊ ဖိုရမ်များ တက်ရောက်ခြင်းဖြင့် အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ နည်းလမ်းများ ရှာဖွေနိုင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်မှုများ ပြုလုပ်နိုင်ခြင်း စသည့် အကျိုးအမြတ်များကို လက်ငင်းရရှိပြီး နိုင်ငံအနေဖြင့် ပြည်တွင်းထုတ်ကုန်များ ပြည်ပဈေးကွက် ရှာဖွေနိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မည့် နေရာတစ်ခုဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

# ချစ်ကြည်ရေးမှသည် ငြိမ်းချမ်းသော ကမ္ဘာကြီးဆီသို့

## တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ယနေ့ကမ္ဘာကြီးမှာ "ချစ်ကြည်ရေး" သည် လွန်စွာမှအရေးကြီးလေသည်။ ချစ်ကြည်မှငြိမ်းချမ်းမည်၊ မချစ်ကြည်ကရန်စောင်ကြမည်။ အစဉ်မသင့်ပါက ကမ္ဘာကြီးပြာကျသွားနိုင်သည်။ ချစ်ကြည်ရေးဆိုသည်နှင့် အနုပညာကဏ္ဍသည် မပါလျှင်မပြီး။ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆွေ (တေးသံရှင် ကိုကျော်ဆွေ)က ချစ်ကြည်ရေးကပွဲတစ်ပွဲ ကြည့်ရှုအားပေးရန် ဖိတ်ကြားလာသည့်အတွက် ပီတိဖြစ်ရပြန်သည်။ ဖေဖော်ဝါရီ ၆ ရက် ညက ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသော မြန်မာ-ထိုင်းသံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့်အထိမ်းအမှတ်ကပွဲ။

**ရာမာယဏ**

"ရာမာယဏ"သည် ဟိန္ဒူဘာသာမှ ဆင်းသက်လာသော ဇာတ်တော်ကြီးဖြစ်ပြီး အာရှ အရှေ့တောင်ပိုင်းနိုင်ငံများတွင် လူသိများသည့် ရာမဇာတ်သည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း(ယိုးဒယား)နှင့် မြန်မာနိုင်ငံတို့တွင် သဘင်ပညာဖြင့် သရုပ်ဖော်ကပြကြသည်။ နိုင်ငံအလိုက်ကျွမ်းကျင်သည့် ရိုးရာပုံစံဖြင့် ကပြကြသည့်အတွက် အနည်းငယ်ကွဲလွဲမှုရှိသော်လည်း ဇာတ်လမ်းကျောရိုးသည် အတူတူပင်ဖြစ်သည်။

ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် အေဒီ ၁၇၆၇ ခုနှစ်တွင် အယုဒ္ဓယမြို့ကို ချီတက်သိမ်းပိုက်ပြီးနောက် ယိုးဒယားသဘင်သည်များ မြန်မာနိုင်ငံသို့ ပါရှိလာခဲ့သည်။ အေဒီ ၁၇၈၉ ခုနှစ်တွင် ယိုးဒယားသဘင်သည်များနှင့် မြန်မာသဘင်သည်များပူးပေါင်း၍ ရာမဇာတ်ကို "နန်းတွင်းပြဇာတ်တော်ကြီး" အဖြစ် ကပြခဲ့ရာ တစ်ကြိမ်လျှင် ၄၅ ညမှ ၆၅ ညအထိ ကပြကြရသည်။ သီပေါမင်း ပါတော်မူပြီးနောက် ယိုးဒယားသဘင်သည်များ စားဝတ်နေရေးခက်ခဲလာသည့်အတွက် သီပေါ တော်ဘုရားလေးသည် ယိုးဒယားသဘင်သည်များကို မန္တလေးမှ သီပေါသို့ ပြောင်းရွှေ့စေပြီး ထောက်ပံ့ထားခဲ့သည်။ ထို့နောက် "ရာမာယဏ" ဇာတ်တော်ကြီးကို သီပေါဟော်နန်း၌ ကပြစေခဲ့ရာ တစ်ခါကလျှင် ၄၇ ည ကပြကြရသည်။

**သီရိရာမ**

"သီရိရာမ" ဇာတ်အဖွဲ့ကို ဦးဆောင်သူတစ်ဦးဖြစ်သည့် အဏ္ဏဝါဦးခင်ရွှေနှင့် ရှာစားဆိုင်း သီရိမောင်မောင်တို့၏ ပြောပြချက်အရ မင်းတုန်းမင်းခေတ် မြင်ကွန်းမြင်းခုံတိုင် အရေးအခင်းကြောင့် နန်းတွင်းရာမဇာတ်အဖွဲ့ဝင်အချို့ မြန်မာပြည်အောက်ပိုင်းသို့ စုန်ဆင်းခဲ့ကြရာ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ရန်ကုန်စသည် မြို့ကြီးများတွင် အခြေချနေထိုင်ခဲ့ကြသည်။ ထိုအဆက်အစပ်များကြောင့်ပင် ညောင်တုန်းရာမ၊ ဖျာပုံရာမ၊ ရေကျော်ရာမ၊ အိုးဘိုရာမ၊ စကော့ဈေးရာမ၊ အနောက်ရာမ၊ သီရိရာမ၊ ကြည့်မြင်တိုင်ရာမ၊ ဗိုလ်တထောင်ရာမ၊ စဉ့်အိုးတန်းရာမ၊ ယဉ်ကျေးမှုကဇာတ်ရာမစသည်ဖြင့် အသီးသီးပေါ်ထွက်လာကြသည်။ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများတွင်လည်း ရာမဇာတ်အဖွဲ့များအကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထိုင်းတို့သည် "ရာမဇာတ်" ကို KHON ပြဇာတ်ဟုခေါ်သည်၊ ဘဲလေးပုံစံမျက်နှာဖုံးစွပ်အကအဖြစ် တင်ဆက်သည်။ ထိုင်းတို့သည် ထိုဇာတ်တော်ကြီးကို ထိုင်းနိုင်ငံ၏ ဘုရင်နှင့် တော်ဝင်အခမ်းအနားတို့၌သာ ကပြရန် ရည်ရွယ်ခဲ့သည်။ ယခုအခါ နိုင်ငံတကာသို့ လှည့်လည်ကပြလျက်ရှိသည်။ ထိုင်းတို့ဘက်မှ "တော်ဝင်အကအဖွဲ့"မှ ကပြသလို မြန်မာဘက်မှလည်း အနုပညာဦးစီးဌာန ကျွမ်းကျင်ပညာရှင်များ ပါဝင်ကပြကြသည်။

**အခန်း(၁)ဇာတ်တော်ကြီးအဖွင့်**

ဖန်ဆင်းရှင်များ နေထိုင်ရာ ကောင်းကင်ဘုံတွင် မကောင်းဆိုးရွားနတ်ဘီလူး (Nonthuk) ၏ တာဝန်မှာ ဖန်ဆင်းရှင်များကို ဝတ်ပြုသည့်နတ်များအား ခြေဆေးပေးရန်ဖြစ်သည်။ နတ်များသည် အလုပ်ဂုဏ်သိမ်ငယ်သည့် နတ်ဘီလူးကိုအလေးမထား။ ထို့ပြင် အနိုင်ကျင့်နှိပ်စက်ကြပြန်သည်။ နတ်ဘီလူးသည် နတ်များကို နာကြည်းသည့်အတွက် ကလဲ့စားချေရန် ဖန်ဆင်းရှင် Shiva (သီဝ)ထံ အသနားခံရင်း စိန်တပ်ဆင်ထားပြီး မှော်စွမ်းအားရှိသည့် လက်ချောင်းတစ်ချောင်း ဖန်ဆင်းပေးရန် တောင်းဆိုခဲ့သည်။ ထိုလက်ချောင်း လက်နက်ရရှိသည့်အခါ နတ်ဘီလူးသည် သူ့အပေါ် ဗိုလ်ကျအနိုင်ကျင့်ခဲ့သည့် နတ်များကို ကလဲ့စားချေသတ်ဖြတ်ခဲ့သည်။ ထိုအခါ ဖန်ဆင်းရှင် Vishmn(ဗိဿနိုး)သည် နတ်ဘီလူး၏လုပ်ရပ်ကိုမနှစ်မြို့။ အလှဆုံးမိန်းကလေးအသွင် ဖန်ဆင်းပြီး မာယာသုံးကာ နတ်ဘီလူး၏ ပေါင်ကိုရိုက်ချိုးလိုက်သည်။ နတ်ဘီလူး အခဲမကျေ။ နောင်ဘဝ ခေါင်းဆယ်လုံး၊ လက်အချောင်း၂၀ ပါသော နတ်ဘီလူးဘဝကိုရရှိပြီး ဗိဿနိုးကို လက်စားချေရပါလို၏ဟု ဆုတောင်းသည်။ ဗိဿနိုးကလည်း နတ်ဘီလူးကို တစ်ဖန်ပြန်လည်အနိုင်ရယူနိုင်မည့် သာမန်အညတရလူသားဖြစ်ရပါလို၏ဟု ဆုတောင်းသည်။

**အခန်း(၂)လေးတော်တင်ခန်း**

လေးတော်တင်ခန်းကို မြန်မာအဖွဲ့မှကပြသည်။ မိတ္ထီလာပြည့်ရှင်၏ သမီးတော် သီတာဒေဝီအတွက် ကြင်ယာတော် ရွေးပွဲမှာ လေးတော်တင်ခန်းပါရှိသည်။ ခုနစ်ပြည်ထောင် မင်းသားများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ သီတာဒေဝီပုံပါရှိသည့် ဖိတ်ကြားလွှာတစ်စောင်ကို ဒဿဂီရိဘီလူးက ရရှိပြီး ဒဿဂီရိဘီလူးသည် ထိုဖိတ်ကြားလွှာကိုင်လျက် ဝင်ရောက်ယှဉ်ပြိုင်သည်။ မင်းသားများလေးတော်ကိုပင် ကြွအောင် မ နိုင်ခြင်းမရှိ။ ဒဿဂီရိဘီလူးလေးတော်ကို နှစ်ကြိမ်တိုင် မ နိုင်ခဲ့သော်လည်း ညို့ကြိုးကို ဆွဲငင်နိုင်စွမ်းမရှိ။ လက္ခဏသည် လေးတော်ကို အလွယ်တကူ မ နိုင်၊ ပစ်ခတ်နိုင်စွမ်းရှိသော်လည်း နောင်တော်ရာမကို ဦးစားပေးသည့်အနေဖြင့် အလျှော့ပေးခဲ့သည်။

ရာမမင်းသည် လေးတော်ကို အလွယ်တကူ မ ယူ ပစ်ခတ်နိုင်ခဲ့သည့်အတွက် အောင်ပွဲခံပြီး သီတာဒေဝီကို သိမ်းပိုက်နိုင်ခဲ့သည်။ လေးတင်ပွဲအတွက် ဆက်တင်အခမ်းအနား၊ အပြင်အဆင်၊ ဒဿဂီရိကောင်းကင်ယံမှ ရထားပျံနှင့် ဆင်းသက်လာပုံ၊ တန်ခိုးပြပြီး ဝင်ရောက်ယှဉ်ပြိုင်ပုံ၊ အဖွဲ့သားများ ဝတ်စားဆင်ယင်ပုံ၊ ခန့်ညားထည်ဝါပြီး ကျက်သရေရှိလှသော မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ဇာတ်ကွက်အစမှအဆုံးတိုင် နောက်ခံတီးလုံးများ ဖန်တီးပံ့ပိုးသွားပုံ၊ ကဇာတ်ပညာရှင်များ၏ ဘဲလေးအကအလှဖြင့် ဇာတ်ကွက်ဖော်ဆောင်သွားပုံတို့မှာ ကြည့်မဝနိုင်လောက်အောင် အနှစ်အသားပါလှသည်။ စာရေးသူသည် လေးတော်တင်ခန်း၌ အာရုံနစ်မျောနေစဉ် အတွေးတို့သည် "မြန်မာရာမ"ဇာတ်အဖွဲ့နှင့်အတူ နိုင်ငံတကာသို့ လှည့်လည်ကပြလျက်ရှိသည်။

**အခန်း(၃) သီတာဒေဝီကို ဒဿဂီရိအဓမ္မခေါ်ဆောင်ခန်း**

Godaveri မြစ်အနီးရှိ တောအုပ်ကြီးအတွင်းဝယ် သီတာဒေဝီ၏ အလှမှာ နစ်မျောရင်း အရူးအမူးဖြစ်ခဲ့ရသည့် အချစ်လူကြမ်းကြီး Tosakath (ဒဿဂီရိ) ဘီလူးမင်းသည် မောဟဖုံးနေသည့်အတွက် မှားသည်၊ မှန်သည်၊ တရားသည်၊ မတရားသည် သူမသိ။ သီတာဒေဝီကိုရဖို့သာ အဓိက။ သီတာဒေဝီကို ရသေ့ကျောင်းသင်္ခမ်းမှ အဝေးသို့ သွေးဆောင်ဖြားယောင်းခေါ်ဆောင်သွားရန် ကြံသည့် ဦးရီးတော် Marect ကို မှော်ပညာအစွမ်းသုံးပြီး ရွှေသမင်အဖြစ် ဖန်ဆင်းပေးရန် တောင်းဆိုခဲ့သည်။ ရွှေသမင်အတုကို အစစ်မှတ်ပြီး သီတာဒေဝီသည် ထိုရွှေသမင်ကို မရလျှင်မနေနိုင်၊ ကြင်ရာတော်ရာမအား ရွှေသမင်ဖမ်းပေးရန် မရမကတောင်းဆိုသည်။ ရာမသည် ဘုန်းတန်ခိုးရှိသူဖြစ်၍ ရွှေသမင်သည် အတုဖြစ်ကြောင်းသိသည်။ သို့ဖြစ်၍ ရွှေသမင်ကို မြားဖြင့်ပစ်ခတ်ခဲ့ရာ မြားဒဏ်သင့်ပြီး သမင်ယောင်ဆောင်ထားသော ဒဿဂီရိက ရာမအသံကိုတု၍ အော်ဟစ်ငိုကြွေးသည်။ သီတာဒေဝီသည် ထိုလှည့်ကွက်ကိုမသိ။ ကြင်ရာတော်ရာမကို ကယ်တင်ပေးရန် လက္ခဏကို အသနားခံသည်။ လက္ခဏသည် သီတာဒေဝီကို စောင့်ရှောက်ရန် တာဝန်ပေးထားသည့် နောင်တော်ရာမအမိန့်ကို ဖီဆန်ရန် မဝံ့သော်လည်း လက်ရှိဖြစ်ပျက်နေသည့် သီတာဒေဝီ၏ သောက၊ ဒုက္ခကို မကြည့်ရက်နိုင်။ သီတာဒေဝီနားမှ နောင်တော်ရာမကို ကယ်တင်ရန် ထွက်ခွာသွားလေသည်။ ထိုအခိုက် ဒဿဂီရိသည် ရသေ့အသွင်ပြောင်းကာ ရောက်လာပြီး သူ၏ကျွန်းမြို့တော် Langka သို့ သီတာဒေဝီကို အတင်းအဓမ္မခေါ်ဆောင်သွားခဲ့သည်။ လမ်းတစ်လျှောက် သီတာဒေဝီက သူ့ကိုခေါ်ဆောင်သွားသည့် လမ်းကြောင်းကို မောင်တော်ရာမ သိစေရန် အမှတ်အသားအဖြစ် သူ၏ ပဝါကိုပစ်ချထားခဲ့သည်။

**အခန်း(၄) ရာမ၊ လက္ခဏနှင့် ဒဿဂီရိတို့တိုက်ပွဲ**

နှစ်ဖက်စလုံးမှ စစ်သည်များ စစ်မြေပြင်သို့ရောက်ရှိပြီး ပထမအဆင့် စစ်သားများ တိုက်ခိုက်ကြသည်။ ဒုတိယအဆင့် ရာမ၊ လက္ခဏနှင့် ဒဿဂီရိတို့ အကြိတ်အနယ် သတ်ပုတ်တိုက်ခိုက်ကြသည်။ အထူးလေ့ကျင့်ထားသော၊ ကျွမ်းကျင်ပိုင်နိုင်သော ထိုင်းအနုပညာရှင်များ၏ ပေါင်၊ ခြေထောက်နှင့် ပခုံးတို့ဖြင့် ဟန်ချက်ညီညီ လှုပ်ရှားကပြသွားပုံတို့မှာ ရင်သပ်ရှုမောအံ့သြဖွယ်ရာအဖြစ် မြင်တွေ့ကြရသည်။ "ရာမာယဏ" ဇာတ်တော်ကြီးကို အစအဆုံး တင်ဆက်ကပြရမည်ဆိုက အချိန်တိုဖြင့်မရနိုင်၊ ရသမျှအချိန်ကိုလု၍ အကောင်းဆုံးဖြစ်အောင် တင်ဆက်ကပြသွားကြသည်။

အနုပညာသည် ဖျော်ဖြေရုံသက်သက်မဟုတ်။ လွန်စွာမှစွမ်းအားကြီးမားသည်။ သုံးတတ်လျှင်အကျိုးထူးပါ၏။ အနုပညာသည် ချစ်ကြည်ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် လက်နက်ကောင်းတစ်ခု။ ချစ်ကြည်ရေးမှသည်ငြိမ်းချမ်းသော ကမ္ဘာကြီးဆီသို့ ကျွန်ုပ်တို့ကမ္ဘာသူ ကမ္ဘာသားအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ ချီတက်ကြပါစို့။ ။

❑ အနုပညာသည် ဖျော်ဖြေရုံသက်သက်မဟုတ်။ လွန်စွာမှစွမ်းအားကြီးမားသည်။ သုံးတတ်လျှင် အကျိုးထူးပါ၏။ အနုပညာသည် ချစ်ကြည်ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် လက်နက်ကောင်းတစ်ခု။

❑ ချစ်ကြည်ရေးမှသည် ငြိမ်းချမ်းသောကမ္ဘာကြီးဆီသို့ ကျွန်ုပ်တို့ ကမ္ဘာသူ ကမ္ဘာသားအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ ချီတက်ကြပါစို့။

# ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုး



**ပဲခူး ဩဂုတ် ၁၂**

ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု အကျဉ်းဦးစီးဌာန မိုးစပါးစိုက်ကွင်းတွင် ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများ၌ မိုးစပါး ပြန်လည်စိုက်ပျိုးခြင်း အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာများက မယင်းကျေးရွာအနီးရှိ အကျဉ်းဦးစီးဌာနပိုင် မိုးစပါးစိုက်ကွင်းအတွင်း စပါးမျိုးများ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးဧက ၄၃ ဧက ပျက်စီးသွားပြီး အရန်ပျိုး(ဆင်းသုခမျိုး)ဖြင့် ၁၈ ဧက ပြန်လည်စိုက်ပျိုးထားရှိပြီး ဖြစ်သည်။ မစိုက်ပျိုးရသေးသော စိုက်ကွက်ဧကများအား စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ချကိရိယာဖြင့် ၁၅ ဧက၊ ပျိုးသက်နုဖြင့် ၁၀ ဧက စုစုပေါင်း ၂၅ ဧကကို ပြန်လည်စိုက်ပျိုးပေးခြင်း ဖြစ်သည်။

အဆိုပါရေကြီးနစ်မြုပ်ပျက်စီးသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးခြင်းကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ စက်ကိရိယာများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၆ ရက်အထိ ကျေးရွာအုပ်စု ၆၄၂ အုပ်စုမှ တောင်သူပေါင်း ၉၈၆၆၀ ၏ မိုးစပါးစိုက်ဧက ၉၄၂၃၁၄ ဧက၊ အခြားစိုက်ဧက ၂၇၇၂ ဧက စုစုပေါင်း ၄၉၆၁၉၆ ဧက ရေလွှမ်းခဲ့သည်။

ရေများပြန်လည်ကျဆင်းသွားချိန်တွင် ပြန်ပေါ်ဧက ၂၀၂၅၉၇ ဧက၊ ရေလွှမ်းဆဲဧက ၂၉၃၅၉၉ ဧက၊ ထိခိုက်ဧက ၈၆၀၆၆ ဧက၊ ပျက်စီးဧက ၅၇၇၁၅ ဧကနှင့် ပြန်လည်စိုက်ပျိုးပြီးဧက ၃၉၂၁၂ ဧက ဖြစ်ကြောင်းနှင့် ပဲခူးမြို့နယ်အတွင်းတွင်လည်း ရေလွှမ်းဧက ၂၅၅၀၀ ကျော်၊ ထိခိုက် စိုက်ပျိုးပြီး ဧက ၁၀၀၀ ကျော်ရှိ ပျက်စီးဧက ၆၇၀၀ ကျော်၊ ပြန်လည် ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လူငယ်နှင့်ပရဟိတ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၂**

စစ်ကိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည့် လူထုအခြေပြုဗဟိုဌာနတွင် "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ သုခကာရီအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ သင်တန်းသူများ၊ လူငယ်များ တက်ရောက်ကြသည်။

**ပါဝင်ဆွေးနွေး**

စကားဝိုင်းဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ပရဟိတလုပ်ငန်းကို ရှေ့လူ၊ နောက်လူ မခွဲခြားဘဲ ပရဟိတစိတ်ဓာတ်ကို အခြေခံကာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ စာရေးဆရာ ရဲသျှမ်းက လူတိုင်းအပေါ်မှာ မေတ္တာထားကာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ စာရေးဆရာ အမောင်(ပုဂံ)က လူကြီးနှင့်လူငယ် စေ့စပ်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ သုခကာရီလူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ငယ်ရွယ်စဉ်အချိန်မှစ၍ နူးညံ့သိမ်မွေ့သော စိတ်မွေးပြီး ပရဟိတစိတ်များ ကိန်းအောင်းလာနိုင်အောင် ကလေးများအား ပြုစုပျိုးထောင်ရေးအတွက် လည်းကောင်း ပါဝင်ဆွေးနွေးကြပြီး စာရေးဆရာ ဇော်နောင်ထွန်းက ပရဟိတအသင်းများ တိုးပွားလာမှုနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

**အလေ့အထဖြစ်အောင်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**(ယာပုံ)**က ပြည်သူ့စကားဝိုင်းများတွင် ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပွင့်ပွင့်လင်းလင်းနှင့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆွေးနွေးရာတွင် တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းကို ထိခိုက်ပြောဆိုခြင်းများအား ရှောင်ရှားပြီး ယဉ်ကျေးစွာဖြင့် ဆွေးနွေးပွဲအောင်မြင်ပြီးမြောက်အောင် ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ယခုစကားဝိုင်းမှ အစပြုပြီး အလေ့အထဖြစ်အောင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**မန်း(ကိုယ်ပွား)**



# သုတ၊ ရသ ပြည့်ဝစွာမျှဝေပေးနေသည့် မန္တလေးမြို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတက္ကသိုလ်၌ ကျင်းပလျက်ရှိသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဒုတိယနေ့တွင် တက္ကသိုလ်ကောလိပ်ကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ ပါဝင်ပြသထားသည့် ပြခန်းအသီးသီးသို့ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူ ကျောင်းသားလူငယ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



အဆိုပါပွဲတော်ကြီးတွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကောလိပ် ၃၁ ကျောင်းမှ ဘာသာရပ်အလိုက် ပြသထားသည့် ပြခန်းပေါင်း ၉၀ ကျော်၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြသထားသည့် ပြခန်းပေါင်း ရှစ်ခန်း၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးတို့၏ ပြခန်းများ ပါဝင်ပြသလျက်ရှိသည်။

"မန္တလေးတက္ကသိုလ်မှာရှိတဲ့ ဌာနပေါင်း ၂၀ ကျော်က ဘာသာရပ်အလိုက် ဌာနတစ်ခုကို တစ်ခန်းနှုန်းနဲ့ ပါဝင်ပြသထားတယ်။ ကျွန်တော်တို့ရဲ့ ရူပဗေဒပြခန်းမှာတော့ တယ်လီစကုပ်တွေ ပြသထားလို့ ကလေးတွေ စိတ်ဝင်တစားကြည့်ကြတယ်။ တယ်လီစကုပ်က နေရော၊ လရော၊ နက္ခတ်တာရာတွေကိုပါ ကောင်းမွန်စွာ ကြည့်ရှုနိုင်တယ်။ လာရောက်ကြည့်ရှုတဲ့သူတွေ ရတဲ့အကျိုးကျေးဇူးတွေကတော့ အများကြီးပေါ့။ မန္တလေးတက္ကသိုလ်မှာ ဘာတွေလုပ်နေတယ်၊ ဘာတွေရှိတယ်ဆိုတာ ကလေးတွေ သိခွင့်ရတယ်။ နောက်နောင် သူတို့တွေ မေဂျာရွေးတဲ့အခါမှာ မှန်ကန်စွာရွေးချယ်လို့ရသွားမယ်။ လာကြည့်တဲ့သူတွေက ကိုယ်ပိုင်ကျောင်းတွေ၊ အခြေခံကျောင်းတွေ အများဆုံးပေါ့။ ကလေးတွေက ဒါတွေကို သူတို့ကျောင်းတွေမှာ မရှိတဲ့အတွက် ဒီမှာ ကြည့်ခွင့်ရတယ်။ ဘာတွေလုပ်နေတယ်ဆိုတာ သိခွင့်ရတယ်။ အကျိုးကျေးဇူးအများကြီးရှိပါတယ်" ဟု မန္တလေးတက္ကသိုလ် ရူပဗေဒဌာနမှ လက်ထောက်ကထိက ဦးဝင်းနိုင်မင်းက ပြောကြားသည်။

ထို့အပြင် အောင်မြေသာစံမြို့နယ် အမှတ် ၁၁ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ အခြေခံပညာကျောင်းတွေအနေနဲ့ ပြခန်းပေါင်းငါးခန်း ပါဝင်ပြသပါတယ်။ ပုဂံမှာရှိတဲ့ ကျောင်းက ကလေးတွေလည်း ဒီမှာလာပြီးတော့ လက်ရေးပန်းချီတို့၊ မြန်မာ့ယဉ်ကျေးမှုတို့လာပြီးတော့ ပြတာဖြစ်ပါတယ်။ ကျန်တဲ့ မြို့နယ်တွေ၊ ကျောင်းတွေကလည်း သူတို့ရဲ့ စွမ်းရည်တွေပြသပါတယ်။ ပြခန်းမှာ တာရာစွန့်ပစ်အမှိုက်တွေကနေ အသုံးဝင်တဲ့ အမှိုက်ပုံးတွေ ပြန်လုပ်တယ်။ သင်ထောက်ကူပစ္စည်းတွေ ပြန်လုပ်တယ်။ ဒါက ကလေးတွေရဲ့စွမ်းရည်ပဲ။ ဒီပြခန်းကို ကြည့်ခြင်းအားဖြင့် စွန့်ပစ်ပစ္စည်းတွေက ဒီလို သုံးလို့ရပါလား၊ လူ့အသုံးအဆောင်ပစ္စည်းတွေ လုပ်ဆောင်လို့ရတယ်ဆိုတာကို ကျွန်တော်တို့ကလေးတွေ သိရှိပြီး ပတ်ဝန်းကျင်ကို ချစ်တတ်တဲ့စိတ်တွေဖြစ်လာမယ်။ အဲဒီတော့ အများကြီး အကျိုးရှိပါတယ်။ ဒီလိုပွဲတော်တွေ များများရှိတဲ့အခါ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းတိုင်းကျောင်းတိုင်းရဲ့ ကြိုးစားမှုတွေ၊ တီထွင်မှုတွေ၊ အသိပညာတွေ ဖလှယ်ခွင့်ရတဲ့အတွက် ဒီလိုပွဲမျိုးတွေက အများကြီးလိုအပ်တယ်။ ရန်ကုန်နဲ့ မန္တလေးတင်မဟုတ်ဘဲနဲ့ နယ်မြို့တွေမှာလည်း ဒီလိုပွဲတော်တွေ၊ စွမ်းရည်ပွဲတော်တွေ လုပ်သင့်ပါတယ်လို့ အကြံပေးချင်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်းမှ ပါဝင်ပြသသည့်ပြခန်းများတွင်လည်း ကလေးငယ်များ၏ ဖန်တီးနိုင်မှုစွမ်းအားစွမ်းရည်များ၊ သင်္ချာနှင့်ပတ်သက်သော စွမ်းရည်များ၊ သင်ကြားရေးပုံစံအဆင့်ဆင့် ပြောင်းလဲလာပုံများအပြင် စက်ရုပ်ပရိုဂရမ်ဖြင့် တီထွင်ဖန်တီးထားသည့် စက်ပစ္စည်းများနှင့် ပွဲတော်အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချသည့်ပြခန်းများပါဝင်ကြောင်း အဆိုပါပြခန်း၏ အစီအစဉ်များကို ရှင်းလင်းပြသသူ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ထက်ဝေဇင်က ပြောသည်။

"ကျွန်တော်တို့ပြခန်းမှာ လူတွေရဲ့အရင်းအမြစ် အသက်မွေးဝမ်းကျောင်းပညာတစ်ခုဖြစ်တဲ့ ကြာချည်ထုတ်တဲ့လုပ်ငန်း၊ ရှမ်းစက္ကူထုတ်လုပ်တဲ့ ထုတ်လုပ်ပုံအဆင့်ဆင့်ကို မှတ်တမ်းဓာတ်ပုံတွေအပြင် လက်တွေ့ပါ ပြသနေတဲ့အတွက် စိတ်ဝင်တစားလာရောက်ကြည့်ရှုကြလို့ အားရကျေနပ်ပါတယ်။ ဒါ့အပြင် လက်တွေ့လုပ်ဆောင်လာတဲ့ မီးပုံးတွေ၊ ထီးတွေကိုလည်း ပြသထားတယ်။ ကြာချည်လုပ်ငန်းနဲ့ ရှမ်းစက္ကူလုပ်ငန်းတွေဆိုရင် လူငယ်တွေက ကျွန်တော်တို့ဆီမှာ လုပ်နည်းအဆင့်ဆင့်တွေကို မေးမြန်းပါတယ်။ ဒါတွေကိုလည်း ပြခန်းမှာရှိတဲ့ ကျွန်တော်တို့ တာဝန်ရှိသူအားလုံးက စိတ်ရှည်လက်ရှည်နဲ့ နားလည်အောင် အကုန်လုံးရှင်းပြပေးနေပါတယ်" ဟု ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ မင်္ဂလာဦး လူငယ်ရိပ်သာပြခန်းအတွင်းရေးမှူး ဦးကိုကိုထွန်းက ပြောသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်ကာလအတွင်း ပညာရေးဆိုင်ရာလှုပ်ရှားမှုအဖြစ် စာပေစကားဝိုင်းများနှင့် စာအုပ်အရောင်းဆိုင်များ၊ အားကစားဆိုင်ရာလှုပ်ရှားမှုအဖြစ် အပန်းဖြေအားကစားပြိုင်ပွဲများနှင့် သရုပ်ပြအားကစားနည်းများ၊ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများ၊ အသိပညာပေးပြခန်းများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ ပါဝင်သဖြင့် ပွဲတော်လာပြည်သူများ သုတ၊ ရသပြည့်စုံစွာခံစားရသည့်အတွက် ပျော်ရွှင်ကျေနပ်လျက်ရှိနေကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပြသနေသည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ပညာပေးပြခန်းများတွင် ကြည့်ရှုသူများဖြင့် စည်ကား




**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်က စတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်ပြသသည့် ပြခန်းများအနက် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ အသိပညာပေးပြခန်းများတွင် စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ အသင်းကြီးကို ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း ဆက်လက်ဖွဲ့စည်းပေးနေကြောင်းနှင့် အနာဂတ်မြန်မာနိုင်ငံတွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချနိုင်ရေးအတွက် ရည်ရွယ်၍ ပွဲတော်တွင် ပြခန်းများ ပါဝင်ပြသပေးခြင်းဖြစ်ကြောင်း ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းက ပြောသည်။

"ကျွန်မတို့ နိုင်ငံမှာ ရင်ခွင်မဲ့ကလေးတွေ တဖြည်းဖြည်းများပြားလာတဲ့အတွက် အနာဂတ်အတွက် စိုးရိမ်ပြီး မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်းနဲ့ ကလေးမယူသင့်ဘဲယူပြီး တာဝန်မယူနိုင်ရင် ရင်ခွင်မဲ့ကလေးတွေ များလာမယ်။ ဒါကြောင့် မိမိကိုယ်မိမိ တန်ဖိုးထားတတ်ဖို့နဲ့ အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံးမှာ တာဝန်ရှိသလို ရင်ခွင်မဲ့ဖြစ်ခဲ့ရင်လည်း ကျွန်မတို့မှာ စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့အတွက် လျှော့ချနိုင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါပြခန်းတွင် အသိပညာပေးဆောင်ရွက်မှုများအနေဖြင့် ဖခင်မရှိဘဲ အားကိုးမဲ့ရောက်ရှိလာသည့် မိခင်များအား ကလေးမွေးသည်အထိ ကြည့်ရှုစောင့်ရှောက်ပေးခြင်းနှင့် မိခင်နှင့် သားသမီးမေတ္တာကို ရရှိ၍ ကလေးငယ်ကို မစွန့်ပစ်နိုင်စေရန် မိခင်မှ ကလေးငယ်အား ၄၅ ရက်တိုင်တိုင် နို့တိုက်ကျွေးခြင်း အစီအစဉ်ပြခန်းများ၊ ရင်ခွင်မဲ့ကလေးငယ်များအတွက် ပဲနို့တိုက်ကျွေး၍ ကာကွယ်စောင့်ရှောက်သည့် ပြခန်းများအပြင် လာရောက်လေ့လာကြည့်ရှုသူများအား သားဆက်ခြားနည်းနှင့် အမျိုးသမီးများကလေးရရှိနိုင်သည့် အခြေအနေများကို မေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သူများအား တီရှပ်အင်္ကျီ၊ ဗလာစာအုပ်နှင့် မှတ်စုစာအုပ်များ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ရင်တွင်းစကားသံများ

မန္တလေး ဩဂုတ် ၁၂

**မန္တလေးတက္ကသိုလ်တွင် ယမန်နေ့က ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)၌ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ နိုင်ငံတကာပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ပြီး ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်အစိုးရမှ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ရာ အဆိုပါဆုရရှိသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်-**


မောင်စည်သူဟန်


မောင်တိုးတက်လင်း


မမေသူစိုး


မောင်သက်ပိုင်မျိုး


မောင်ထက်ဝေလျှံ


မောင်မိုးကျော်ဇင်အောင်


မအိမ့်မှူးခိုင်

**မောင်စည်သူဟန်**
**(စတုတ္ထနှစ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှာ ဧပြီလအတွင်းက ကျင်းပတဲ့ China-Myanmar Innovation and Entrepreneurship Competition 2018 မှာ မြန်မာနိုင်ငံကိုယ်စားပြု အသင်းတစ်သင်းအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ Excellent Team Prize ဆုကို ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆုချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။ အခုချီးမြှင့်တာက မှတ်တမ်းတင်ဂုဏ်ပြုဆုတံဆိပ်နဲ့ ငွေသား နှစ်သိန်းချီးမြှင့်တာဖြစ်ပါတယ်။ အခုလို ချီးမြှင့်တဲ့အတွက် အားရကျေနပ်မိပါတယ်။ အသိအမှတ်ပြုလက်မှတ်တစ်ခု ချီးမြှင့်တာကိုတောင် ကျေနပ်မိပါတယ်။ ကျောင်းသားလူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ပရိသတ် အစုံအလင်ရှေ့မှာ နိုင်ငံတော်ခေါင်းဆောင်တွေက ချီးမြှင့်တဲ့အတွက် လွန်စွာကျေနပ် အားရမိပါတယ်။ နောင်အခြားသော လူငယ်တွေအတွက်ကိုလည်း ယှဉ်ပြိုင်လိုစိတ်၊ အတုယူစိတ်၊ အားကျလိုစိတ်တွေ ဖြစ်ပေါ်လာစေမှာပါ။ ဒီပွဲတော်က ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဖြစ်လို့ ကဏ္ဍစုံ အကုန်လုံးပါပါတယ်။ ပြခန်းတွေ၊ အားကစားယှဉ်ပြိုင်ပွဲတွေ၊ ဌာနတစ်ခုချင်းစီက သူတို့လက်ရှိ ဆောင်ရွက်နေတာတွေကို ပြသထားတဲ့ ပြခန်းတွေလည်း ပါဝင်ပါတယ်။ လာရောက်တဲ့ ကျောင်းသား ကျောင်းသူ လူငယ်တွေလည်း ဗဟုသုတတွေရတယ်။ အားကစားကိုလည်း ပါဝင်ယှဉ်ပြိုင်လို့ ရတယ်။ ဒါကြောင့် လွန်စွာကောင်းမွန်တဲ့ ပွဲတော်တစ်ခုဖြစ်ပါတယ်။

**မောင်တိုးတက်လင်း**
**နောက်ဆုံးနှစ်၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)**

၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition 2018 ပွဲမှာ ကျွန်တော်တို့က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားပြိုင်တဲ့အခါမှာ ပထမဆုရခဲ့ပါတယ်။ အခုလိုဆုရလို့ ဒီပွဲတော်မှာ အသိအမှတ်ပြုချီးမြှင့်ပေးတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိအချိန်ကစပြီး ကိုယ့်နိုင်ငံအတွက် အကျိုးရှိအောင် ကြိုးစားသွားမှာပါ။ ဆုရအောင်တော့ ကျွန်တော်တို့အနေနဲ့ တော်တော်ကို အပင်ပန်းခံပြီး ကြိုးစားခဲ့တာပါ။ ဆုရဖို့ သုံးနှစ်လောက်အချိန်ပေးပြီး ကြိုးစားခဲ့တာပါ။ ပြိုင်ပွဲမှာ မြန်မာနဲ့ တရုတ်နိုင်ငံက တက္ကသိုလ် ၂၀ စီ စုစုပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ နောင်မျိုးဆက်သစ် လူငယ်တွေအနေနဲ့ တစ်နေရာရာမှာ ကိုယ်ထူးချွန်တယ်ဆိုတာကို အရင်ဆုံးသိအောင် လုပ်သင့်တယ်။ အရင်ဆုံးသိပြီဆိုမှ ကိုယ်အားသာရာဘက်ကို လိုက်ပြီး ကိုယ့်နိုင်ငံအတွက် ဘယ်လိုအကျိုးပြုမယ်ဆိုတဲ့ အကြောင်းအရာလေးတွေနဲ့ ကိုယ့်နိုင်ငံကို အကျိုးပြုစေချင်ပါတယ်။

**မမေသူစိုး**
**(ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ရန်ကုန်တက္ကသိုလ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ လာအိုနိုင်ငံမှာ ကျင်းပတဲ့ Youth Innovation Competition on Lancang-Mekong Region's Governance and Development(YICMG) 2018 ပြိုင်ပွဲမှာ The Most Valuable Issue Award ဆိုတဲ့ တန်ဖိုးအရှိဆုံးသော ပြဿနာကိုဖြေရှင်းနိုင်တဲ့ဆုကို ရရှိခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့သူတွေအားလုံး စုစည်းပြီး နောက်တစ်ခေါက်ပြန်ပြီးတော့ ထပ်ပြီး ယှဉ်ပြိုင်ရပါတယ်။ ဒီပြိုင်ပွဲက မဲခေါင်ဒေသတွင်း ပြိုင်ပွဲဖြစ်တဲ့အတွက် နိုင်ငံပေါင်း ခြောက်နိုင်ငံက ကျောင်းသား ကျောင်းသူအသီးသီး ပါဝင်ပါတယ်။ ဆုရရှိခဲ့တဲ့အတွက် ထပ်ပြီးပြိုင်ရတာကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့မှာ ကျင်းပခဲ့တဲ့ Lancang-Mekong Youth Training Camp For Innovation and Entrepreneurship 2018 ပြိုင်ပွဲမှာ ဒုတိယဆုကို ရရှိခဲ့ပါတယ်။ အဲဒီဆုကို လွယ်လွယ်နဲ့ရခဲ့တာတော့မဟုတ်ပါဘူး။ တော်တော်လေးကို ကြိုးစားပြီးတော့ ဆရာဆရာမတွေရဲ့ ထောက်ပံ့ပေးမှုနဲ့ Team Work ကောင်းကောင်း ရရှိခဲ့တဲ့အတွက် ဆုရရှိခဲ့တယ်လို့ ထင်ပါတယ်။

အခုလိုပွဲတော်မှာ အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုချီးမြှင့်ခဲ့တဲ့အတွက် လွန်စွာ ကျေနပ်ပျော်ရွှင်မိပါတယ်။ တခြားနိုင်ငံကပေးတဲ့ ဆုထက် ကိုယ့်နိုင်ငံကပေးတဲ့ဆုကို ပိုပြီး တန်ဖိုးထားပါတယ်။ ဒီလိုဆုချီးမြှင့်တဲ့အတွက်လည်း တာဝန်ရှိတဲ့ လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်ကျောင်းသား ကျောင်းသူတွေကို ပြောချင်တာကတော့ ကိုယ့်အတွက် ရရှိလာမယ့် အခွင့်အလမ်းတွေကို များများ ရှာဖွေပါ။ ကျောင်းစာတစ်ခုတည်းမဟုတ်ဘဲနဲ့ ပြင်ပဗဟုသုတတွေကိုလည်း များများထိတွေ့ပါ။ ပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြည့်ပါ။ အဲဒီကနေ ရလာမယ့် ဆုတစ်ခုက ကိုယ့်ဘဝအတွက် အတွေ့အကြုံကောင်းတွေ၊ အမှတ်တရကောင်းတွေ အများကြီးရမယ့်အပြင် အခုလို အောင်မြင်ခဲ့ရင်လည်း နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ဆုတွေ ရရှိမှာဖြစ်ပါတယ်။ ထိုက်ထိုက်တန်တန်ရရှိမှာဖြစ်တဲ့အတွက် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ဒီလိုပွဲတော်ကို ပထမအကြိမ်က ကျွန်မတို့ ရန်ကုန်တက္ကသိုလ်မှာ ကျင်းပခဲ့တာပါ။ ရန်ကုန်တက္ကသိုလ်မှာ ကတည်းက ပါဝင်ဆင်နွှဲခဲ့ပါတယ်။ အခုလိုပွဲတော်တွေလုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ နောင်နှစ်တွေမှာလည်း နှစ်တိုင်းနှစ်တိုင်း ဒီလိုပွဲမျိုးတွေလုပ်ပေးစေချင်ပါတယ်။ အခုပွဲတော်ကနေရလာမယ့် လိုအပ်ချက်တွေကို ကြည့်ပြီး နောင်နှစ်တွေမှာ ပိုကောင်းအောင် လုပ်ပေးစေချင်ပါတယ်။

**မောင်သက်ပိုင်မျိုး**
**(တိကျစက်ပစ္စည်းထုတ်လုပ်မှုမေဂျာ၊ နည်းပညာတက္ကသိုလ်၊ ရတနာပုံ ဆိုက်ဘာစီးတီး)**

ဒီနှစ်ထဲမှာ ပြုလုပ်ခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲမှာ တတိယဆုရရှိခဲ့တာပါ။ အဲဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံက တက္ကသိုလ်ကျောင်းပေါင်း ၁၀ ကျောင်းလောက်ပါဝင်မယ်ထင်တယ်။ တရုတ်နိုင်ငံက ကျောင်းတွေနဲ့ မြန်မာနိုင်ငံက ကျောင်းတွေ ပါဝင်ပါတယ်။ ဒီပွဲတော်မှာ Product Idea ကို သွားပြိုင်ရတာပါ။ အခုလို နိုင်ငံတော်အကြီးအကဲတွေ ကိုယ်တိုင်က ဆုချီးမြှင့်တဲ့အတွက် လမ်းပွင့်သွားတာပေါ့။ အရင်တုန်းက ဒီလိုမျိုးတွေမရှိဘူး။ ပရောဂျက်တွေ လုပ်တယ်ဆိုတာကလည်း ကျောင်းအတွင်းပဲ ရှိတာပါ။ ဒီလိုမျိုးပွဲတွေ လုပ်ခြင်းအားဖြင့် ဒီပရောဂျက်တွေဟာ အပြင်လက်တွေ့ဘဝမှာ အသုံးဝင်လာမယ့် ထုတ်ကုန်တွေဖြစ်လာမယ်လို့ မြင်ပါတယ်။ နောင်လူငယ်တွေကို အားပေးစကားဆိုတာထက် ကျွန်တော်တို့ အားလုံးက အရင်တုန်းက အခက်အခဲတွေအများကြီးရှိတယ်။ Project တစ်ခုခု၊ Idea တစ်ခုခုကို တကယ်အကောင်အထည်ဖော်တဲ့အခါမှာ ကျွန်တော်တို့ တွေ့ရတဲ့ အခက်အခဲတွေက အများကြီးပဲ။ ကျွန်တော်တို့မှ မဟုတ်ဘူး၊ တစ်နိုင်ငံလုံးက ကျွန်တော်တို့ သူငယ်ချင်းတွေလည်း ဖြစ်နေကြတာပဲ။ အဓိကက ကျွန်တော်တို့ ဒီ အခက်အခဲတွေက ဘယ်လိုပဲ ပြောပြော အဖွဲ့လိုက်ဖြေရှင်းရင်းနဲ့ပဲ ဒီဆုကို ရရှိခဲ့တာပါ။ ဒါကြောင့် အခက်အခဲဆိုတာက ကျွန်တော်တို့ အားလုံးစုစည်းနေရင် ဘာမှမဖြစ်ဘူး။ နောက်ပြီး ကျွန်တော်တို့လိုချင်တဲ့ လမ်းကြောင်း ရောက်နိုင်ပါတယ်။

**မောင်ထက်ဝေလျှံ**
**(နောက်ဆုံးနှစ်၊ လျှပ်စစ်နှင့်စွမ်းအားအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ် ဆိုက်ဘာစီးတီး)**

အမေရိကန် ပြည်ထောင်စုတက္ကဆက်ပြည်နယ်မှာ ကျင်းပတဲ့ ပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်တဲ့အခါမှာ ဒုတိယဆုရရှိခဲ့တယ်။ အဲဒီကနေမှ သူတို့ကျောင်းက ဖိတ်ခေါ်ချက်အရ သွားပြီးတော့ ပြိုင်တဲ့အခါမှာ ပထမဆုကိုရရှိခဲ့တာပါ။ ဆုနှစ်ဆုရရှိခဲ့တာပါ။ အခုလို ကိုယ့်နိုင်ငံက အသိအမှတ်ပြုပြီး ဆုချီးမြှင့်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်ပြောချင်တာက တစ်ခုခုကို အမြဲတမ်းကြိုးစားနေဖို့လိုပါတယ်။ ရလဒ်ကတော့ ချက်ချင်းမရနိုင်ဘူး။ ဒါပေမယ့် တစ်ချိန်ချိန်မှာတော့ အဲဒီအကျိုးရလဒ်က ကိုယ့်ဆီပြန်လာမှာပါ။

**မောင်မိုးကျော်ဇင်အောင်**
**နောက်ဆုံးနှစ်၊သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲမှာ မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းတစ်သင်းအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပွဲမှာ Excellent Team Prize ဆုကို ရရှိခဲ့တာပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းခွင်မှာ ဖြစ်တတ်တဲ့၊ အန္တရာယ်ရှိတဲ့ အကြောင်းအရာတွေကို ထိန်းချုပ်ပုံ ထိန်းချုပ်နည်းတွေ၊ လုပ်ငန်းခွင် လုံခြုံရေးတွေအတွက် ပြိုင်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ကျင်းပတဲ့ ဒီလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ကျွန်တော့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုချီးမြှင့်ခဲ့ပြီး နိုင်ငံတော်ကအသိအမှတ်ပြုတယ်ဆိုတာကိုသိရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

ဒီလိုဆုချတဲ့အတွက် ကျွန်တော်တို့ရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတယ်လို့လည်း ယုံကြည်ပါတယ်။ နောက်ထပ်ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးတယ်လို့လည်း ယူဆပါတယ်။ ဒါကြောင့် နောင်အနာဂတ်မှာလည်း နိုင်ငံတော်အတွက် ကြိုးစားသွားမယ့် အစီအစဉ်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံက ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေတဲ့ နိုင်ငံပါ။ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်လည်း ရောက်နေပြီဖြစ်လို့ ကျွန်တော်တို့လို လူငယ်တွေမှာ အများကြီး တာဝန်ရှိပါတယ်။ တခြားနိုင်ငံတွေကတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေ ဖြစ်တဲ့အတွက် သူတို့မှာ လူငယ်တွေအတွက် အခွင့်အလမ်းတွေ ပိုများနေပေမယ့် ကျွန်တော်တို့နိုင်ငံကတော့ လက်ရှိအခြေအနေမှာ ကိုယ့်နိုင်ငံအတွက် အတူတကွ ကြိုးစားမယ်ဆိုရင် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်မယ့်နိုင်ငံဖြစ်လာမှာပါ။ အဓိက ပြောချင်တာကတော့ လူငယ်ကျောင်းသားအချင်းချင်း ဘယ်အဖွဲ့အစည်း၊ ဘယ်ကျောင်းကမဆို အတူတကွ ပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံရဲ့ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်တွေ ပိုပြီးကောင်းလာမယ်လို့ မြင်ပါတယ်။

**မအိမ့်မှူးခိုင်**
**(ဂုဏ်ထူးတန်းကျောင်းသူ၊ တတိယနှစ်၊ သင်္ချာဌာန၊ မန္တလေးတက္ကသိုလ်)**

ဒီဆုကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှာ ကျင်းပခဲ့တဲ့ China-Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲမှာ Excellent Team Prize ကို ရရှိခဲ့တာပါ။ မန္တလေးတက္ကသိုလ် သင်္ချာဌာနက တတိယနှစ်ဂုဏ်ထူးတန်းကျောင်းသူတွေနဲ့ မဟာဘွဲ့ကြိုကျောင်းသားတွေ ပေါင်းပြီးလုပ်တဲ့ ပရောဂျက်ကို ပြိုင်ပွဲဝင်သူသုံးယောက်နဲ့ အုပ်ချုပ်သူ ဆရာမတစ်ယောက်သွားပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဒီဆုကို နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင် ပေးအပ်ခဲ့လို့ ဘယ်လိုခံစားရသလဲဆိုတော့ အားလုံးက ဝိုင်းပြီး အသိအမှတ်ပြုတယ်၊ ဂုဏ်ပြုပေးတယ်။ အခုလို ခမ်းခမ်းနားနား ဂုဏ်ပြုပေးတယ်ဆိုတော့ နောက်ထပ်ကြိုးစားရမယ့် ပရောဂျက်တွေအတွက် ခွန်အားလည်းဖြစ်တယ်။ ပြီးတော့ ပိုပြီးယုံကြည်မှုဖြစ်ပြီး နောက်ထပ် ပရောဂျက်တွေလုပ်ချင်စိတ် ဖြစ်ပေါ်လာတယ်။ တခြားကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ့်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ပညာရေးပိုင်းမှာလည်း လိုအပ်ချက်တွေရှိနေဆဲပါပဲ။ လိုအပ်ချက်တွေကို လိုက်ပြီး ပြောနေမယ့်အစား ရှိတာလေးနဲ့ အစွမ်းကုန်အကောင်းဆုံးကြိုးစားသွားစေချင်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁၇ ရက်မှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**D'PER MOE FILM PRODUCTION မှ ထုတ်လုပ်သည့် "လူကြမ်းတစ်ယောက်ရဲ့ဒိုင်ယာရီ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၁၇ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**


ဒါရိုက်တာ သားညီ


သရုပ်ဆောင် လူမင်း


သရုပ်ဆောင် ယုန်လေး


သရုပ်ဆောင် ထားထက်ထက်


သရုပ်ဆောင် ဘေဘီမောင်

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာသားညီက ရိုက်ကူးထားခြင်းဖြစ်ပြီး ကိုးကွယ်ရာ ဘာသာတရားများ မတူညီသော်လည်း စစ်မှန်သည့် ချစ်ခြင်းမေတ္တာကို အခြေခံထားရှိမှုကြောင့် အခက်အခဲ အတားအဆီးများကို ဖြတ်ကျော်ကာ လူငယ်ချစ်သူနှစ်ဦး ပေါင်းဖက်ကြရပုံကို ပညာပေးအနေဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် လူမင်း၊ ယုန်လေး၊ ထားထက်ထက်၊ ထူးခြား၊ ဂျိုကာ၊ ဘေဘီမောင်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး ဘာသာတရား၏ အနှစ်ချုပ်ဖြစ်သော ငြိမ်းချမ်းမှုနှင့် ချစ်ခြင်းမေတ္တာတရားသည်သာ အဓိကအရေးကြီးကြောင်းတို့ကို ပေါ်လွင်အောင် ပုံဖော်ရိုက်ကူးထားသည့် လူငယ်အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

ဒါရိုက်တာ သားညီက "ဘာသာရေး ယုံကြည်မှုလွန်ကဲတဲ့ ခရစ်ယာန် ဖခင်ကြီးတစ်ဦးရဲ့သမီးကို သွားချစ်မိတဲ့ ဗုဒ္ဓဘာသာ ကောင်လေးတစ်ယောက်ရဲ့ အကြောင်းပါ။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရိုက်ထားတဲ့ကားဆိုပေမယ့် ဒီကားလေးကို ပြန်ကြည့်တဲ့အခါမှာ ၈၀ ရာခိုင်နှုန်း ကျေနပ်မှုရှိပါတယ်။ ဇာတ်လမ်းသဘောအရ ဆိုရင်တော့ အခုအချိန်ထိ ခေတ်မီနေတုန်းပါ။ ရိုက်ချက်တွေ၊ တင်ဆက်ပုံတွေကတော့ ခေတ်မမီတော့သလို ခံစားရတယ်။ အခုအချိန်မှာတော့ ဒီထက်ပိုပြီးတော့ ရိုက်ပြလိုက်ရမှာလို့ ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်တယ်။ ဒါကတော့ ဇာတ်ကားတိုင်းလိုလိုပါပဲ။ အဲဒီအချိန်တုန်းကတော့ ကိုယ်တတ်သလောက် ရိုက်ခဲ့တာပါ။ အခက်အခဲတွေကတော့ အများကြီးကြုံခဲ့ရပါတယ်။ ဒီဇာတ်ကားကို ရုံပေါ်တောင် ရောက်မလာတော့ဘူးလို့ ထင်ထားတာ။ ရိုက်တဲ့အချိန်မှာလည်း တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားမတူတာတွေ ကြုံခဲ့ရတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာ အဆင်ပြေသွားပြီး သေချာလုပ်ခဲ့တာကြောင့် အခုဆိုရင် ရုံပေါ်ကိုရောက်ခဲ့ပါပြီ။ အမှတ်တရတွေလည်း အများကြီး ရှိ ခဲ့ပါတယ်။ အကြောင်းအရာကတော့ ငြိမ်းချမ်းရေးပါ။ ဘယ်ဘာသာပဲကိုးကွယ်ပါစေ အဓိကကတော့ မေတ္တာတရားဟာ အရေးအကြီးဆုံးပဲဆိုတာကို ပြောချင်တာပါ။ ဘာသာတရားကို အခြေခံပြီး ရိုက်ထားတဲ့အတွက် ဘာသာရေးနဲ့ပတ်သက်တဲ့ လူကြီး၊ လူငယ်အကုန်လုံးကို ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ကို ဝေဖန်ပေးပါ။ မှားနေတာတွေ့ရင် ထောက်ပြပါ။ ပရိသတ်တွေရဲ့ ဝေဖန်အကြံပေးမှုတွေနဲ့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရမှာပါ" ဟု ပြောသည်။

သရုပ်ဆောင် လူမင်းက "ဒီကားမှာ သမီးကို အလွန်ချစ်တဲ့ ဘာသာရေး ယုံကြည်မှုလွန်ကဲတဲ့ ခပ်ကြမ်းကြမ်း အဖေတစ်ယောက်နေရာက သရုပ်ဆောင်ထားတာပါ။ အဓိကကတော့ လူငယ် အချစ်ဇာတ်လမ်းလေးပါ။ ဒါပေမယ့် အဲဒီထဲမှာ ဖခင်တစ်ဦးရဲ့ မေတ္တာတွေ၊ ဘာသာရေးဆိုင်ရာ ယုံကြည်မှု လွန်ကဲတဲ့အခါ လူငယ်တွေရဲ့ အချစ်ကြားမှာ အနှောင့်အယှက် အဟန့်အတားဖြစ်တဲ့ အကြောင်းအရာတွေ၊ ဘယ်ဘာသာတရားမဆို အချစ်၊ မေတ္တာနဲ့ငြိမ်းချမ်းရေးက အဓိကကျတယ်ဆိုတာမျိုးတွေကို လူငယ်တွေရဲ့အမြင်နဲ့ တင်ဆက်ထားတာပါ။ ဒီခေတ်လူငယ်တွေရဲ့ ချစ်သူဘဝကို တိုက်ရိုက်ထင်ဟပ်စေတဲ့ ကားလေးပါ။ လူငယ်တွေရဲ့ ချစ်ခြင်းမှာ တကယ့်စစ်မှန်တဲ့ ချစ်ခြင်းတရားမှန်ကန်ရင် နောက်ဆုံးမှာ ပေါင်းဖက်ရတယ်ဆိုတာမျိုးလေးပါ။ ဒီကားလေးမှာ ပါဝင်သူ အားလုံးရဲ့ ပထမဆုံးရုပ်ရှင်ဆိုတာမျိုးတွေများတယ်။ ဥပမာ-ဒါရိုက်တာ၊ ယုန်လေးနဲ့ ထားထက်ထက်တို့နဲ့အတူကျန်တဲ့ ဇာတ်ပို့တွေရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်တဲ့အတွက် လူငယ်တွေပီပီ တက်ကြွတဲ့ စိတ်တွေနဲ့လုပ်ပေမယ့် အခက်အခဲလေးတွေ၊ ပြဿနာလေးတွေတော့ရှိခဲ့တယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ အခုလို ရုံတင်တဲ့အဆင့်အထိရောက်အောင် လူငယ်တွေအများကြီး ကြိုးစားခဲ့တဲ့ ရုပ်ရှင်ကားတစ်ကားပါ" ဟု ပြောသည်။

သရုပ်ဆောင် ယုန်လေးက "လွန်ခဲ့တဲ့ လေးနှစ်က ရိုက်ထားတာဆိုတော့ လက်ရှိကာလနဲ့ နည်းနည်းကွာခြားသွားမှာ စိတ်ပူခဲ့တယ်။ ဒါပေမယ့် ကြည့်လိုက်တော့ အဆင်ပြေတယ်။ ခေတ်နဲ့ညီနေပါသေးတယ်။ ကျွန်တော်တို့ အားလုံးတတ်သလောက် ကြိုးစားထားပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ပထမဆုံးရုပ်ရှင်ကားပါ။ ပုံမှန်မြင်နေကျ ရိုက်ကွင်းနေရာမျိုးတွေမဟုတ်ဘဲ မရိုက်ဖူးတဲ့နေရာတွေမှာ ရိုက်ခွင့်ရအောင် ကြိုးစားပြီး ရိုက်ခဲ့တာပါ" ဟု ပြောသည်။

သရုပ်ဆောင် ထားထက်ထက်က "ဒီဇာတ်ကားလေးထဲမှာတော့ ရိုးရိုးအေးအေး မိန်းကလေးတစ်ယောက်နေရာကနေပြီး သရုပ်ဆောင်ထားပါတယ်။ ပထမဆုံးစရိုက်တဲ့ ကားဆိုတော့ အခက်အခဲတွေကတော့ အများကြီးရှိတယ်။ စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ MISS ဖြစ်ပြီးတော့ တစ်နှစ်ပြည့်တဲ့အချိန်မှာ ဒီဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းခံရပြီး ရိုက်ကူးခွင့်ရခဲ့တာပါ။ အခွင့်အရေးရတဲ့ အချိန်မှာ ရအောင်ဆုပ်ကိုင်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားတာဖြစ်တဲ့အတွက် အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရုံတင်တဲ့အခါမှာ ပရိသတ်တွေအနေနဲ့ အားပေးဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ဘေဘီမောင်က "ဒီကားလေးထဲမှာ ခပ်ဟော့ဟော့ မိန်းကလေးပုံစံမျိုးလေး သရုပ်ဆောင်ထားပါတယ်။ ပြင်းပြင်းထန်ထန်ကြီးတော့ မရှိပါဘူး။ ယုန်လေးဟာ ကိုယ့်အစ်ကိုလိုဖြစ်နေတာကြောင့် လာပြီး ပါဝင်ကူညီပေးတဲ့သဘောပါ။ အခန်းကတော့ နည်းပါတယ်။ ဒါပေမယ့် ကိုယ်ပါဝင်ခွင့်ရတဲ့အချိန်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးတော့ သရုပ်ဆောင်ထားပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်က ရိုက်ထားတာဆိုတော့ ကိုယ်ကလည်း ငယ်သေးတယ်။ ရိုက်ထားတာကလည်း ခပ်ဟော့ဟော့ဆိုတော့ ဇာတ်ကောင်စရိုက်နဲ့ လိုက်ဖက်တယ်လို့ခံစားရတယ်။ အခက်အခဲရှိတာတွေကိုလည်း ဒါရိုက်တာ ကိုသားညီက သင်ပြပေးတော့ အကုန်လုံး အဆင်ပြေပါတယ်။ ဘာသာချင်းမတူပေမယ့် ချစ်ခြင်းမေတ္တာကို အဓိကထားပြီးတော့ ပေါင်းစပ်မယ်ဆိုရင် အရာအားလုံးဟာ အဆင်ပြေပါတယ်ဆိုတဲ့ ကားလေးပါ" ဟု ပြောသည်။



လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဇာတ်လမ်း အကျဉ်းအနေဖြင့် စည်သူတင်လတ်သည် ထူးချွန်သော ကွန်ပျူတာဟက်ကာတစ်ယောက်ဖြစ်၏။ တစ်နေ့တွင် သူ့မိတ်ဆွေ ပြည့်စုံဆိုသူက Black Ghost ဂိုဏ်းမှ ဝေဠုကိုခေါ်လာပြီး စည်သူထံတွင် အလုပ်အပ်သည်။ အလုပ်က သတင်းမီဒီယာတစ်ခု၏ Website ထဲ ထိုးဖောက်ဝင်ရောက်ပြီး Attack လုပ်ပေးရန် ဖြစ်သည်။ ထိုသတင်းမီဒီယာက သူတို့ဂိုဏ်းအကြောင်း သတင်းမှားများ ရေးသားနေသောကြောင့် ဖြစ်၏။ စည်သူက အလုပ်ကို လက်ခံလိုက်ပြီး ၁၅ မိနစ်အတွင်း အပြီးလုပ်ပြလိုက်သည်။

Black Ghost ဂိုဏ်း၏ခေါင်းဆောင် Freddie အောင်ထိပ်တွင် လှပနူးညံ့အေးဆေးသော သမီးချောလေးတစ်ယောက်ရှိသည်။ ထိပ်ထားမေရီဟုခေါ်၏။ ထိပ်ထားမေရီသည် ရိုင်းစိုင်းကြမ်းကြုတ်မှုများကို မကြိုက်၊ သူ့ဖခင်၏ လုပ်ပုံများကိုလည်းမကြိုက်၊ သို့သော် ဖခင်ဖြစ်သူက သူ့ကိုလွန်စွာ ချစ်မှန်းသိသောကြောင့် ဘာမျှမပြောသာ၊ ရန်ပွဲတစ်ခုတွင် ထိပ်ထားမေရီ၏ ဓာတ်ပုံကို စည်သူတင်လတ်က ကောက်ရပြီး စုံစမ်းရာ ထိပ်ထားမေရီသည် Black Ghost ဂိုဏ်းခေါင်းဆောင် ဦးအောင်ထိပ်၏ သမီးမှန်း သိလိုက်ရ၏။

သူသွားလေ့သွားထရှိသော နေရာသို့ နောက်ယောင်ခံလိုက်ရာ Church တွင် ထိပ်ထားမေရီကိုတွေ့ပြီး ထိပ်ထား၏ အချစ်ကိုရရှိရန် ကြိုးစားပမ်းစားလုပ်ရတော့မည်ကို လူကြမ်းတစ်ဦးဖြစ်သည့် စည်သူတင်လတ်က သဘောပေါက်သွားသည်။

ထို့နောက် ကိုးကွယ်ရာဘာသာမတူညီသည့် ထိပ်ထား၏ အချစ်ကိုရရှိရန် ကြိုးစားခဲ့ပုံ၊ ဘာသာရေး အစွန်းရောက်တစ်ဦးဖြစ်သည့် ထိပ်ထား၏ ဖခင်နှင့် ရင်ဆိုင်ဖြေရှင်းခဲ့ပုံ၊ ချစ်သူနှစ်ဦး၏ စစ်မှန်သော ချစ်ခြင်းမေတ္တာကြောင့် အခက်အခဲများကို ကျော်ဖြတ်ကာ ပေါင်းဖက်ရပုံတို့ကို ပုံဖော်ရိုက်ကူးထားသည့် လူငယ်အချစ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊**
**ဓာတ်ပုံ-ဖေဇော်**

## Miss & Mister Tourism and Culture Universe Monywa 2019 ပြိုင်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၁၂**

Miss & Mister Tourism and Culture Universe Monywa 2019 ပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ Mister Winner အဖြစ် ခါးနံပါတ်(၁၇)ကိုညီညီ(မုံရွာ)နှင့် Miss Winner အဖြစ် ခါးနံပါတ်(၂၀)မသင်းဝတ်ရည်ထွန်း(မုံရွာ)တို့က ရရှိသည်။

Miss & Mister TCU Monywa 2019 အလှမောင်၊ အလှမယ်ပြိုင်ပွဲကို မုံရွာ၌ ကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံအနှံ့အပြားမှ မုံရွာမြို့၏သဘာဝရှုခင်းများ၊ ရှေးဟောင်းသမိုင်းဝင်နေရာများ၊ ဒေသခံများ၏ ညှို့ဝတ်ပျူငှာမှုများနှင့် ရိုးရာယဉ်ကျေးမှုများကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ဇနီး ဒေါ်တင့်တင့်က ပြောသည်။

"ပြိုင်ပွဲဝင်အလှမောင်မယ်တွေအနေနဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေမှာသာ လှပကြံ့ခိုင်တာမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာတွေ အသိဉာဏ်ဗဟုသုတပိုင်းတွေ၊ ကိုယ်ကျင့်တရားပိုင်းတွေမှာ အရည်အသွေးပြည့်မီဖို့ လိုပါတယ်။ ကိုယ်စားပြုတဲ့ တိုင်းဒေသကြီးမြို့ရဲ့ဂုဏ်သတင်းကိုမြှင့်တင်ပြီး မြို့တိုးတက်ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်ပေးဖို့လိုပါတယ်"ဟု ဒေါ်တင့်တင့်က ပြောသည်။

ပြိုင်ပွဲတွင် Mister ၁၉ ဦးနှင့် Miss ၁၉ ဦး စုစုပေါင်း ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အကဲဖြတ်ဒိုင်များအဖြစ် ရန်ကုန်နှင့်မန္တလေးတို့မှ ဒီဇိုင်နာမျိုးမင်းစိုးအပါအဝင် ခြောက်ဦးနှင့် မုံရွာမြို့မှ လေးဦး စုစုပေါင်း ၁၀ဦးတို့က အကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း**

# ကာကွယ်ရေးစက်မှုလုပ်ငန်း ပြည်ပပို့ကုန်မြှင့်တင်ရေး အိန္ဒိယကာကွယ်ရေးဝန်ကြီး တိုက်တွန်း

**နယူးဒေလီ ဩဂုတ် ၁၂**
အိန္ဒိယနိုင်ငံရှိ ကာကွယ်ရေးစက်မှုလုပ်ငန်းများအနေဖြင့် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ကာကွယ်ရေးဝန်ကြီး နီမာလာ ဆီသာရာမန်က တိုက်တွန်းလိုက်ကြောင်း၊ ကာကွယ်ရေး စက်မှုလုပ်ငန်းများ၏ ဈေးကွက်ထိုးဖောက်နိုင်မှုအတွက် အစိုးရအဖွဲ့က အပြည့်အဝ အားပေးကူညီသွားမည်ဟုလည်း ၎င်းက ကတိပြု ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာအဆင့်မီ ကာကွယ်ရေးပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများအတွက် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအားတိုးနေကြောင်း၊ သို့ဖြစ်၍ ကာကွယ်ရေး စက်မှုလုပ်ငန်းများ အနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းကြစေလိုပြီး ဈေးကွက်မြှင့်တင်နိုင်ရေးအတွက် အစိုးရအဖွဲ့က အားပေးကူညီမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဆီသာရာမန်က ပြောကြားသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် အလီဂတ်မြို့၌ ကာကွယ်ရေးစက်မှုလုပ်ငန်းများ၏ စီမံကိန်းသစ်များ စတင်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ဝန်ကြီး ဆီသာရာမန်က အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။ အစိုးရအဖွဲ့သည် ပြည်တွင်းစက်မှုလုပ်ငန်းများထံမှ တီထွင်ဆန်းသစ်ထားသော ထုတ်ကုန်ပစ္စည်းများကို ၁၀ နှစ်တာ ကာလပတ်လုံး ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။


ကုမ္ပဏီသစ်အဖြစ် စတင်ထူထောင်သော ကုမ္ပဏီများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းပမာဏရှိ ကုမ္ပဏီငယ်များ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများသည် တီထွင်ဆန်းသစ်မှုရှိသော ထုတ်ကုန်ပစ္စည်းသစ်များကို ထုတ်လုပ်သွားရန် အစိုးရအဖွဲ့က တိုက်တွန်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များ၏ ဒုတိယအကြီးအကဲများနှင့် ကာကွယ်ရေးစက်မှုလုပ်ငန်းများ၏ အကြီးအကဲများ တက်ရောက်ကြသည်။

**ဆင်ဟွာ**



# နေ၏ရောင်ခြည်တန်းအတွင်းအထိဝင်ရောက်ကာ စူးစမ်းလေ့လာမည့် အာကာသယာဉ်ကို လွှတ်တင်



**တမ်ပါ ဩဂုတ် ၁၂**
နေကို အနီးကပ်လေ့လာစောင့်ကြည့်ရန် ရည်ရွယ်သော အာကာသယာဉ်တစ်စင်းကို လွှတ်တင်ရန် အမေရိကန် အာကာသ အေဂျင်စီ(နာဆာ)က စီစဉ်ထားခဲ့သော်လည်း နည်းပညာဆိုင်ရာ ချွတ်ယွင်းချက်တစ်ရပ် တွေ့ကြုံရခြင်းကြောင့် ယင်းအာကာသယာဉ် လွှတ်တင်ရေး အစီအစဉ်ကို တစ်ရက်ကြာ ဆိုင်းငံ့ထားခဲ့ပြီးနောက် ဩဂုတ် ၁၂ ရက်တွင် အောင်မြင်စွာ လွှတ်တင်လိုက်နိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နေကို အနီးကပ်ဆုံးလေ့လာမည့် ပထမဆုံးသော အာကာသယာဉ်တစ်စင်းကို နာဆာက ဩဂုတ် ၁၂ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၇ နာရီ ၃၁ မိနစ်တွင် လွှတ်တင်ခဲ့သည်။

ဖလော်ရီဒါပြည်နယ် ကိပ်ကနေဗာရယ်ရှိ လေတပ်စခန်းမှ လွှတ်တင်ခဲ့သော အာကာသယာဉ်ကို ပါကာ နေစူးစမ်းလေ့လာရေး အာကာသယာဉ်ဟု အမည်ပေးထားသည်။

ဒယ်လ်တာ-၄ အကြီးစား ဒုံးပျံယာဉ်ကို အသုံးပြု၍ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး နေ၏ ရောင်ခြည်တန်း အတွင်းပိုင်းအထိ ဝင်ရောက်ကာ စူးစမ်းလေ့လာရန် စီစဉ်ထားသည်။

စက်ရုပ်အာကာသယာဉ်တစ်စင်းဖြစ်သော ပါကာ နေစူးစမ်းလေ့လာရေးယာဉ်သည် နေ၏ အနီးအပါး နယ်မြေအတွင်းသို့ ဝင်ရောက်သည့်အခါ တစ်နာရီလျှင် မိုင်ပေါင်း ၄၃၀၀၀၀ အမြန်နှုန်းအထိ ပျံသန်းမည်ဆို၏။

မော်တော်ယာဉ်တစ်စီး အရွယ်အစားတမျှရှိသော အဆိုပါ အာကာသယာဉ် လွှတ်တင်ရေး စီမံကိန်းအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျခံသုံးစွဲရသည်။

နေ၏ရောင်ခြည်ဝင်းအတွင်း ဝင်ရောက်လေ့လာနိုင်ခြင်းဖြင့် နေနှင့် သက်ဆိုင်နေသော သိပ္ပံရေးရာ လျှို့ဝှက်ချက်များကို စူးစမ်းဖော်ထုတ်နိုင်ရန် ရည်ရွယ်ထားသည်။ နေစူးစမ်းလေ့လာရေးယာဉ်၏ မစ်ရှင်သက်တမ်းမှာ ခြောက်နှစ်နှင့် ၃၂၁ ရက် ဖြစ်သည်။

**အေအက်ဖ်ပီ**

# အီဂျစ်တွင် ဘုရားရှိခိုးကျောင်းအား အသေခံပုံးခွဲရန် ကြိုးပမ်းမှု ပျက်ပြား

**ကိုင်ရို ဩဂုတ် ၁၂**
အီဂျစ်နိုင်ငံမြို့တော် ကိုင်ရို ဆင်ခြေဖုံးရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို ပစ်မှတ်ထား၍ အသေခံပုံးဖောက်ခွဲရန် ကြိုးပမ်းသူတစ်ဦးသည် ပစ်မှတ်ရှိရာသို့ မရောက်ရှိမီ ဖောက်ခွဲလိုက်သဖြင့် ဘုရားရှိခိုးကျောင်းအား ဖောက်ခွဲတိုက်ခိုက်ရန် ကြိုးပမ်းမှုမှာ ပျက်ပြားသွားကြောင်း နိုင်ငံပိုင်သတင်းဌာနနှင့် လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ရှုဗရာ အယ်လ်ခီမာဒေသရှိ ဗာဂျင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းဝန်းကျင်တွင် ရဲတပ်ဖွဲ့ဝင်များ ထူထပ်စွာစောင့်ကြပ်နေခြင်းကြောင့် အသေခံပုံးဖောက်ခွဲတိုက်ခိုက်မည့်သူက ၎င်းကိုယ်တွင် တပ်ဆင်ထားသည့် ဖောက်ခွဲရေးဝတ်စုံကို အလောတကြီး ဖောက်ခွဲခဲ့ကြောင်း နိုင်ငံပိုင်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖောက်ခွဲရေးသမားသည် အလင်းရောင်တောက်သော ကိုယ်ကျပ်အင်္ကျီအောက်တွင် ဖောက်ခွဲရေးပစ္စည်းများကို သိုဝှက်ယူဆောင်လာခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာ အက်ကဗာအယ်လ်ရမ်က ဖော်ပြသည်။

ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် မီတာ ၂၀၀ အကွာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု လုံခြုံရေးတာဝန်ရှိသူများက ပြောကြားကြသည်။

အီဂျစ်နိုင်ငံတွင်းရှိ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းများအား ပစ်မှတ်ထား၍ ထပ်ခါတလဲလဲတိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုများကို ၎င်းတို့ ပြုလုပ်ကြောင်း အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**

# ဂရိတောမီးကြောင့် သေဆုံးရသူ ၉၄ ဦးအထိ ရှိလာ

**အေသင် ဩဂုတ် ၁၂**
ဂရိနိုင်ငံတွင် လူအသေအပျောက်များပြားလှသည့် တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးရသူဦးရေ ၉၄ ဦးအထိ ရှိလာကြောင်း မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

မီးဘေးသင့်မှုကြောင့် နောက်ဆုံးသေဆုံးရသူမှာ အသက် ၅၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။

ဇူလိုင် ၂၇ ရက်က တောမီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့်လူနာ ၃၀ ကျော်တို့မှာ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရဆဲဖြစ်သည်။ အဆိုပါ တောမီးသည် မြို့တော်အေသင်အနီးရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းမြို့ဖြစ်သော မာတီမြို့တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

တောမီးလောင်ကျွမ်းမှုအပေါ် ကိုင်တွယ်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ဝေဖန်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် တာဝန်ရှိသည့် ရဲတပ်ဖွဲ့ရေးရာ တာဝန်ရှိသူ ဝန်ကြီးတစ်ဦး၊ ရဲတပ်ဖွဲ့အကြီးအကဲနှင့် မီးသတ်တပ်ဖွဲ့အကြီးအကဲအပါအဝင် အထက်တန်းတာဝန်ရှိသူ လေးဦးတို့ကို ယင်းတို့၏ ရာထူးတာဝန်များမှ ဖယ်ရှားခဲ့သည်။



မီးလောင်ကျွမ်းမှုများဖြစ်ပေါ်စဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ကျော်အထိ ရှိနေခြင်းကြောင့် မီးဘေးသင့်သူများအား ရွှေ့ပြောင်းကယ်ဆယ်မှုပြုလုပ်ရန် အချိန်အနည်းငယ်သာ ရရှိခဲ့ကြောင်း ဂရိအစိုးရက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့အနေဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ဒေသကို မှန်မှန်ကန်ကန် ပိတ်ဆို့ထားနိုင်ခြင်း မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် မီးသတ်တပ်ဖွဲ့က မီးလောင်ကျွမ်းမှုတည်နေရာနှင့် မီးလောင်ကျွမ်းမှု ပမာဏတို့ကို အတိအကျ သတိမပေးနိုင်ခြင်းကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကြိုတင်အသိပေးနိုင်မှု အားနည်းခြင်းကြောင့် ယာဉ်မောင်းသမားအများအပြားသည် မာတီမြို့အတွင်းသို့ အမှတ်တမဲ့ဝင်ရောက်သွားခဲ့ကြပြီး ကျဉ်းမြောင်းသောလမ်းများတွင် မော်တော်ယာဉ်များ ပိတ်မိခဲ့သည်။ ဒေသခံပြည်သူများသည် မီးတောက်မီးလျှံများမှ လွတ်မြောက်ရန် အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ထွက်ပြေးခဲ့ကြရပြီး ကမ်းခြေတစ်လျှောက်တွင်လည်း အကူအညီမဲ့စွာ နာရီများစွာ စောင့်ဆိုင်းနေခဲ့ကြရသည်။

ယင်းတောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၏ မှားယွင်းလုပ်ဆောင်ခဲ့မှုများကို တရားရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။ မီးလောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ရသူ နှစ်ဦး၏ ဆွေမျိုးများကလည်း တာဝန်ရှိသူများ၏ ပေါ့ဆမှုနှင့် ဘေးအန္တရာယ် တားဆီးကာကွယ်ပေးနိုင်ခြင်းမရှိသည့်အတွက် တရားဥပဒေကြောင်းအရ တရားစွဲဆိုထားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တရားစွဲဆိုမှုများထပ်မံ ရှိလာမည်ဟု မျှော်လင့်ရသည်။

**အေအက်ဖ်ပီ**




# လီဗာပူးက ဝက်စ်ဟမ်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၁)၏ တနင်္ဂနွေနေ့ည အစောပိုင်းပွဲစဉ်ဖြစ်သည့် လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ်တွင် မိုဟာမက်ဆာလာ၊ ဆာဒီယိုမာနေး၊ ဖာမီနို၊ ကီတာ၊ ဝစ်နယ်ဒန်၊ ဂျိမ်းစ်မီနာ၊ အလက်ဇန္ဒားအာနိုး၊ ဗန်ဒစ်၊ ဂိုမက် စသည့်ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဝက်စ်ဟမ်းအသင်းကမူ အနာတိုဗစ်ကို အထောင်တိုက်စစ်တွင် ထားကာ အန်ဒါဆန်၊ ဝီရှိုင်းယား၊ နိုဘလီ၊ အန်တိုနီယို၊ မက်ဆာကာ စသည့်ကစားသမားများကို ၄-၂-၃-၁ မဟာဗျူဟာဖြင့် ပွဲထွက်လာခဲ့သည်။

ယင်းပွဲစဉ်တွင် လီဗာပူးအသင်းသည် ပွဲကစားချိန် ၁၉ မိနစ်တွင် တိုက်စစ်မှူး မိုဟာမက်ဆာလာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူး မာနေး၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ပထမပိုင်းမှာပင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိရေးအတွက် ခြေစွမ်းပျောက်ဆုံးနေသည့် ဒီကလန်ရိုက်နေရာတွင် စနိုဂရက်စ်ကို အစားထိုးထည့်သွင်းခဲ့သည်။ သို့ရာတွင် ဝက်စ်ဟမ်းအသင်းမှာ ချေပဂိုးရရှိခဲ့ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၅၃ မိနစ်တွင် တိုက်စစ်မှူး မာနေး၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၈၈ မိနစ်တွင် တိုက်စစ်မှူး ဒန်နီယယ်စတားရစ်ချ်၏ သွင်းဂိုးတို့ကိုပါ ထပ်မံခွင့်ပြုပေးခဲ့ပြီး လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနည်းပြ ကလော့သည် လိဇစ်အသင်းမှ ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူထားခဲ့သည့် နာဘီကီတာကို အသင်း၏ ပထမဆုံးပရီမီယာလိဂ်ပွဲစဉ်တွင် ထည့်သွင်းလာခဲ့သည့်အပြင် ရိုးမားအသင်းမှ ပေါင် ၆၆ ဒသမ ၈ သန်းဖြင့် ခေါ်ယူထားခဲ့သည့် ဂိုးသမားအဲလစ်ဆင်ကိုလည်း ထည့်သွင်းလာခဲ့သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်ပရီမီယာလိဂ်ဘောလုံးရာသီကလည်း ချန်ပီယံမန်စီးတီးအသင်းနှင့် ရမှတ် ၂၅ မှတ်အကွာဖြင့် အဆင့်လေးအတွင်း ရပ်တည်နိုင်ခဲ့သည့်အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သည်။

ယခုရာသီသစ်တွင်လည်း ဝက်စ်ဟမ်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကို ခြိမ်းခြောက်လာနိုင်မည့် အလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားခဲ့ပြီဖြစ်သည်။

အခြားသောပရီမီယာလိဂ်ပွဲစဉ်များဖြစ်သည့် ဆောက်သမ်တန်အသင်းနှင့် ဘန်လေအသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင်မူ မန်စီးတီးအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲကစားချိန် ၁၄ မိနစ်တွင် တိုက်စစ်မှူး စတာလင်ကလည်းကောင်း၊ ပွဲကစားချိန် ၆၄ မိနစ်တွင် ဘာနာဒိုဆေးလ်ဗားကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**ငွေကြယ် - ရေးသားသည်**

# ချယ်လ်ဆီးက ပေါင်သန်း ၉၀ ဖြင့်ကမ်းလှမ်းမှု အေတီမက်ဂိုးသမား ဂျန်အိုဘလက် ငြင်းဆိုခဲ့

ချယ်လ်ဆီးအသင်းသည် ဂိုးသမား ကီပါအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် မခေါ်ယူမီက စပိန်အခြေစိုက် အက်သလက်တီကိုမက်ဒရစ်အသင်းဂိုးသမား ဂျန်အိုဘလက်အား ပေါင်သန်း ၉၀(ယူရိုသန်း ၁၀၀)ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဂျန်အိုဘလက်က ငြင်းဆိုခဲ့ကြောင်း သိရသည်။

ဂိုးသမားဂျန်အိုဘလက်သည် ပြီးခဲ့သည့် ဘောလုံးရာသီသုံးရာသီက စပိန်လာလီဂါတွင် အကောင်းဆုံးဂိုးသမားအဖြစ် နှစ်ကြိမ်အထိ ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်ဂိုးသမား ဂျန်အိုဘလက်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး စပိန်မြေမှာ အထိုင်ကျနေခဲ့ခြင်းကြောင့် ဂျန်အိုဘလက်က ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အက်သလက်တီကိုမက်ဒရစ်ဂိုးသမား ဂျန်အိုဘလက်က ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ငြင်းဆိုခဲ့ခြင်းမှာ ချယ်လ်ဆီးအသင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့်မရရှိခဲ့ဘဲ အက်သလက်တီကိုမက်ဒရစ်အသင်းကသာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ဂျန်အိုဘလက်မှာ အသင်းအတွက် အဓိကအားထားနေရခြင်းကြောင့် အသင်းတွင် ဆက်ထားရန်ဆုံးဖြတ်ထားသည့်အပြင် အဆိုပါကစားသမား၏ အပြောင်းအရွှေ့ကိုလည်း ယူရိုသန်း ၂၅၀ အထိ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဂိုးသမား ဂျန်အိုဘလက်၏ လက်ရှိအက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စာချုပ်သည်လည်း ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်က ဘင်ဖီကာအသင်းမှ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ဂျန်အိုဘလက်သည် ၂၀၁၆ ခုနှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းအား ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင်စွမ်းဆောင်ပေးခဲ့သည့်အပြင် ယူရိုပါလိဂ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့သည့်ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။

ဂိုးသမားဂျန်အိုဘလက်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် လာလီဂါပွဲစဉ် ၃၇ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် ဂိုးပေါက်ကန်သွင်းမှု ၂၂ ကြိမ်အထိ ကာကွယ်နိုင်ခဲ့သူဖြစ်သည်။







# ကွင်းလယ်ကစားသမားလူကာမိုဒရစ်နေရာတွင် အစားထိုးရန် အဲရစ်ဆင်အား ရီးယဲလ်မက်ဒရစ်အသင်း ပစ်မှတ်ထားနေ

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိကွင်းလယ်ကစားသမား လူကာမိုဒရစ်အသင်းမှ ထွက်ခွာကာ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့သွားမည်ဆိုပါက ၎င်းနေရာတွင် အစားထိုးရန် စပါးအသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

ကွင်းလယ်ကစားသမားလူကာမိုဒရစ်သည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့ပြီး ခရိုအေးရှားအသင်းကိုလည်း ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ထို့ကြောင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား လူကာမိုဒရစ်အား စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် စီစဉ်လျက်ရှိနေသော်လည်း ကစားသမားကိုယ်တိုင်ကမူ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ ကွင်းလယ်ကစားသမားလူကာမိုဒရစ်က အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့်သတင်းများထွက်ပေါ်လာသည့်အချိန်မှာပင် လူကာမိုဒရစ်နေရာတွင် အစားထိုးရန်အတွက် စပါးကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ရီးယဲလ်မက်ဒရစ်အသင်းက ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် လက်ရှိကလပ် စပါးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးပြီး စပါးအသင်းကလည်း လက်ရှိချုပ်ဆိုထားသည့် သက်တမ်းကုန်ဆုံးမည့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင်လည်း စပါးအသင်းတွင် ဆက်ရှိရန်အတွက် စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိနေသည်။

အဲရစ်ဆင်သည်လည်း လက်ရှိအချိန်အထိ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီထားခြင်းမရှိသေးဘဲ စပိန်မြေသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။ ကွင်းလယ်ကစားသမားအဲရစ်ဆင်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ်တွင် ၃၇ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှု ၁၀ ကြိမ်အထိပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်ကို ခေါ်ယူခဲ့ပြီးနောက် ကော်တိုရစ်၏ ချယ်လ်ဆီးကစားဖော် အေဒင်ဟာဇက်ကိုလည်း ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းကမူ တိုက်စစ်မှူး ဟာဇက်အား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

# တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**
တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက် ညပိုင်းတွင် တာချီလိတ်မြို့နယ် မိုင်းဟဲ ကျေးရွာအုပ်စု လွယ်စီတုံ-မိုင်းဟဲသွားလမ်းပေါ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလုကျေးရွာဘက်မှ တာချီလိတ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် နောက်ဘက်သို့ပြန်လည်မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့က သတိပေးပစ်ခတ်ရာ မော်တော်ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးမှာ ကျည်ထိမှန်ကျန်ရစ်ခဲ့ပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ထွက်ပြေးလွတ်မြောက်သွားသော မော်တော်ယာဉ်နှစ်စီးကို လိုက်လံဖမ်းဆီးရာ စန်းလု(အောက်)ကျေးရွာအနီး ဂျောပကျေးရွာသွားလမ်းယာဘက်လျှိုအတွင်းတွင် Foturner အမျိုးအစား အနက်ရောင် ယာဉ်မှာ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းစီပါ ဆာလာအိတ် ၂၂ အိတ် (စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀၀၀) ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားသည့် Revo



အဖြူရောင်ယာဉ်ကို ဩဂုတ် ၁၁ ရက်တွင် စန်းလု(အောက်)ကျေးရွာနှင့် ရင်ခွဲတောင်ကြား လျှိုအတွင်း၌ တွေ့ရှိ၍ရှာဖွေရာ မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်တစ်အိတ်လျှင် စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်းစီပါ ၅၆ အိတ် (စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀၀၀) သိမ်းဆည်းရမိခဲ့၍ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၈၂၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃-၈-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၄၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၂၀ | "ကလိုင်းရွာမှချစ်စရာ့ပလိုင်း" |
| ၉း၄၅ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Victoria Falls"(Zim ba bwe) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာ အဖြေရှာ "သရက်စိုက်ပျိုးရေးနှင့်တန်ဖိုးမြှင့် ထုတ်ကုန်အကြောင်း သိကောင်းစရာ" |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၃း၄၅ | Tasty Trip |
| ၁၄း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၀) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၈၂) (ဇာတ်သိမ်းပိုင်း) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ) |
| ၁၆း၄၅ | "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၀) |
| ၁၇း၀၅ | This Week's Special Interest |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြားသိမှတ်ဖွယ်ရာ ဥပဒေစကားဝိုင်း"(၂) (ဦးဟန်ညွှန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ခင်ဖြူဖြူသန့်၊ ဝေဖြိုးဟိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၁) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "စီးပွားရေးစကားဝိုင်း" (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ပထမပိုင်း) -ရာဇဝင်ထဲက သမိုင်းအနုပညာ "ဆယ်ပွင့်ပန်း"(ပန်းယွန်းလုပ်ငန်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၅) -အစီအစဉ်ပြီး၏။ |

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း ၄ နာရီက ကောလင်းမြို့နယ် မြို့နယ် ချောင်းနားရဲကင်းစခန်းမှ ကျေးအင်းကျေးရွာ လမ်းတွင် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း ခင်မောင်ရွှေ မောင်းနှင်ပြီး အဖွဲ့သည် ဩဂုတ် ၁၀ ရက် ညနေ



အောင်ဆန်းဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ခင်မောင်ရွှေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြား၊ ဓားဦးချွန်တစ်ချောင်း၊ မြန်မာငွေကျပ် ၂၀၀၀၀ နှင့် တူမီးသေနတ် အတိုတစ်လက်တို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့နယ် ကံရိုးကျေးရွာရှိ စတိုးဆိုင်ရှေ့တွင် တရားခံပြေး ဖားသူ(ခ)ဖားထူး(ခ)ဒီငြိမ်းအား MARK X မော်တော်ယာဉ်နှင့်အတူ တွေ့၍ ဝင်ရောက်ဖမ်းဆီးရာ ၎င်းထံမှ ပွိုင့် ၃၈ ပစ္စတိုတစ်လက်၊ ၎င်းကျည်လေးတောင့်၊ ၉ မမ ကျည် ငါးတောင့်၊ ပွိုင့် ၂၂ ကျည် ခြောက်တောင့်၊ သေနတ်ပုံစံ ဂက်စ်မီးခြစ်သေနတ်တစ်လက်၊ မော်တော်ယာဉ်အတွင်းမှ ဖျူးစ်တပ်လျက် လက်ပစ်ဗုံးတစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၈၁ ပြား နှင့် မြန်မာငွေကျပ် ၂၂၈၅၀၀၀ တို့ကိုလည်းကောင်း။

ဩဂုတ် ၁၀ ရက် ညပိုင်းက ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာလမ်းမတွင် တွေ့ရှိသူ သန့်ဇင်ထွန်း(ခ)အဒူလ်ဆတ်သားအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ငွေကျပ် ၃၅၁၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မရင်ရင်ထွေးအား သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(က)ရပ်ကွက် စကားဝါလမ်းရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်တွင် ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက် ၁၈ ဦး ဒဏ်ရာရ

**ပန်းတောင်း ဩဂုတ် ၁၂**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခန့်က ဗောဓိတစ်ထောင် (ဒီပါအေးဘုရား)သို့ ဖူးမြော်ရန်လာရောက်သည့် ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လိုက်ပါလာသူများအနက်မှ ၁၈ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အောင်ပြည့်စုံ မောင်းနှင်ပြီး ဘုရားဖူးခရီးသည် ၄၅ ဦး ခန့် တင်ဆောင်လာသောယာဉ်သည် ပြည်-ကံမ ကားလမ်းအတိုင်း မောင်းနှင်လာကာ ဗောဓိတစ်ထောင်(ဒီပါအေးဘုရား)အနီး ကုန်းတက်အရောက်တွင် နောက်ပြန်လိမ့်ကျသွားခဲ့ရာ ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ပါလာသူ ၁၈ ဦးခန့် မစိုးရိမ်ရဒဏ်ရာများ ရရှိသွားခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်းအား ပန်းတောင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၀၂ စီး၊ သွင်းကုန် ၇၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၂ စီး၊ သွင်းကုန် ၂၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၂ ဒသမ ၉၀၀ ခန့်) မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၆၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၆၆၇ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Higer Hiace ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဒေါင်းမြီးမွေး ၁၂ အိတ်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၄၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ အလုပ်သမားတစ်ဦး ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံး

**ကျိုင်းတုံ ဩဂုတ် ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းလောကျေးရွာအုပ်စု ဝေါ်ခုတ်မြို့သစ်ရပ်ကွက်၌ ဩဂုတ် ၁၁ ရက်က အလုပ်သမားတစ်ဦး ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုဂျူးနှင့် အလုပ်သမားများသည် လုံးပတ်ရှစ်လက်မခန့်နှင့် အမြင့် ၂၄ ပေခန့်ရှိသည့် ဓာတ်တိုင်များတွင် DB Box တပ်ဆင်ရန် အလုပ်လုပ်နေကြစဉ် ကိုဂျူးမှာ ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးသွားခြင်း ဖြစ်သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မော်ဟန်-နမ့်ချီသွားကားလမ်း၌ ဘိန်းဖြူအမှုန့်များ ဖမ်းမိ

**မိုးညှင်း ဩဂုတ် ၁၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မော်ဟန်-နမ့်ချီသွား ကားလမ်း၌ ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီခွဲက ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူထံမှ ဘိန်းဖြူအမှုန့်ဆပ်ပြာခွက်လေးခွက် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ဟန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မော်ဟန်-နမ့်ချီသွား ကားလမ်းတွင် စောင့်ဆိုင်းနေစဉ် မော်ဟန်ဘက်မှ မိုးညှင်းမြို့ အရှေ့စုရပ်ကွက်နေ အောင်ဇော်ဦး(ခ)အောင်မျိုး(၃၆)နှစ် စီးနင်းလာသည့် KENBO-125 မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်း ဆပ်ပြာခွက် လေးခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူအမှုန့် ဂရမ် ၄၀ ကိုလည်းကောင်း၊ အောင်သပြေ ၁ ရပ်ကွက်နေ ချမ်းပြည့်အောင်(၂၀) နှစ် စီးနင်းလာသည့် CANDA-125 ဆိုင်ကယ်အတွင်းမှ ကော်ဘူးဖြင့်ထည့်ထားသည့် ဘိန်းဖြူအမှုန့် ၁ ဒသမ ၂ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိ၍ ၎င်းတို့နှစ်ဦးအား မိုးညှင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ခရမ်းမြို့တွင် ယာဉ်တစ်စီးရေမြောင်းအတွင်းထိုးကျ၊ တစ်ဦးသေဆုံး

**ခရမ်း ဩဂုတ် ၁၂**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့တွင် ယနေ့နံနက် ၂ နာရီက ယာဉ်ငယ်တစ်စီးအရှိန်လွန်ပြီး ရေမြောင်းအတွင်းထိုကျ၍ တစ်ဦးရေနစ်သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၂ နာရီက ခရမ်း-မောင်းမကားလမ်းအတိုင်း မောင်းမကျေးရွာမှ ခရမ်းမြို့သို့ ယာဉ်မောင်း ပြည့်ဖြိုးအောင် မောင်းနှင်ပြီး ရှေ့ခန်းတွင်သိန်းထိုက်စိုးနှင့် နောက်ခန်းတွင်မမြတ်စုမွန် (ခ)ဝတ်ရည်တို့ လိုက်ပါလာသည့် အဖြူရောင်မော်တော်ယာဉ်ငယ်သည် ခရမ်း-ပဲခူးကားလမ်း မောင်းမလမ်းဆုံအရောက်အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအရှေ့ဘက်ရှိ ရေမြောင်းအတွင်းထိုးကျခဲ့သည်။ ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူ သိန်းထိုက်စိုးတို့မှာ ကားတံခါးဖွင့်၍ ထွက်နိုင်ခဲ့သော်လည်း မမြတ်စုမွန်မှာ တံခါးများလော့ကျ၍ ပိတ်မိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သဖြင့် ယာဉ်မောင်း ပြည့်ဖြိုးအောင်ကို ခရမ်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ၆၅ နှစ်ပြည့် မန္တလေးပန်းတျာ၏ သမိုင်းမှတ်တိုင်

ဆူးငှက်

မန္တလေးပန်းတျာကျောင်းကို ၁၉၅၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ ကတည်းက စတင်ဖွင့်လှစ်ခဲ့၏။ 'ပန်းချီ ပန်းတျာနှင့် ပြဇာတ်ကျောင်း' ဟု အမည်ပေးခဲ့၏။ အဆိုပါကျောင်းကို ၈၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား ညွန့်ပေါင်းဈေးအနီးရှိ နှစ်ထပ်အုတ်တိုက် အဆောက်အအုံတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းကို ၁၉၅၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ပြည်ထောင်စု ယဉ်ကျေးမှုဌာနဝန်ကြီး ဦးထွန်းဖေက ဖွင့်လှစ်ပေးသည်။ အခမ်းအနားမှူးအဖြစ် ယဉ်ကျေးမှု အထူးအရာရှိ ဦးအေးမောင်က ဆောင်ရွက်သည်။ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေး (ဇေယျာမောင်) က သဘာပတိဖြစ်သည်။ အဖွင့်အမှာစကားများကို ဖဆပလ ဥက္ကဋ္ဌ ဦးဘကြွယ်၊ မန္တလေးမြူနီစီပယ် ဥက္ကဋ္ဌ ဦးအိန္ဒနှင့် ဆရာကြီး ရွှေပြည်ဦးဘတင်တို့က ပြောကြားခဲ့သည်။

## ဖွင့်ပွဲ အစီအစဉ်

ဖွင့်ပွဲနေ့က ထောင်ရောင်နေကသာ သီချင်းခန့်နှင့် ရွှေပင်ရွှေဘုန်းကြီးသီချင်းတို့ကို မန္တလေးပန်းတျာဆရာ ဆရာမများက သီဆိုကြပြီး ရန်ကုန်ပန်းတျာမှ ကျောင်းသူ ခင်ဝင်းရွှေ နှင့် ခင်ခင်မြင့်တို့က စန္ဒရား သန်လျင်ဦးမြဦး၊ တယောဦးတင်၊ ဂီတာဦးစိမ်းမောင်တို့နှင့်အတူ မင်္ဂလာ သီရိဘွဲ့နှင့် သီလာမြေယံကြိုးတို့ကို သီဆိုဖျော်ဖြေခဲ့သည်။ အလင်္ကာကျော်စွာ ဒေါ်စောမြကြည်ကလည်း အလင်္ကာကျော်စွာ စောင်းဦးဘသန်းနှင့် ပဒေသာသီချင်းများ သီဆိုခဲ့၏။ ထိုနေ့ည ညစာစားပွဲတွင် မြို့မတူရိယာအသင်းက သီဆိုတီးမှုတ်ပြီး ကက်နက်စိန်၊ ရွှေလိပ်ပြာ၊ ကောလိပ်မြိုင်နှင့် စိန်မြကြည်တို့က ကပြဖျော်ဖြေခဲ့ကြသည်။ ဇူလိုင် ၂ ရက်နေ့တွင်လည်း မန္တလေး အနုပညာရှင်များက ပြန်လည်ဧည့်ခံကြပြီး ဇူလိုင် ၃ ရက်နေ့တွင် ပန်းချီသမဂ္ဂ၏ ဧည့်ခံမှုအစီအစဉ်နှင့်အတူ သင်္ဂဟ တူရိယာအသင်းက ဖျော်ဖြေခဲ့သည်။

## မဟာဂီတအသင်းက အစ

တကယ်တော့ မန္တလေး ပန်းတျာကျောင်း စတင်ဖွင့်လှစ်ဖြစ်ခြင်းက စိတ်ဝင်စားဖွယ် ဖြစ်ပါ၏။ ၁၂၄၇ ခုနှစ် ပါတော်မူပြီးနောက် ရတနာပုံတစ်ခေတ်လုံး ထွန်းကားခဲ့သော မဟာဂီတပညာရပ်များ အရှည်တည်တံ့ရေးအတွက် ၁၉၃၀ ပြည့်နှစ် ဝန်းကျင်တွင် မဟာဂီတအသင်းကြီး ဖွဲ့စည်းကာ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဝေခြင်း၊ သင်ကြားခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုအစီအစဉ်အရ တာရဲတန်းတွင် မဟာဂီတသင်တန်းကျောင်းလည်း ဖွင့်လှစ်ခဲ့ရာ ရေရှည်တွင် စရိတ်အခက်အခဲကြောင့် ရပ်နားလိုက်ရသည်။ ၁၉၅၂ ခုနှစ်တွင် ပြည်တော်သာညီလာခံ ကျင်းပသောအခါ မြို့မတူရိယာအသင်းအပါအဝင် မန္တလေးအနုပညာရှင်များက အားတက်သရော ကူညီသောကြောင့် ဝန်ကြီးချုပ် ဦးနုက ဂုဏ်ပြုညစာတည်ခင်းချိန်၌ ဘာအကူအညီများလိုအပ်ပါသလဲဟူသော ကျေးဇူးဆပ်မှုအပေါ် မဟာဂီတသင်တန်းလေးဆက်ဖွင့်ဖို့ စရိတ်လိုအပ်နေပါတယ်ဟု ဆရာဦးဘကလေး အပါအဝင် ပညာရှင်ကြီးများက ရိုးသားစွာတင်ပြခဲ့ကြသည်။ ထိုအခါ ဝန်ကြီးချုပ်က ပိုမိုကျယ်ပြန့် အဆင့်မြင့်သော အနုပညာကျောင်း ဖွင့်လှစ်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီးကို ချက်ချင်းတာဝန်ပေးခဲ့သည်။ စတင်ဖွင့်လှစ်နိုင်ရန် ယဉ်ကျေးမှုဝန်ကြီး အစီအစဉ်ကို ရွှေပြည်ဦးဘတင်၊ ဗိုလ်ခင်မောင်ကလေးနှင့် ဦးစိန်ညွန့်တို့က ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာပညာရှိ ဆရာကြီး ဦးဖိုးလတ်က ပန်းတျာဟူသောစကားလုံးကို ရွေးချယ်ပေး သဖြင့် 'ပန်းချီ ပန်းတျာနှင့် ပြဇာတ်ကျောင်း' ဟု ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

## မန္တလေးပန်းတျာနှင့် ပန်းချီပန်းပုကျောင်း

ပထမဆုံး မန္တလေးပန်းတျာကျောင်းကို ကျောင်းအုပ်ကြီး ဦးစိန်ညွန့်ဦးဆောင်ကာ စောင်းနည်းပြ ဒေါ်ခင်မေ၊ အဆိုနည်းပြ ဆရာထူး၊ ပတ္တလားနည်းပြ ဦးဘကလေး၊ အမျိုးသမီးအကနည်းပြ ဒေါ်ဩဘာသောင်း၊ အမျိုးသားအကနည်းပြ ရွှေဒေါင်းညို၊ စီးပွားရေးပန်းချီနည်းပြ ဦးအေးကျော်၊ ရသပန်းချီနည်းပြ ဦးဘသက်၊ ကြိုးတပ်တူရိယာနည်းပြ ဦးချစ်ထွေးတို့ဖြင့် ဖွင့်လှစ်ခဲ့သည်ဟု သိရ၏။ ထို့နောက် နန်းရှေ့ အရှေ့ကျုံးလမ်းပေါ်ရှိ လက်ရှိနေရာသို့ ၁၉၅၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြောင်းရွှေ့ခဲ့သည်။ မန္တလေးပန်းတျာနှင့် ပန်းချီပန်းပုကျောင်းဟု ခေါ်တွင်ခဲ့သည်။

၁၉၅၃ ခုနှစ် ညွန့်ပေါင်းဈေးနားမှာ စဖွင့်တော့ အမျိုးသားအကနည်းပြဆရာ ရွှေဒေါင်းညိုကလည်း 'ခြေနှင့်ခါးနှင့် ခေါင်းနှင့်လက်ကယ်စုံမှသာ' အစချီ သီချင်းဖြင့် မြန်မာမင်းသားအက အခြေခံကို မှတ်သားလွယ်အောင် ကြိုးပမ်းအားထုတ်ကာ မင်းသားအကကို သင်ကြားနေလေပြီ။ အလားတူ ဂီတသင်တန်းများကလည်း အခြေခံသင်ရိုး ကြိုးသီချင်းများကို စတင်သင်ကြားနေကြပြီ။ ပန်းချီသင်တန်းကလည်း အခြေခံဖြစ်သော မျဉ်းကွေးမျဉ်းဖြောင့်တွေ လေ့ကျင့်နေကြပြီပေါ့။ အမျိုးသမီး အကနည်းပြအဖြစ် ခန့်အပ်ခြင်းခံရသော ဆရာမကြီး ဒေါ်ဩဘာသောင်းကလည်း ကျောင်းပြတင်းပေါက်မှာ ငေးထိုင်ရင်း ဘာသင်လို့ သင်ရမှန်းမသိ။ အိုးစည်အကပဲ သင်ရမလို၊ အပျိုတော်အကပဲ သင်ရမလို၊ ဒိုးပတ်အကပဲ သင်ရမလို၊ ကျောင်းအုပ်ကြီးကလည်း ဆရာမကြီးကို သင်တန်းစဖို့ တတို့တို့ လုပ်နေပြန်၏။ ဆရာမကြီးက သူ့သင်တန်းကို မစနိုင်သေးတော့ သူ့ဒိုးဆရာစိန်လှမောင်ကလည်း သူ့ဗုံလေးတွေကို ပတ်စာရေစာ မကျွေးနိုင်သေး။ ဗုံလေးတွေနဲ့အတူ ငေးငိုင်နေဆဲ။ တကယ်တော့ စိန်လှမောင်ဆိုတာလည်း နှယ်နှယ်ရရမဟုတ်။ နေမျိုးဗလကျော်သူ ဘွဲ့ခံ ရွာစားကြီးစိန်ဗေဒါ၏ သားတပည့်ဖြစ်သည်။ ဒါပေမယ့် ဆရာမကြီး ခြေချိုးလက်ချိုး မလုပ်သေးသမျှ သူ့ဒိုးလက်သံလည်းမပီ မပြည်နိုင်သေးဘဲဖြစ်နေသည်။

## ဖိုးသာအောင်ရေ.. ဗျို.. ဗျို..

၈၃ လမ်းပေါ်မှာ မြင်းလှည်းလေးတွေပဲ ကြိုးကြားကြိုးကြား တခွပ်ခွပ်သွားနေသည်။ မြစ်ဆိပ်သို့ ဆီတွဲများဆွဲသွားသော မီးရထားတစ်စင်းကလည်း ၃၅ လမ်းသံလမ်းအတိုင်း ၈၃ လမ်းကို ဖြတ်သွားသည်။ မီးရထားဖြတ်သွားပြီးနောက် အဝေးဆီမှ သီချင်းသံတစ်သံကို ကြားလိုက်ရ၏။ မထူးဆန်း၊ သည်သီချင်းက ဘယ်နေရာသွားသွား၊ ဘယ်ဓာတ်စက်ကဖွင့်ဖွင့် ဒီသီချင်းပဲ ဖြစ်နေ၍ မကြားချင်အဆုံး။ မေသစ်ရဲ့ 'ဖိုးသာအောင်ရေ. . ဗျို. . . ဗျို. . . တဲ့' ဖိုးသာအောင်ရေ ကောက်စိုက်ဖို့လိုက်မလား. . . လိုက်မလား . . . " တဲ့။

ရိုးအီနေတဲ့သီချင်းဟာ ညွန့်ပေါင်းဈေးပန်းတျာကျောင်းထဲက အခန်းလေးတစ်ခန်းထဲ ငေးငိုင်နေသော အကနည်းပြ ဆရာမကြီး ဒေါ်ဩဘာသောင်းကိုတော့ ဖျတ်ခနဲလှုပ်နှိုးလိုက်သည်။ ရုတ်ခြည်း အနားက ဒိုးဆရာစိန်လှမောင်ကိုခေါ်ပြီး သူက စည်းနှင့် ဝါးကိုင်လိုက်သည်။

## တပ်ဗေတိုးဗေ၊ တပ်ဗေတိုးဗေ

'ခုနက ဖိုးသာအောင်သီချင်းကို ဒိုးကွက်ဝင်လိုက်စမ်းပါ' ဟု ပြောလိုက်သောအခါ လမ်းစသည်လည်း ပွင့်သွားလေတော့၏။

'တပ်ဗေတိုးဗေ၊ တပ်ဗေတိုးဗေ ဂျေးဂျေးတပ်ဂျေး၊ တပ်ဂျေးတပ်'

စိန်လှမောင်၏ဒိုးဆစ်မှာ ဆရာမကြီး ဒေါ်ဩဘာသောင်းက စိတ်ကူးဖြင့် ကကွက်တွေ သွင်းကြည့်သည်။ ထိုဒိုးဆစ်နှင့် ကကွက်ကို မှတ်သားထားလိုက်၏။

'ဗေတိုးပတ်၊ ဗေတိုးပတ်'

ဒိုးဆရာ စိန်လှမောင်ကလည်း သီချင်းတေးသွားအလိုက် ဒိုးချက်တွေ ဆက်ကာဆက်ကာသွင်းသည်။ သီချင်းဆုံးသော်လည်း တီးနေကျ ဒိုးချက်တွေ ဆက်တီးသည်။ ဆရာမကြီး ဒေါ်ဩဘာသောင်းကလည်း ဆရာစိန်လှမောင်၏ ဒိုးချက်တွေကို ကကွက်တွေဖြင့် မှတ်သားကြည့်သည်။ ရပြီ။

ဤသို့ဖြင့် ဆရာမကြီးသည် ၃၁ လမ်းက သူ့အိမ်ရောက်တော့ အိမ်ပေါ်ကို အပြေးအလွှားတက်ကာ ဒိုးချက်တွေကိုပါးစပ်မှ အသံထွက်ရင်း ကိုယ်လုံးပေါ်မှန်ကြီးရှေ့ကကြည့်၏။ ထိုအခါ ကဗျာလွတ်အက ပထမအဆင့် ၂၅ ကွက် မွေးဖွားလာတော့သည်။ တကယ်တော့ ထိုအကကို 'ကဗျာလွတ်'ဟု အမည်မတွင်သေး၊ ဆရာမကြီး ဒေါ်ဩဘာသောင်းက သူ့ဘာသာ ဘာအမည်မှမပေးဘဲ ကျောင်းသူလေးတွေကို သင်ကြားပေးနေခြင်းဖြစ်သည်။

## ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ပြပွဲ

ဆရာမကြီးဒေါ်ဩဘာသောင်းက အခြေခံကကြိုး ၂၅ မျိုးကို စမ်းသပ်ပြီးနောက် မကြာခင်မှာ ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ပြပွဲအတွက် မန္တလေးပန်းတျာကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုပါဝင်သောကြောင့် ရန်ကုန်သို့ ဆင်းကြရ၏။ ရန်ကုန်တွင် ကပွဲအစီအစဉ်အတွက် ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဖြစ်သော ဗိုလ်ခင်မောင်ကလေးက ဆရာမကြီး ဒေါ်ဩဘာသောင်းနှင့် တွေ့သည်။ ဆရာမကြီးတို့ မန္တလေး ကျောင်းက ဘာတွေများ ထူးထူးခြားခြား စီစဉ်ခဲ့ပါသလဲဟု ဗိုလ်ခင်မောင်လေးက မေးသောအခါ ဗုံလေးလုံး၊ စည်းဝါးနှင့်ပဲ တီး၍ကရသော သူတီထွင်ထားသည့် ကကွက် ၂၅ ကွက် ကပြမည့် အစီအစဉ်ကို ဆရာမကြီး ဒေါ်ဩဘာသောင်းက ပြောပြသည်။

ဒိုးဆရာစိန်လှမောင် ရန်ကုန်ယဉ်ကျေးမှုဌာနသို့ ပြောင်းသွားသောအခါ အသစ်ရောက်ဒိုးဆရာ ဦးအောင်ကြည်နှင့် ကဗျာလွတ် ဒုတိယ၊ တတိယအဆင့်များကို ဒေါ်ဩဘာသောင်းက ဆက်လက်တီထွင်၏။ ဒိုးဆရာ ဦးအောင်ကြည်သည် နာမည်ကျော်စန္ဒရား ဦးအုန်းမောင်၏ အစ်ကိုဖြစ်သည်။ ကဗျာလွတ်တတိယအဆင့် တီထွင်ပြီး ဒိုးဆရာ ဦးအောင်ကြည် ကွယ်လွန်သောအခါ ဒိုးဆရာ ဦးဘဦးရောက်လာပြန်သည်။ ဒေါ်ဩဘာသောင်းက ဦးဘဦးနှင့် ကဗျာလွတ် စတုတ္ထဆင့်၊ ပဥ္စမအဆင့်ကို ဆက်လက်တီထွင်သည်။





## အနုပညာတက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့သော်

ပန်းတျာကျောင်းသည် သုံးနှစ်သင်တန်းသာမို့ ကဗျာလွတ်ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယဆင့်နှင့်ပင် လုံလောက်နေပြီဖြစ်၏။ သို့သော် ဒေါ်ဩဘာသောင်းက အမြော်အမြင်ကြီးစွာဖြင့် ပန်းတျာသင်တန်းများကို အကယ်၍ ငါးနှစ်အထိတိုးချဲ့ကာ အနုပညာဘွဲ့များ ပေးအပ်နိုင်အောင် အနုပညာတက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့သော် အဆင်သင့်ဖြစ်ရန်အတွက် ကဗျာလွတ် စတုတ္ထဆင့်နှင့် ပဥ္စမဆင့်ကိုပါ ဆက်လက်တီထွင်ခဲ့ခြင်းဖြစ်သည်။

ယဉ်ကျေးမှု အစီအစဉ်များအရ ရန်ကုန်၊ မန္တလေး ပန်းတျာကျောင်းများသို့ လာရောက်လေ့လာကြသော နိုင်ငံတကာ ယဉ်ကျေးမှုပညာရှင် အကပညာရှင်များက သူတို့၏ အဆင့်မြင့် ခံ့ထည်လှသော စာအုပ်ကြီးများကိုပြကာ 'မြန်မာအကမှာ ဒီလိုစာအုပ်စာတမ်းနဲ့ မှတ်တမ်းတင်ထားတာရှိသလား၊ ကိုရီယိုဂရပ်ဖီရှိလား' ဟူသောမေးခွန်းကို တွင်တွင်မေးလေ့ရှိကြ၏။ ဟုတ်တော့လည်း ဟုတ်သည်။ သူတို့မှာ 'ဘဲလေး' နှင့် ပတ်သက်ပြီး နည်းစနစ်တွေကို အခြေခံမှုစ၍ ပညာရှင်များဖြင့် စနစ်တကျ မှတ်တမ်းတင်ထားသော စာအုပ်ကြီးတွေရှိနေတာကြာပြီ။ သူတို့စာအုပ်ကြီးတွေ ထုတ်ထုတ်ပြတိုင်း ပန်းတျာကျောင်းတွေက ကျောင်းသား ကျောင်းသူလေးတွေကို အိုးစည်ကပဲ ကခိုင်းပြီး ဒါမြန်မာ ကိုရီယိုဂရပ်ဖီ ဟု ပြရမလို၊ ခုနစ်ထွေအက ထုတ်ပြပြီး ဒါမြန်မာ ကိုရီယိုဂရပ်ဖီဟု ပြောရမလို နားဝေတိမ်တောင်ဖြစ်နေကြတော့၏။

ဤသို့ဖြင့် မန္တလေးပန်းတျာကျောင်းက အမျိုးသားအကနှင့် ဩဘာသောင်း၏ အမျိုးသမီးအက ကဗျာလွတ်တို့ကို အစောဆုံးတီထွင်နိုင်ခဲ့ပြီး မြန်မာအကနှင့် ပတ်သက်၍ မူမှန်စံနစ်မှန် အကဗေဒ (CHEROGRAPHY) ဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ခဲ့သည်။ တကယ်တော့ ထိုအပြောင်းအလဲကာလတွင် မန္တလေးပန်းတျာက မြန်မာအကသမိုင်း၏ မှတ်တိုင်တစ်တိုင်ကို စိုက်ထူခဲ့ခြင်းမဟုတ်လော။ မြန်မာမှာ 'အကဗေဒ' ရှိသလားဟူသော မေးခွန်းကို ရဲဝံ့စွာဖြေကြားနိုင်ဖို့ လမ်းစပင် မဟုတ်ပါလော။

## တိုတိုထွာထွာဖတ်စရာ

### ဓနုဖြူမြို့နယ်တွင် စပါးခင်းအတွင်းငါးမျိုးများစိုက်ထည့်

**ဓနုဖြူ**
ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးစံပြစိုက်ခင်းအတွင်း ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။
တီလားပီးယားကောင်ရေ ၂၅၀၀၀၊ ငါးနုံမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၇၅၀၀၀ ကို စပါးခင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အုတ်ဖိုမြို့၌ စီမံကိန်းချေးငွေများပြန်လည်ထုတ်ချေး

**အုတ်ဖို**
အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုင်းတောစုကျေးရွာသည် စီမံကိန်းမတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် လည်ပတ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းငွေကျပ် ၃၉၆ သိန်းကျော် ရရှိထားသဖြင့် ဩဂုတ် ၈ ရက်က ကျေးရွာကော်မတီဝင်များက အသင်းသား အသင်းသူများအား စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**

### မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၁) ကျောင်းရှေ့၌ ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောခဲ့သည်။
လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်း၊ လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွှန့်လွင်ဦးနှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၄၉ မှ ဒုရဲမှူးမင်းသူနှင့် တာဝန်ရှိသူများသည် ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်းအင်အား ၅၈၀ ခန့်အား မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

### ပိုင်ကျုံမြို့တွင် မျိုးစပါးများထောက်ပံ့


**ပိုင်ကျုံ**
ကရင်ပြည်နယ် ပိုင်ကျုံမြို့တွင် ရေကြီးရေလျှံမှုများကြောင့် ပိုင်ကျုံမြို့အတွင်း ပျက်စီးသွားသော လယ်ယာမြေများ အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် ဩဂုတ် ၁၁ ရက်က ပိုင်ကျုံမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် အရန်မျိုးစပါးတင်း ၃၃၀ ကို တောင်သူများအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။
ပိုင်ကျုံမြို့အတွင်း မိုးစပါးစိုက်ဧက ၅၈၇၄ ရှိပြီး ရေလွှမ်းဧက ၁၅၁၇ ရှိရာ ရေကြီးနစ်မြုပ်မှုများကြောင့် လယ် ၁၁၈၂ ဧက ထိခိုက်ပြီး ဧက ၃၆၀ ပျက်စီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**မင်းတပ်**
လူကုန်ကူးမှုသည် မသိနားမလည်မှုကြောင့် တဖြည်းဖြည်းမြင့်တက်လာနေကြောင်း၊ တားဆီးကာကွယ်ရေးသည် သက်ဆိုင်ရာဌာနအပြင် ပြည်သူများက အသိတရားဖြင့် ဆင်ခြင်တားဆီးမှသာ အောင်မြင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းတွင် ကျင်းပသော အသိပညာပေးဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညီညီက ပြောကြားသည်။
ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးတာဝန်ခံက ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နေပြည်တော် ဇေယျာသီရိမြို့နယ်ခေတ်အေးကျေးရွာ အုပ်စု မရင်းကြီးကျေးရွာ ဘုန်းကြီးကျောင်း၌ ဩဂုတ် ၁၂ရက်က ရွှေတွင်းကုန်းမြို့မရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းဇော်ဦး၊ ရွှေတွင်းကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်သက်ထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး မှုခင်းပညာပေးဟောပြောစဉ်။** ခွန်းဆက်နေ

## ပဲခူးမြို့ပတ်တာ၊ ပဲခူးမြစ်၊ ပဲခူး-စစ်တောင်းတူးမြောင်းနှင့် စစ်တောင်းမြစ် နေရာများ ကွင်းဆင်းကြည့်ရှု

**ပဲခူး ဩဂုတ် ၁၃**
ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ပတ်တာနေရာများဖြစ်သော ကျောက်တွင်းကုန်း၊ ကျောက်ကြီးစု၊ ညောင်ဝိုင်းရပ်ကွက်နေရာများရှိ တာအခြေအနေ၊ ပဲခူးမြစ် ရေစီးရေလာအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကိုကိုဦးနှင့် တာဝန်ရှိသူများက ပဲခူးမြစ်ရေမြင့်တက်ချိန် တာအခြေအနေ၊ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှု၊ ရေပြန်လည်ကျဆင်းချိန်ဆောင်ရွက်ခဲ့မှု၊ တာကြံ့ခိုင်ရေးအတွက်လက်တလောနှင့် ရေရှည်ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။
ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြစ်လက်ဝဲဘက်ရပ်ကွက်များ၏ အဓိကရေနုတ်ချောင်းဖြစ်သည့် ကုလားရိုက်ရိုးဖြတ်သန်းရာ ကျောက်တွင်းကုန်း၊ ကျောက်ကြီးစု၊ ရွာသစ်ကျေးရွာနေရာများနှင့် ကုလားရိုက်ရိုးပဲခူးမြစ်အဆုံနေရာတို့ရှိ ရေထုတ်နုတ်မှုအခြေအနေတို့ကို ကြည့်ရှုခဲ့ကြသည်။
ဆက်လက်၍ ဝေါမြို့သို့သွားရောက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့်အတူ ပဲခူး-စစ်တောင်းတူးမြောင်း၊ ဒိုက်ဦး-ညောင်ခါးရှည်ကားလမ်းပေါ်ရှိ ပုကိုင်တာနေရာ၊ နဂါးပေါက်ချောင်းမှ စစ်တောင်းမြစ်အတွင်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကွင်းရေထုတ်လွှတ်နေမှု၊ ပုကိုင်တာအပြင်ဘက်ရှိ ကွင်းရေအခြေအနေနှင့် မြစ်ကျိုးရေတံခါးမှ စစ်တောင်းမြစ်သို့ ရေထုတ်လွှတ်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။
ယင်းနောက် စစ်တောင်းမြစ်ကူးတံတား(သိမ်ဇရပ်) သို့သွားရောက်ပြီး တံတားအထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် အလျားတစ်မိုင်ခန့်နှင့် တံတားရေလမ်းအကျယ်ပေ ၁၀၀၀ ခန့် သောင်ခုံဖြစ်ပေါ်၍ ရေထုတ်နုတ်မှုအား လျော့နည်းနေမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား ဆောင်ရွက်နိုင်မည့်အစီအမံများကို မှာကြားကာ ဝေါမြို့ အဆင့်မြင့်ဈေးသို့သွားရောက်ပြီး ဈေးတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ဘူးသီးတောင်မြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သူဝင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းကြွယ်တို့ဦးစီးသည့် တပ်ဖွဲ့ဝင်အင်အား ၆၀ တို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြစဉ်။ **ဟိန်းထက်**

## ပင်လယ်ကမ်းစပ်တွင် နေထိုင်သောပြည်သူများ မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

**အမာ ဩဂုတ် ၁၂**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဒေါငြိမ်းကျေးရွာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွင် ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီမှစတင်ပြီး ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊အရပ်ဘက်အဖွဲ့အစည်းများ၊ ပင်လယ်ကမ်းစပ်တွင်နေထိုင်ကြသော ပြည်သူများစုပေါင်းပြီး မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်းသိရသည်။
ထိုဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးလေဝသသတင်းများ အလေးထားနားထောင်ရန်၊ သတင်းကြေညာရာတွင် မုန်တိုင်းအခြေအနေပေါ်မူတည်၍ အရောင်ဖြင့် ခွဲခြားသတ်မှတ်ပုံ၊ အဝါရောင်အဆင့်တွင် ပြင်ဆင်ရန်အဆင့် ကာယ်ဆယ်ရေးပြုလုပ်ပုံများ၊ အနီရောင်အဆင့်မှ နောက်ဆုံးအစိမ်းရောင်အဆင့်အထိ လေ့ကျင့်ခဲ့ကြသည်။
သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များကို အထူးကူညီကယ်ဆယ်ရန် လေ့ကျင့်ခဲ့သည့်အပြင် ရေနစ်နေသူ၊ အိမ်ပိမိသူ၊ သစ်ပင်ပိမိသူ များကို ကယ်ဆယ်ပုံများ လေ့ကျင့်ခဲ့ကြသည်။ ထို့နောက် လူစုမိချိန်တွင် သဘာဝဘေးဖြစ်ပေါ်လာပါက ပြုမူနေထိုင်လုပ်ကိုင်ရမည့် သိကောင်းစရာများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူး ဒေါ်သီသီချို၊ အမာမြို့အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်နှင့် ဌာနဆိုင်ရာများက အသီးသီးပညာပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ဒဂုံမြို့သစ်(အရှေ့ပိုင်း) သက်ငယ်မုဒိမ်းပပျောက်ရေး ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၂**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဩဂုတ် ၉ ရက် ည ၇ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးကိုကိုလွင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေးဟောပြောပွဲပြုလုပ်ရာ ရပ်ကွက်နေပြည်သူ ၇၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

## မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မိုးတေးသံစဉ် သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မုံရွာ ဩဂုတ် ၁၂**
မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မိုးတေးသံစဉ် သီချင်းဆိုပြိုင်ပွဲကို ယင်းတက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်(၇) ဘက်စုံခန်းမ၌ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။
မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာစိုးဝင်းက နိုင်ငံတကာတွင် ငယ်စဉ် မူလတန်းပညာကတည်းက အနုပညာကို သင်ကြားပေးနေကြောင်း၊ နိုင်ငံအတော်များများတွင်လည်း ငယ်စဉ်ကတည်းက အဆိုဘက်ကို ဝါသနာပါသူကို အဆို၊ အကဘက် ဝါသနာပါသူကို အက၊ အတီးအမှုတ်ဘက် ဝါသနာပါသူကိုလည်း အတီးအမှုတ်သင်ကြားနိုင်အောင် သင်ရိုးများတွင် ထည့်သွင်းရေးဆွဲတာကြောင်း ပြောကြားသည်။
အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ရှမ်းတိုင်းရင်းသားမိသားစု၊ ချင်းတိုင်းရင်းသားမိသားစု၊ ကချင်တိုင်းရင်းသားမိသားစုနှင့် စစ်ကိုင်းတိုင်းဒေသကြီးမိသားစုတို့မှ ဖျော်ဖြေရေးအစီအစဉ်များပါဝင်ခဲ့ကြောင်း သိရသည်။
၂၀၁၇-၂၀၁၈ ပညာသင်နှစ် မုံရွာစီးပွားရေးတက္ကသိုလ်၏ မိုးတေးသံစဉ် သီချင်းဆိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခ၊ ဌာနမှူးများက ပြိုင်ပွဲတွင် အကဲဖြတ်ပေးသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မိုးညှင်းမြို့နယ် ခုတင်၁၀၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသပ်ရပ်ရေး စုပေါင်းလုပ်အားပေး

**မိုးညှင်း ဩဂုတ် ၁၂**
မိုးညှင်းမြို့နယ် ခုတင် (၁၀၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသပ်ရပ်ရေးအတွက် စုပေါင်းလုပ်အားပေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံဝင်းအတွင်း၌ ဆောင်ရွက်ကြသည်။
စုပေါင်းလုပ်အားပေးပွဲတွင် မိုးညှင်းမြို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ဆေးရုံရှေ့မျက်နှာစာရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဆေးရုံဝင်းအတွင်းရှိ ရေချိုးကန်နှင့် ရေနုတ်မြောင်းများအတွင်းရှိ အညစ်အကြေးများအား မီးသတ်ပိုက်များဖြင့် ထိုးပက်၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းများအပြင် ပလတ်စတစ်အိတ်များဖြင့် အမှိုက်သရိုက်များအား စုပေါင်းလိုက်လံကောက်ယူခဲ့ကြသည်။
အမှိုက်သရိုက်များစွန့်ပစ်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်နှစ်စီးနှင့် စွန့်ပစ်အမှိုက်များအား စနစ်တကျသယ်ယူစွန့်ပစ်ပေးခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှလည်း မီးသတ်ယာဉ်နှစ်စီးဖြင့် ရေဆိုးထုတ်မြောင်းများနှင့် ရေနုတ်မြောင်းများအတွင်းရှိ ရေဆိုးရေညစ်များ ဖယ်ထုတ်ရှင်းလင်း၍ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်**

# နှင်းပုလဲ–ဒိုးဝန်းကြား ရထားလမ်းပိုင်း မကြာမီဖွင့်လှစ်ပြေးဆွဲနိုင်ရေးပြင်ဆင်နေ

**ရန်ကုန် ဩဂုတ် ၁၂**

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရထားလမ်းပိုင်း အချို့ ရေကျော်ခဲ့ပြီး ရန်ကုန်-မော်လမြိုင်-ထားဝယ်လမ်းပိုင်းပြေးဆွဲပေးနေသော နှင်းပုလဲဘူတာနှင့် ဒိုးဝန်းဘူတာကြားရှိ ရေတိုက်စားခံခဲ့ရသည့် ရထားလမ်းပိုင်းအား ယခုအခါ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိရာ မကြာမီဖွင့်လှစ်ပြေးဆွဲနိုင်တော့မည်ဖြစ်ပြီး လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ်ဆောင်ရွက်ရန်ခန့်မှန်းထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်-မော်လမြိုင်-ထားဝယ်လမ်းပိုင်း ပြေးဆွဲပေးနေသော ရန်ကုန်ဘက်ခြမ်းမှ နှင်းပုလဲဘူတာနှင့် မော်လမြိုင်ဘက်ခြမ်းမှ ဒိုးဝန်းဘူတာကြားဖြစ်သော နှင်းပုလဲ-ဒိုးဝန်းကြား ရထားလမ်းပိုင်း ရေတိုက်စားမှု လမ်းပိုင်းအမြန်ဖွင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရေတိုက်စားခံရသည့် ရထားလမ်းတာပေါင်လေးနေရာအား ကျောက်ကြီးများချ၍ မြေဖို့ခြင်းနှင့် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး တံတားအမှတ် ၇၄ ရှိ ရေလယ်တိုင်မှာ ရေထဲမျောပါသွားခဲ့ရခြင်းကြောင့် ရေကျခြင်းကို စောင့်ဆိုင်းကာ ဖောင်ဒေးရှင်းလုပ်ငန်းနှင့် တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရ ရန်ကုန်-မော်လမြိုင်ကြားရှိ အမှတ် ၃၅ အဆန်နှင့် ၃၆ အစုန် အမြန်ရထားပြေးဆွဲမှုကိုမူ ယာယီရပ်နားထားပြီး ရန်ကုန်-ထားဝယ်လမ်းပိုင်းပြေးဆွဲပေးနေသည့် အမှတ် ၁၇၅ အဆန်နှင့် ၁၇၆ အစုန်ရထားပြေးဆွဲမှုကို ရန်ကုန်-မော်လမြိုင်ကြား ယာယီရပ်နားထားကာ မော်လမြိုင်-ထားဝယ်ခရီးစဉ်ကို ဆက်လက်ပြေးဆွဲပေးလျက်ရှိပြီး ဇူလိုင် ၃၁ ရက်မှစတင်၍ အမှတ် ၈၉ အဆန်နှင့် ၉၀ အစုန် အမြန်ရထားအား ရန်ကုန်-မော်လမြိုင်ခရီးစဉ်အစား ရန်ကုန်-နှင်းပုလဲကြား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

# မိုးရွာသွန်းမှုများ၍ ဘားအံ–မြဝတီကားလမ်းပျက်စီး ယာဉ်သွားလာမှုခက်ခဲကာ ယာဉ်ကြောပိတ်မှုများ မကြာခဏဖြစ်

**ဘားအံ ဩဂုတ် ၁၂**

မိုးရွာသွန်းမှုကြောင့် ဘားအံ-မြဝတီကားလမ်း ဗွက်ထကာ ယာဉ်သွားလာမှုခက်ခဲသည့်အတွက် ယာဉ်ကြောပိတ်ခြင်းများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



ဘားအံမြို့နယ် ဝဲကရင်ကျေးရွာအုပ်စု နောင်သရမ်းလမ်းခွဲ ဝဲကရင်ကျေးရွာနှင့် ဒူရိန်ကျေးရွာကြား ဘားအံ-မြဝတီ ကားလမ်းပေါ်တွင် ဩဂုတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က တွဲကားတစ်စီးလမ်းချော်နေပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ မွန်းလွဲ ၂ နာရီမှ ဖြတ်သန်း၍ရရှိခဲ့ကြောင်း၊ ယင်းနေ့ည ၁၁ နာရီခန့်က လမ်းချော်မှုကြောင့် ယာဉ်လမ်းကြော ပြန်ပိတ်ခဲ့ပြီး ဩဂုတ် ၁၁ ရက် နံနက် ၅ နာရီတွင် လမ်းပြန်ပွင့်ခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် ယာဉ်သွားလာမှုခက်ခဲသည့်အတွက် ယာဉ်ကြောပိတ်ခြင်းများ မကြာခဏ ဖြစ်ပွားသော်လည်း ကုမ္ပဏီနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက အချိန်မီရှင်းလင်းနိုင်သဖြင့် မိနစ်ပိုင်းသာ ပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"လမ်းဖောက်တာက ရာသီဥတုအခြေအနေအပေါ် ကြိုတင်သုံးသပ်မှုမရှိဘဲ လမ်းဟောင်းကမြေတွေ တူးခွာပြီး မြေသစ်တွေဖို့တော့ အခုလိုမိုးများတော့ ကားကြီးသမားတွေ အခက်အခဲဖြစ်ကုန်တာပေါ့။ ပြီးနိုင်တဲ့ အနေအထားလောက်ပဲ ချိန်ဆလုပ်ရင် ဒီလောက်အခက်အခဲဖြစ်မှာ မဟုတ်ပါဘူး" ဟု ယာဉ်မောင်းတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

လမ်းပိတ်ဆို့မှု ဖြစ်ပွားရခြင်းမှာ ယခင်လမ်းဟောင်းကို ကုမ္ပဏီမှမြေတူးခွာထုတ်ပြီး မြေနီများဖြင့် ကြိတ်ခင်းထားရာ မိုးအဆက်မပြတ်ရွာသွန်းပြီး ယာဉ်သွားလာမှုများသည့်အတွက် လမ်းခင်းထားသည့် မြေနီများမှာ ဗွက်ထ၍ ယာဉ်ကြီးများ လမ်းချော်မှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ယာဉ်မောင်းများထံမှ သိရသည်။

အလားတူ ဂျိုင်း(ကော့ကရိတ်) ပွန်တွန်းတံတားမှာလည်း ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီက ချဉ်းကပ်လမ်းအတက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ယာဉ်သွားလာမှု ခေတ္တရပ်ဆိုင်းထားကာ ညနေ ၃ နာရီခွဲမှသာ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ညပိုင်း ၁၁ နာရီ မိနစ် ၅၀ တွင် ဘားအံမှ ကော့ကရိတ်ဘက်သို့သွားမည့် ၂၂ ဘီး ယာဉ်တစ်စီး ဘက်ထရီဝပ်ကာ ပွန်တွန်းတံတားပေါ်တွင် ရပ်တန့်နေသဖြင့် ယာဉ်သွားလာမှု ခေတ္တရပ်တန့်ထားရပြီး ယာဉ်အန္တရာယ်မဖြစ်စေရေး လုံခြုံရေးတာဝန်ကျအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမြန်သွားလာနိုင်ရေး ယာဉ်မောင်းများဖြင့် ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့သည့်အတွက် ယာဉ်များ ပုံမှန်ဖြတ်သန်း သွားလာလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် ဉာဏ်ရည်တိုးတက်ရေး မူလတန်းကလေးများကိုယ်တိုင် မေးခွန်းထုတ် ယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံအတွင်းရှိ ကလေးငယ်များ၏ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနရှိ အခြေခံပညာကျောင်းများနှင့် CHAMPS (ကလေးအားတိုးဆေး) တို့ ပူးပေါင်းကျင်းပသည့် Champs For Champions Game Show ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ ကျောင်းပေါင်း ၃၆ ကျောင်းမှ မူလတန်းကျောင်းသူ၊ ကျောင်းသားများမှ တစ်ကျောင်းလျှင် ၁၀ ဦးနှုန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ကာယဂိမ်းနှင့် ဉာဏဂိမ်းအမျိုးအစားနှစ်မျိုး ပါဝင်ကာ ဉာဏဂိမ်းတွင် မူလတန်းသင်ရိုးညွှန်းတမ်းများရှိ သင်ခန်းစာများကို ပြိုင်ပွဲဝင်ကလေးများကိုယ်တိုင် လေ့လာ၍ တစ်ဖက်နှင့်တစ်ဖက် မေးခွန်းထုတ်မေးမြန်းရကြောင်း သိရသည်။

"ကျွန်မတို့က မေးခွန်းထုတ်မှာမဟုတ်ဘူး။ အပြင်က ဗဟုသုတတွေကိုလည်း မေးမှာမဟုတ်ဘူး။ သူတို့ရဲ့ မူလတန်းသင်ရိုးညွှန်းတမ်းထဲက ဖတ်စာတွေကို မွှေနှောက်ရှာဖွေပြီး တစ်ဖက်အသင်းကို နိုင်အောင် သူတို့ကိုယ်တိုင် အပြန်အလှန်မေးခွန်းထုတ်ရမယ်။ ဒ့ါအပြင် ဝင်မပြိုင်ဖြစ်တဲ့ ကလေးတွေအတွက်လည်း ဆေးဆိုင်တွေမှာ မေးခွန်းဖောင်တွေ ပေးထားတယ်။ အဲဒီ အပြင်က ကလေးတွေမေးတာကို ပြိုင်ပွဲဝင်ကလေးတွေ ဖြေတာမှန်ရင် ဆုရမယ်။ ဖြေတာမမှန်ရင် မေးခွန်းပို့တဲ့ အပြင်က ကလေးတွေကို ဆုချီးမြှင့်မယ်" ဟု မန်နေဂျာ ဒေါက်တာအေးခိုင်ဇာလတ်က ပြောသည်။

Champs For Champions Game Show အစီအစဉ်ကို ဩဂုတ် ၂၅ ရက်မှ စတင်၍ အပတ်စဉ် စနေ့တိုင်း ညနေ ၆ နာရီတွင် 5 Plus ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး တနင်္ဂနွေနေ့၌ နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ဗုဒ္ဓဟူးနေ့၌ ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ထပ်မံပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းတွေအတွက် ဒီလိုပြိုင်ပွဲလေးတွေ ပြုလုပ်ပေးတာ ကောင်းပါတယ်။ ကလေးတွေဟာ ကာယဉာဏဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တယ်။ စနစ်သစ်ပညာရေးမှာလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ထားတာဖြစ်တဲ့အတွက် အခုဆိုရင် ကာယပိုင်းမှာလည်း စုပေါင်းညီညာပြီး ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိနိုင်ပါတယ်" ဟု အမ(၇) တာမွေကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲများကို Level-1 မှ ဗိုလ်လုပွဲအထိ အဆင့်လေးဆင့်သတ်မှတ်ထားပြီး အဆင့်တစ်ဆင့်တွင် ရှုံးနိမ့်ပါက ဆက်လက်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

**ဓာနည်မောင်**

## တိုတိုထွာထွာဖတ်စရာ

### ချို့တဲ့ကလေးများပညာရေးအတွက် ထောက်ပံ့လှူဒါန်း

**တောင်ငူ**

တောင်ငူမြို့နေ သတင်းစာဆရာဦးကျော်လှ၊ ဇနီးဒေါ်ဒေဝကီးဒေဝီနှင့် သမာဓိမိသားစုက တောင်ငူမြို့နယ်အတွင်းရှိ ချို့တဲ့သည့် ဟိန္ဒူနွယ်ဝင် လယ်သမားများနှင့် လက်လုပ်လက်စားများ၏သားသမီးများ ပညာရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ ကန်တော်ကြီး ဓာတုကလျာလမ်းရှိ သမာဓိဂေဟာ၌ ကျင်းပရာ မြို့နယ်ပညာရေးဖောင်ဒေးရှင်း (ဟိန္ဒူအဖွဲ့ဥက္ကဋ္ဌ) ဆရာဦးကစ္စနားနှင့်အဖွဲ့က လက်ခံရယူသည်။

အခမ်းအနားသို့ မြို့မိမြို့ဖများ၊ မြို့နယ်ဘာသာပေါင်းစုံအဖွဲ့၊ တောင်ငူမြို့နယ် ပညာရေးကွန်ရက်၊ မဟာမေတ္တာပညာရေးဖောင်ဒေးရှင်း၊ မြို့နယ်ဟိန္ဒူကောင်စီ၊ ပညာရေးဖောင်ဒေးရှင်း (ဟိန္ဒူအဖွဲ့) မှ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**၁၂၉**

### ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဗီတာမင်အေ တိုက်ကျွေး

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အသက်ခြောက်လပြည့်မှ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးပြားများ တိုက်ကျွေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲက မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာများတွင် သတ်မှတ်ထားသော စုရပ်များတွင် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ဓမိမြေ)**

### မောင်တော၌ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေပေးအပ်

**မောင်တော**

မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်း ၁၅ ယူနစ် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၅ ယူနစ် ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များထံသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီ လွှဲအပ်ပေးခဲ့ပြီး ကျေးရွာကော်မတီဝင်တစ်ဦးက ရွာသူရွာသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေးဟောပြော

**ရန်ကုန်**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ထားဝယ်ချောင်ရဲကင်းစခန်းမှ ဒုရဲအုပ်က ဩဂုတ် ၈ ရက် ည ၇ နာရီက အမှတ် (၅၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုရဲ**

### ဝေါမြို့နယ်၌ လူငယ်များအား အသိပညာပေး

**ဝေါ**

အခြေခံပညာကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားပြီး မှုခင်းအသိပညာဗဟုသုတများရရှိစေရန် အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁၀ ရက်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဘိုကတော်ကျေးရွာ အလက(ခွဲ) နှင့် ကျုံရဲ့ကျေးရွာ အလက(ခွဲ) တို့၌ ကျင်းပသည်။

ဝေါမြို့နယ် စာပေစေတမန်ပရဟိတအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဘုန်းဇော်မိုး(ဉဿာ)က သုတ၊ ရသ စာပေခေါင်းစဉ်ဖြင့် စာဖတ်ရခြင်းအကျိုးကျေးဇူးများနှင့် စာစီစာကုံးရေးသားခြင်း အခြေခံများအကြောင်းကို ရှင်းလင်းပြောကြားပြီး ညောင်ခါးရှည်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းအောင်က မှုခင်းအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

**နေလင်း(ညောင်လေးပင်)**

### သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် ဩဂုတ် ၁၂ ရက် ည ၇ နာရီခွဲက သန်လျင်မြို့နယ် ကျောင်းကုန်းဆိပ်ကြီးကျေးရွာအုပ်စု အေးသစ္စာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

# ကျွန်တော်ချစ်သော အမြန်လမ်းမကြီး

မြင့်စိုး(နတလ)

### ဖတ်မိလိုက်သော သတင်းတစ်ပုဒ်

သိပ်မကြာသေးဆို မနေ့တစ်နေ့ကမှ သန်းဦး (လေးမျက်နှာ) ရေးသားတင်ပြထားသော ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၂၅၉ ကြိမ်ဖြစ်ပွား၊ ၅၄ ဦးသေဆုံး၊ ၅၂၇ ဦးဒဏ်ရာရဆိုသည့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ပြီးခဲ့သည့် ဇူလိုင်လထဲမှာပင် ယာဉ်မတော်တဆမှု (၂၈) ကြိမ် ဖြစ်ပွားခဲ့ပြီး လေးဦးသေဆုံးကာ ၃၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အမြန်လမ်းမကြီးပေါ်သို့ တက်ရောက် မောင်းနှင်မည့် ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်မည့်ယာဉ်အား ကြံ့ခိုင်မှုစစ်ဆေးပြီးမှ မောင်းနှင်ကြရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို လိုက်နာကြရန် အမြန်လမ်းရဲတပ်ဖွဲ့က သတိပေးထားပြီး ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် အနေးယာဉ်များ၊ စက်ဘီး၊ ဆိုင်ကယ်များ တက်ရောက်မောင်းနှင်မှု၊ ကျွဲ၊ နွားများ လမ်းမပေါ်လွှတ်ကျောင်းမှု၊ လမ်းဖြတ်ကူးမှုများနှင့်ပတ်သက်၍ လမ်းတစ်လျှောက်ကျေးရွာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်ဟောပြောပွဲများ ပြုလုပ်ပညာပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အမြန်နှုန်းတိုင်းကိရိယာများဖြင့် တိုင်းတာဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ကောင်းပါသည်။ စာရေးသူအပါအဝင် အမြန်လမ်းမကြီးပေါ်၌ ယာဉ်များ မောင်းနှင်သွားလာနေကြသူများ၊ ယာဉ်များပေါ်တွင် စီးနင်းလိုက်ပါနေကြရသော ခရီးသွားပြည်သူများ ယာဉ်မတော်တဆမှု အန္တရာယ်များနှင့် မကြုံတွေ့စေရန်၊ ဂရုပြုလိုက်နာရန်ရှိသည်များကို လိုက်နာကြစေရန်အတွက် ယခုကဲ့သို့ သတင်းများရေးသားထုတ်ပြန်ပေးခြင်း၊ သက်ဆိုင်ရာအမြန်လမ်း ရဲတပ်ဖွဲ့များက ပညာပေးအရေးယူဆောင်ရွက်မှုများပြုလုပ်ပေးခြင်းတို့ကိုလည်း ကျေးဇူးတင်ရပါသည်။ အမြန်လမ်းမကြီး တည်ဆောက်ထားမှု အခြေအနေနှင့် ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လွှတ်တော်၌ ရှင်းလင်းဖြေကြားခဲ့သည်ကိုလည်း လေ့လာသိရှိခဲ့ရပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပညာရှင်များ၏ အဆိုအရ ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့သော ဤအမြန်လမ်းမကြီးသည် နိုင်ငံတကာစံနှုန်းနှင့် မကိုက်ညီသေးကြောင်း Fully Access Control ဖြစ်ရန်လိုပြီး Fast၊ Comfortable၊ Safety ဆိုသည့် အချက်သုံးချက်နှင့် ပြည့်စုံကိုက်ညီရန်လိုကြောင်း၊ မြန်မြန်မောင်းနိုင်ရမည်၊ ယာဉ်မောင်းသူရော စီးနင်းသူပါ သက်သောင့်သက်သာရှိရမည်။ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရမည်ဆိုသည့် အထက်ပါအချက်များနှင့် ကိုက်ညီစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဆက်လက်ပြုပြင်ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း သိရှိရသည့်အပြင် အမြန်လမ်းမကြီးပေါ်၌ လမ်းပိုင်းအလိုက် ပြုပြင်ဖောက်လုပ်နေမှုများကို တွေ့ရသောအခါ အလွန်ပင် ကျေးဇူးတင်ရပါသည်။

### ကျွန်တော်နှင့်အမြန်လမ်းမကြီး

အစိုးရရုံးတွေ ရန်ကုန်မြို့မှ နေပြည်တော်သို့ စတင်ပြောင်းရွှေ့ပြီး ဝန်ထမ်းများအား အသုတ်လိုက်ခွဲ၍ ခေါ်ယူနေရာချထား တာဝန်ထမ်းဆောင်စေရာ ကျွန်တော်သည် အခြားဝန်ထမ်းများထက် နှစ်နှစ်ခန့် နောက်ကျပြီးမှ လိုက်ခဲ့ရသည်။ ထိုစဉ်က နတလဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၏ ကျေးဇူးကြောင့်ပါတည်း။ ၁၉၉၉ ခုနှစ် မေလထဲမှာ ကျွန်တော်၏ဇနီးဖြစ်သူ ဦးနှောက်အမြှေးရောင်ရောဂါရပြီး အောက်ပိုင်းသေကာ လမ်းမလျှောက်နိုင်တော့၍ သူငယ်တန်းကျောင်းသားအရွယ် သားလူမမည်တစ်ယောက်နှင့် ကျွန်တော်စတင်ရှန်းကန်ခဲ့ရသည်။ အမေယောက္ခမနှင့် သူ၏ သမီးအငယ်မနှစ်ယောက် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြ၍သာ ကျွန်တော့်သား လူလားမြောက်ခဲ့သည်ဆိုလျှင်လည်း မမှားပါ။ သူများတွေ နေပြည်တော်ပြောင်းချိန်မှာ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော့်ကို မိန်းမကျန်းမာရေးအတွက် ရန်ကုန်နောက်ချန်အဖွဲ့ကို ခေါင်းဆောင်ပြီး နေခဲ့ဦးဟုဆိုကာ ခေတ္တထားရစ်ခဲ့ပါသည်။ သည်ကြားထဲမှာ ဇနီးဖြစ်သူကလည်း သုံး၊ လေးကြိမ်မက ရန်ကုန်ဆေးရုံကြီးမှာ ပြန်လည်တက်ရောက်ကုသနေရချိန်ဖြစ်၏။ မင်းနေခဲ့ဆို၍ တမေ့တမောကြီးဆက်နေဖို့ကတော့ မဖြစ်နိုင်ပါ။ တာဝန်ခံပေးထားသော လူကြီးကို အားမနာ လျှာမကျိုးလုပ်၍ မဖြစ်သလို မိမိကိုပေးထားသော ရာထူးအဆင့်နှင့်လျော်ညီစွာ တာဝန်သိစိတ်ဖြင့် နေပြည်တော်လိုက်ရမည့် အချိန်အား ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်ပြီး လိုက်ပါခဲ့ပါသည်။ လူမမာဇနီးသည်ကတော့ မျက်စောင်းကြီးတွေ တထိုးထိုးနှင့် သူ့သားလည်း ၁၀ တန်းအောင်ရောနေပြည်တော်ကို တန်းလိုက်သွားတာပဲဟု စကားနာထိုးပါတော့သည်။

အမြန်လမ်းမကြီးကို ချစ်ရသောအကြောင်းရင်းအား ကျွန်တော်ပြောပါတော့မည်။ နေပြည်တော်ကို လူကရောက်နေသော်ငြား စိတ်ကတော့အချိန်ပြည့် လူမမာ

> လမ်းမကြီးပေါ်သို့ တက်ရောက် မောင်းနှင်မည့် ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်မည့် ယာဉ်အား ကြံ့ခိုင်မှု စစ်ဆေးပြီးမှ မောင်းနှင်ကြရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ကြပြီး ယာဉ်စည်းကမ်း . . .

ဇနီးသည်ထံတွင် ရှိနေပါသည်။ စိတ်မချပါ။ ရန်ကုန်ဆေးရုံကြီး၏ ICU ခန်းမကြီးထဲမှာ ၂၂ ရက်တိတိ သတိလစ်မေ့မြောနေပြီးခါမှ လူ့လောကလူ့ဘဝကြီးထဲသို့ အသစ်တစ်ဖန် ပြန်ရောက်လာသလိုမျိုး လမ်းမလျှောက်နိုင်၊ စကားကိုသွက်သွက်မပြောနိုင်၊ ဇွန်းနှင့်ပါးစပ်တည့်မတ်စွာမစားနိုင်၊ သူများထူပေးမှ ထနိုင်သော အနေအထားမျိုးဖြင့် ဘဝကိုဆက်လက်ရှင်သန်ခွင့်ရသူ။ ဘယ်လိုမှ ကျွန်တော်စိတ်မချနိုင်ပါ။ ဤကဲ့သို့ စိတ်မချမှု၊ ပူပန်မှုများကို ကျွန်တော်ချစ်ရသော ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးက လျှော့ချပေးခဲ့သည်။ အမြန်လမ်းမကြီးပေါက်နေပြီဖြစ်၍ နေ့နေ့ညညကားမောင်းပြီး ထပြေးနိုင်သည်။ လမ်းတွေမကောင်းခင်မှာ ဘယ်လိုပဲမောင်းမောင်း၊ ခြောက်နာရီလောက်ဆို ရန်ကုန်ကိုရောက်သွားနိုင်သည်။ လမ်းဟောင်းအတိုင်းပြန်လျှင် အနည်းဆုံး နေ့ဝက်မကကျိုးသွားနိုင်၏။ (ယခုလမ်းဟောင်းလည်း အလွန်ကောင်းသွားပြီဟု ကြားသိရပါသည်) အမြန်လမ်းကြီးစတင်ဖွင့်လှစ်ပေးစဉ်က စက်သုံးဆီအရောင်းဆိုင်တွေ ယခုလောက်မပေါ်များသေးတာ တစ်ခုတည်းအတွက်ရယ်ကြောင့် အရေးအကြောင်းရှိက ထပြေးနိုင်အောင် အရန်ဆီပုံး နှစ်ပုံးကို ဆီအပြည့်ဝယ်ဖြည့်၍ အိမ်ပေါ်တင်ထားသည်။ ရန်ကုန်ပြန်လျှင် ကားနောက်ခန်းမှာ ဆီပုံးနှစ်ပုံးတင်၍သွားသည်။ စပယ်ယာဘီးကို နှစ်လုံးထားသည်။ တစ်နေ့တည်းမှာ ကားဘီးနှစ်ခါ ပေါက်တာနှင့်ကြုံပြီးကတည်းက စပယ်ယာဘီးနှစ်လုံးထားသည့် စနစ်ကို ကျွန်တော်ကျင့်သုံးခဲ့ပါသည်။

### ရန်ကုန်–နေပြည်တော်အမြန်လမ်းပိုင်း

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးက စုစုပေါင်း ၃၆၆ မိုင် ၆ ဖာလုံရှိပြီး ရန်ကုန်-နေပြည်တော်လမ်းကတော့ ၂၀၁ မိုင် လေးဖာလုံဟုပဲ ပြောကြပါစို့ရဲ့။ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းတက်ရောက်စဉ် Cadet နံပါတ်များကို မိုင်တိုင်တွေမှာ အမှတ်တရဓာတ်ပုံရိုက်ကြသောအခါ ဗိုလ်လောင်းအမှတ် ၂၀၁၄ ဖြစ်သော ကျွန်တော့်နံပါတ် မိုင်တိုင်ကို ဝေးဝေးမှာ သွားရှာစရာမလို၊ နေပြည်တော် Toll Gate အလွန်က ၂၀၁ မိုင် ၄ဖာလုံ မိုင်တိုင်မှာ ရိုက်ဖူးခဲ့သည်။ ထိုအကွာအဝေးရှိသော ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် အပြန်ပြန်အလှန်လှန်ခရီးကို ကျွန်တော်မောင်းသည့်အခါတိုင်း ခရီးမသွားမီ ကားအောက်ပိုင်းတွေ အမြဲစစ်ပါသည်။ ကားတာယာများကိုလည်း ဆံပင်ညှပ်ဆိုင်ရှေ့ဖြတ်သွားလျှင်ပင် ပေါက်နိုင်သည်အထိ ပါးနေအောင် မည်သည့်အခါမျှ မထားခဲ့ပါ။ ငါးမူးအောက်ပါးသွားလျှင်ပင် စိတ်ထဲမှာ မလုံခြုံသလိုခံစားရ၍ ပုံမှန်လဲပါသည်။ မောင်းသည့်မိုင်နှုန်းကတော့ အမြန်လမ်းရဲတပ်ဖွဲ့က သတ်မှတ်ထားသော ကီလို ၁၀၀ အတိုင်းပဲ မောင်းပါသည်ဆိုလျှင် ကျွန်တော်လိမ်ညာပြောရာ ရောက်ပါမည်။ တချို့နေရာများတွင် ကီလို ၁၀၀ ထက်ပိုသွား၍ လီဗာကို ပြန်လျှော့ရတာမျိုး ရှိပါသည်။ မည်သည့်ကားမျှ ကီလို ၁၀၀ တန်းတန်းကြီးတော့ မောင်းနိုင်မည်မဟုတ်ပါ။ အတက်အကျအနည်းငယ်ကတော့ရှိနေပါမည်။ စည်းကမ်းတကျမောင်းရန် သတ်မှတ်ချက်ကတော့ ယာဉ်ငယ်များ ကီလို ၁၀၀၊ မိုင် ၆၀ Express ကားကြီးများ ကီလို၉၀၊ မိုင် ၅၀နှုန်း၊ လိုက်ထရပ်၊ ဒိုင်နာအုပ်စု ကီလို ၆၀၊ မိုင် ၄၀ နှုန်းသတ်မှတ်ထားပါသည်။ ကျွန်တော်အရှောင်ကြဉ်ဆုံးကတော့ ညဘက်မောင်းနှင်ခြင်းမျိုး၊ အိပ်ရေးမဝဘဲ အချိန်မတော်ထ၍ မောင်းခြင်းမျိုးကိုပဲဖြစ်သည်။ မှတ်မှတ်ရရ ၂၀၀၉ ခုနှစ်မှ ယနေ့အချိန်ထိ ကိုးနှစ်တာ ကာလအတွင်းမှာ ညဘက်တစ်ကြိမ်သာ မောင်းဖူးခဲ့ပါသည်။

### ဘုရားအဆူဆူ ဦးခိုက်ဖူးမြော်


အမြန်လမ်းမထက်၌ ကျွန်တော်ကားစပြီးမောင်းပြီဆိုသည်နှင့် အာရုံစူးစိုက်မှုကို ကားနှင့် ကားလမ်းမကြီးပေါ်မှာပဲ ထားလိုက်ပါသည်။ အိမ်ကလူမမာအကြောင်း၊ ရုံးက အလုပ်တွေအကြောင်း၊ သားရေး၊ သမီးရေး အကြောင်းတွေ တွေးတောစဉ်းစားမနေတော့ပါ။ တစ်ခုတော့ရှိပါသည်၊ လမ်းတစ်လျှောက် တွေ့မြင်ရသော ဘုရားစေတီများကို ဦးခိုက်ဖူးမြော်ရင်း မောင်းပါသည်။ ဦးခိုက်ပါများသဖြင့် မည်သည့်မိုင်တိုင်ရောက်လျှင် မည်သည့်ဘုရားကိုဖူးရမည်ကအစ အလွတ်ရမှတ်မိနေပါတော့သည်။ ဥပမာ ပြောရလျှင် ရန်ကုန် Toll Gate ကစထွက်သည်နှင့် အန္တရာယ်ကင်း သမ္ဗုဒ္ဓေစေတီတော်၊ များမကြာမီ ၁/၂ မိုင်မှာ ဘုရားလေးတစ်ဆူ၊ ထိုမှ ၁၅/၇ မိုင်အရောက်တွင် လမ်းညာဘက်၌ အောင်သုခအေး ရွှေပြည်အေးဘုရားကြီး၊ မိုင်၂၀နှင့် ခြောက် ဖာလုံက ညာဘက် တောင်ကုန်းလေးပေါ်မှာ ကြည်ညိုဖွယ်ရာစေတီများ၊ ၃၃/၇မိုင် ဝဲဘက်က နတ်ကျွန်းကိုလည်း အရိုအသေပေးခဲ့ပါသည်။ ၄၄မိုင်၄ဖာလုံရောက်သည်နှင့် ဝဲဘက်တွင်လှမ်းမြင်နေရသော ဝါးကတုတ်ဆည်ကြီးကိုငေးရင်း ဆည်ပေါင်ပေါ်မှာ ဘုရားလေးတစ်ဆူကို ဖူးနိုင်ပါသေးသည်။ ၅၅/၅ မိုင် ညာဘက်ကုန်းလေးမှာ နဂါးရုံဘုရားပုံတော်ကဲ့သို့ ရုပ်ပွားတော်များတည်ရှိနေသည်။ ၆၁/၂မိုင်က ပြည်လုံးအေးချမ်းသာ ရုပ်ပွားတော်ကြီးကိုဖူး၍ မိုင်တိုင် ၈၀ အလွန် သုံးဖာလုံမှာ ကြည်ညိုဖွယ်ရာ စေတီတစ်ဆူကို ထပ်မံဦးခိုက်ရပါလိမ့်မည်။ ရုပ်တော်မူ ရုပ်ပွားတော်တစ်ဆူလည်း တည်ထားသဖြင့် ကျွန်တော်သွားသည့်အခါတိုင်း မမေ့မလျော့ ဖူးမြော်ဖြစ်ခဲ့သော နေရာတစ်ခု။ ထိုမှလွန်၍ ၈၂ မိုင် တစ်ဖာလုံက ဘုရားစေတီများကတော့ ရှေးဘုရားများဖြစ်တန်ရာသည်။ အချို့စေတီငယ်များက ဟောင်းနွမ်းပြိုပျက်လျက်။ ၈၄/၃ မိုင်ရွာအဝင်မှာ ဘုရားကြီးတစ်ဆူဖူးပြီးသကာလ မိုင်တိုင် ၉၀ တိတိက ကုက္ကိုပင်ကြီးသည်လည်း စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဆိုင်းဆိုင်းမို့ အမှတ်သညာပြုစရာနေရာတစ်ခု ဖြစ်နေပါသည်။ ထိုမှာခေတ္တနားခိုရာ ၁၁၅ မိုင်ကြားမှာ ဘုရားစေတီ လေးဆူခန့် တည်ထားကိုးကွယ်ပြီးဖြစ်သည်။

၁၁၅မိုင်မှာ သန့်စင်ခန်းဝင်၊ ကားမောင်းရင်း မငိုက်အောင် ကော်ဖီသောက်၊ ထမင်းစားချိန်နှင့် တိုက်ဆိုင်နေလျှင်တောင်မှ အစာပြည့်အင့်ပြီး မငိုက်အောင် လျှော့စားတာမျိုးလုပ်၍ ဆက်ထွက်ပြီးသကာလ၊ ၁၁၅ မိုင်နှင့် နေပြည်တော်ကြားမှာ ဖူးစရာဘုရားတွေ အများကြီးရှိနေပါသေးသည်။ ၁၁၈ မိုင်က ဇေယျမုနိဘုရား၊ အာရောဂျံ ခြံဝင်းအလွန် ၁၂၂/၇ မိုင်က ပီယသိဒ္ဓိစေတီတော်၊ ၁၄၈/၇မိုင်က လောကဓတ်ဘုရားကြီး၊ ၁၈၅/မိုင်မှ ၁၈၆ မိုင်ကြား တစ်လျှောက်သမိုင်းဝင်အင်းကြင်းမြိုင် ယက္ကန်းစင်တောင် ဘုရားများသည် ကျွန်တော် မမေ့မလျော့ အမြဲဦးတင်ခဲ့သော ဘုရားစေတီများ ဖြစ်ကြသည်။ ခရီးတစ်လျှောက်မှာ ဂရုတစိုက်မောင်းနှင်ကာ ဘုရားအဆူဆူတို့ကို ဤသို့ဖူးမြော်ကြည်ညိုရင်း သွားလာခြင်းက စိတ်ပျံ့လွင့်မှုကို နည်းစေသည်ကတော့အမှန်ပင်။

### သတိပေးဆိုင်းဘုတ်ငယ်လေးများ

ချစ်စဖွယ် သားငယ်သမီးငယ်လေးများ၏ ဓာတ်ပုံများဖြင့် စိုက်ထူထားသော ဆိုင်းဘုတ်ငယ်များပေါ်၌ ဖေဖေအရှိန်လျှော့မောင်းနော်၊ ဖေဖေ ၁၀၀ ကီလိုအောက်ပဲ မောင်းပါနော်၊ ဖြည်းဖြည်းမောင်းပေးလို့ ကျေးဇူးတင်တယ်ဖေဖေစသည်ဖြင့် သတိပေး စာတန်းလေးများ တွေ့ရသည်။ ဒါသည်လည်းပဲ အသက်ပေါင်းများစွာကို တင်ဆောင်မောင်းနှင်နေသော Express လို ယာဉ်ကြီးများမှ ယာဉ်မောင်းများ အမြဲသတိတရရှိနေစေရန် များစွာအထောက်အကူ ဖြစ်စေပါသည်။ လူတိုင်းမှာမိသားစုရှိကြသည်။ သားသမီးများရှိကြသည်။ အချိန်တန်၍ အိမ်အပြန်ခရီးမှာ မိသားစုအားလုံးစုံစုံညီညီ ဆုံတွေ့ခွင့်ရပါမှသာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ မိသားစုဘဝကို တည်ဆောက်နိုင်ပါလိမ့်မည်။

ယာဉ်မတော်တဆမှုတစ်ခုတွင် ယာဉ်မောင်းသူလူ၏အပြစ်က ၅၀ ရာခိုင်နှုန်းမက ရှိနိုင်ပါသည်။ ယာဉ်အပြစ်နှင့် စက်အပြစ်က ၂၅ ရာခိုင်နှုန်း၊ လမ်း၏အပြစ်က ၂၅ ရာခိုင်နှုန်းလောက်ပဲ ရှိနိုင်မည်ဟု မိမိတစ်ဦးတည်းသဘောအရ ခွဲခြမ်းစိတ်ဖြာနေမိပါသည်။ မိမိက အင်ဂျင်နီယာ တတ်သိပညာရှင်မဟုတ်၍ လမ်း၏အကျိုးအပြစ်တို့ကို ဖော်ပြနိုင်ခြင်းငှာမစွမ်းပါ။ ထိုနည်းတူစွာ ယာဉ်မောင်းသူများ၏ လူမှုဘဝပုံစံအမျိုးမျိုးရှိနေသောကြောင့် ဘယ်လိုမောင်း ညာလိုမောင်းပါ၊ ဘာကို မလုပ်သင့်၊ ညာကိုမလုပ်သင့် စသည်တို့ဖြင့်လည်း ဆရာဝင်မလုပ်ပါ။ ကျွန်တော် ဖြတ်သန်းခဲ့သောလူမှုဘဝပုံစံနှင့် ကျွန်တော်၏ အမြန်လမ်းမကြီးအပေါ် သဘောထားအမြင်၊ ချဉ်းကပ်မှု ပုံစံတို့ကို တင်ပြခြင်းသာဖြစ်ပါသည်။ မည်သို့ဆိုစေ အမြန်လမ်းမကြီးကို ကျွန်တော်ချစ်ပါသည်။ ဆက်၍လည်း ချစ်ဆဲ၊ ချစ်မြဲဖြစ်နေပါလိမ့်မည်။ ။



## ချစ်သူသစ် ရသွားပြီဖြစ်တဲ့ လီယမ်ပိန်း

ဗြိတိန်ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ လီယမ်ပိန်းဟာ "One Direction" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ အဖွဲ့လိုက် လှုပ်ရှားမှုတွေ ရပ်နားထားခဲ့ပြီးနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ဖို့ ကြိုးပမ်းလာခဲ့သူလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ သူဟာ တေးသံရှင်တစ်ဦးဖြစ်သူ ချယ်ရီနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပြီး မကြာမီမှာပင် ချစ်သူသစ်နဲ့ လက်တွဲလာတာကို တွေ့ခဲ့ရကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


လီယမ်ပိန်း လက်ရှိတွဲနေတဲ့ ချစ်သူဟာ တစ်ချိန်က သူ့ရဲ့ အမာခံပရိသတ်တစ်ဦးပါ။ ဒ့ါအပြင် သူဟာ ယခင်ချစ်သူဟောင်း ချယ်ရီရဲ့အသက်ရဲ့ တစ်ဝက်ခန့်သာ ရှိသေးတဲ့ ငယ်ရွယ်သူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။ အင်စတာဂရမ်စာမျက်နှာထက်မှာ လူသိများသူတစ်ဦးဖြစ်ပြီး မေယာဟင်နရီလို့ အမည်ရပါတယ်။ လက်ရှိမှာ အသက် ၁၉ နှစ်သာ ရှိသေးတာဖြစ်ပြီး ချစ်သူဟောင်း ချယ်ရီထက် အသက် ၁၇ နှစ်ခန့် ငယ်ရွယ်ကြောင်းလည်း သိရပါတယ်။

လီယမ်ပိန်းနဲ့ မေယာဟင်နရီတို့နှစ်ဦး အတူတွဲကာ သွားလာခဲ့ကြတာကို နေရာအတော်များများမှာလည်း တွေ့ခဲ့ရပါတယ်။ လက်ရှိအချိန်အထိ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခြင်းမရှိပေမယ့် အခမ်းအနားတွေမှာတော့ အတူတွေ့ရလေ့ရှိပါတယ်။ မေယာရဲ့ အသက် ၁၅ နှစ်အရွယ်မှာ လီယမ်ပိန်းကို " One Direction" အဖွဲ့ဝင်တစ်ဦးအဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတစ်ခုမှာ ပထမဆုံးအကြိမ် တွေ့မြင်ခဲ့တာဖြစ်ပြီး အတူတွဲကာ ဓာတ်ပုံလည်း ရိုက်ခဲ့တယ်လို့ သိရပါတယ်။

လီယမ်ပိန်းနဲ့ မေယာဟင်နရီတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာချိန်ဟာ လီယမ်ပိန်းနဲ့ ချယ်ရီတို့လမ်းခွဲပြီးနောက် သီတင်းပတ်ခြောက်ပတ်အကြာမှာ ဖြစ်ပါတယ်။ လီယမ်နဲ့ ချယ်ရီတို့ရဲ့ သားလေးတစ်နှစ်ပြည့်ချိန်လည်းဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် စုစည်းသည်

## ဂျွန်မေယာရဲ့အိမ် ဖောက်ထွင်းခံရ အမေရိကန်ဒေါ်လာ နှစ်သိန်းခန့်အခိုးခံရ



နာမည်ကျော် တေးရေးတေးဆိုတစ်ဦးဖြစ်တဲ့ ဂျွန်မေယာရဲ့ နေအိမ်ကို လတ်တလောမှာတော့ ဖောက်ထွင်းခံခဲ့ရတာဖြစ်ပါတယ်။ ဒီလို နေအိမ် အဖောက်ခံခဲ့ရရာ အမေရိကန်ဒေါ်လာ နှစ်သိန်းခန့်တန်ဖိုးရှိတဲ့ ပစ္စည်းတွေ အခိုးခံခဲ့ရတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရသိရပါတယ်။


ပြီးခဲ့တဲ့ သောကြာနေ့က ဟောလိဝုဒ်ဟေးလ်မှာရှိတဲ့ ဂျွန်မေယာရဲ့ အိမ်ကို ဖောက်ထွင်းခံခဲ့ရတာပါ။ နေအိမ်အတွင်းက တေးဂီတနဲ့ဆိုင်တဲ့ ပစ္စည်းတွေ အခိုးခံလိုက်ရတာဖြစ်ပြီး စုစုပေါင်းတန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ တစ်သိန်းကနေ နှစ်သိန်းကြားရှိမယ်လို့ ခန့်မှန်းရကြောင်း ဒေသခံရဲတွေရဲ့ ပြောကြားချက်အရ သိရပါတယ်။ သူခိုးဟာ နေအိမ်ပြတင်းပေါက်ကိုခွဲကာ ဝင်ရောက်ခဲ့တာဖြစ်ပြီး ဒီလိုပြတင်းပေါက်ကွဲနေတာကို အဲဒီနေ့ နေ့လယ်ပိုင်းမှာ လုံခြုံရေးက သတိထားမိခဲ့တာကြောင့် ရဲကို အကြောင်းကြားခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

နေအိမ်ဖောက်ထွင်းခံရချိန်မှာ ဂျွန်မေယာဟာ နေအိမ်မှာ ရှိမနေပါဘူး။ ဒ့ါအပြင် ဒီကိစ္စနဲ့ပတ်သက်ပြီး ဂီတကြယ်ပွင့်ဘက်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းလည်း မရှိသေးပါဘူး။ ဒ့ါအပြင် ရဲဌာနဘက်ကလည်း ဖောက်ထွင်းခဲ့သူ တရားခံနဲ့ပတ်သက်ပြီး သံသယရှိသူကို လက်ရှိအချိန်အထိ ထုတ်ဖော်နိုင်ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ဂျွန်မေယာဟာ စတုရန်းပေ ခုနစ်ထောင်ခန့်ကျယ်ဝန်းတဲ့ အဆိုပါ နေအိမ်ကို ယခုနှစ် နှစ်စပိုင်းမှာ ဟောလိဝုဒ်ကြယ်ပွင့် အဒမ်လက်ဗင်းနဲ့ ဇနီးဖြစ်သူတို့ထံမှ အမေရိကန်ဒေါ်လာ ၁၃ သန်းနှင့်အထက်ပေးကာ ဝယ်ယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## အန်ဂျလီနာဂျိုလီကို အမေရိကန်ဒေါ်လာ ကိုးသန်းကျော် ပေးခဲ့ကြောင်း ဘရက်ပစ် ဆို

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်နှစ်ဦး လမ်းခွဲခဲ့ကြတဲ့ ဇာတ်လမ်းမှာ လတ်တလောမှာတော့ သူတို့နှစ်ဦးအကြားက တိုက်ခိုက်မှုတွေ ပိုမိုပြင်းထန်လာခဲ့ပြီဖြစ်ပါတယ်။ အန်ဂျလီနာဂျိုက ပြီးခဲ့တဲ့ အင်္ဂါနေ့က တရားခွင်မှာတော့




သူနဲ့ တရားဝင်ကွာရှင်းပြတ်စဲဖို့ရာ ဆောင်ရွက်ခဲ့တဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှ စတင်ကာ လက်ရှိအချိန်အထိ ကလေးတွေအတွက် ထောက်ပံ့ကြေးကို ပေးဆောင်ဖို့ရာ ဘရက်ပစ်ဘက်က ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲခဲ့ပါတယ်။ ဒီလို စွပ်စွဲခံရမှုအပေါ် ဘရက်ပစ်က သူ့အနေနဲ့ လမ်းခွဲပြီးနောက်ပိုင်း အန်ဂျလီနာဂျိုလီကို အမေရိကန်ဒေါ်လာ ကိုးသန်းကျော် ပေးခဲ့ပြီးဖြစ်တယ်လို့ ပြန်လည်ပြောကြားလိုက်ကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ တရားခွင်မှာတော့ အန်ဂျလီနာဂျိုလီဘက်က ပြီးခဲ့တဲ့ တစ်နှစ်ခွဲခန့်ကာလအတွင်း ဘရက်ပစ်ဟာ သူတို့နှစ်ဦးရဲ့ ကလေးခြောက်ယောက်အတွက် ပုံမှန်ထောက်ပံ့မှုတွေ မပြုခဲ့ဘူးလို့ စွပ်စွဲပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုစွပ်စွဲခံခဲ့ရပြီးနောက် ဘရက်ပစ်က သူ့အနေနဲ့ အန်ဂျလီနာဂျိုလီကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းပေးခဲ့ပြီးနောက်ထပ် အမေရိကန်ဒေါ်လာ ရှစ်သန်းကိုလည်း ချေးပေးခဲ့ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

အန်ဂျလီနာဂျိုလီက ကလေးတွေကို တစ်ဦးတည်း စောင့်ရှောက်ခွင့်ရလိုတာဖြစ်ပြီး ဘရက်ပစ်ကတော့ အန်ဂျလီနာဂျိုလီနဲ့ ပူးတွဲစောင့်ရှောက်လိုတာဖြစ်တယ်လို့ သိရပါတယ်။

## စီအယ်လ်ရဲ့ ရုပ်ရှင်သစ် အထူးပွဲ ပြသ



ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်လောကအတွင်း ဝင်ရောက်လာခဲ့တဲ့ စီအယ်လ်ရဲ့ ဟောလိဝုဒ်ရုပ်ရှင် "Mile 22"ကို လတ်တလောမှာ အထူးပွဲပြသခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း အထူးပွဲပြသခဲ့ ရာမှာတော့ စီအယ်လ်ဟာ အခမ်းအနားကို ယုံကြည်ချက်ရှိရှိနဲ့ ပါဝင်တက်ရောက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ယခင်ရက်ပိုင်းတွေမှာ စီအယ်လ်ဟာ ဖျော်ဖြေပွဲပြုလုပ်ခဲ့ရာမှာတော့ ကိုယ်အလေးချိန် အလွန်တက်လာခဲ့တာကို တွေ့ရပြီး ဒီလိုဝလွန်းတဲ့အပေါ် ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရတာလည်းဖြစ်ပါတယ်။

"Mile 22"ကို လော့စ်အန် ဂျလိစ်မှာရှိတဲ့ ဝက်စ်ထ်ဝုဒ်သီရေတာမှာ အထူးပွဲပြသခဲ့တာဖြစ် ပြီး ဒီရုပ်ရှင်ဟာ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ ပီတာဘရက်ဂ်ရဲ့ လက်ရာဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါရုပ်ရှင်ဟာစီအယ်လ်ရဲ့ ပွဲဦးထွက် ဟောလိဝုဒ်ရုပ်ရှင်လည်းဖြစ်တယ်လို့ သိရပါတယ်။



## ဖျော်ဖြေရေးစင်မြင့်ပေါ် ပြန်လည်ရောက်ရှိလာတဲ့ ပင့်ခ်

ပေါ့ပ်ကြယ်ပွင့် ပင့်ခ်ဟာ ယခုလအစပိုင်းမှာ ကျန်းမာရေးပြဿနာတွေကြောင့် နယ်လှည့်ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းခဲ့ရပြီး လတ်တလောမှာတော့ ဖျော်ဖြေပွဲတွေ ပြန်လည်ပြုလုပ်နေခဲ့ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

ရက်သတ္တတစ်ပတ်ကြာ ဖျားနာခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ စနေနေ့မှာတော့ ပင့်ခ်ဟာ ပရိသတ်တွေကို ဖျော်ဖြေဖို့ရာ စင်မြင့်ပေါ်မှာ ပြန်လည်နေရာယူလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ပင့်ခ်ရဲ့ ဖျော်ဖြေပွဲမှာတော့ ပရိသတ်တွေအပြင် ကြယ်ပွင့်တွေဖြစ်ကြတဲ့ ကတ်တီပါရီနဲ့ ဟတ်ဂျက်ခ်မန်းတို့ကပါ ကူညီခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီနဲ့ သမီးဖြစ်သူတို့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကို ပင့်ခ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီးနောက် ပေါ့ပ်ကြယ်ပွင့်က ကတ်တီပါရီကို သူ့ရဲ့ ဖျော်ဖြေပွဲကို လာရောက်အားပေးတဲ့အတွက်ရော သမီးဖြစ်သူနဲ့ အဖော်လုပ်ပေးခဲ့တဲ့အတွက်ပါ ကျေးဇူးတင်ကြောင်း အဆိုပါဓာတ်ပုံရဲ့အောက်မှာ တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ(ဗဟိုအဆင့်)ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဦးဆောင်ပြီး ယူနီဆက်မြန်မာနှင့် 3MDG Fund တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ(ဗဟိုအဆင့်) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ ကျွန်တော်တို့ နိုင်ငံမှာ ၁၉၅၃ ခုနှစ်ကတည်းက အာဟာရနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်လာခဲ့တာဖြစ်ပြီး ခေတ်အဆက်ဆက် ပြောင်းလဲလာမှုနှင့်အတူ အာဟာရဖွံ့ဖြိုးရေးတွေကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်စက်တင်ဘာလမှာ အာဟာရဖွံ့ဖြိုးရေးကိစ္စရပ်တွေကို ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် အလွန်မှာတော့ ဩဂုတ်တစ်လလုံးကို အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအဖြစ် ပြောင်းလဲဆောင်ရွက်လာခဲ့တာ ဖြစ်ပါကြောင်း၊ ပြည်သူများကြားမှာ အသိပညာရှိပြီး အာဟာရ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ကိစ္စရပ်များကို ကြိုးပမ်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စု အစိုးရက စနစ်တကျကြိုးပမ်း ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ဒီနေ့ဆောင်ရွက်သည့် အစီအစဉ်သည် မိခင်နို့ရည်ကို တိုက်ကျွေးခြင်းအားဖြင့် ကလေးငယ်များ အာဟာရပြည့်ဝမှု၊ ဘဝစတင်မှုမှာ လုံခြုံစိတ်ချရမှုတွေ ရှိတယ်ဆိုတာကို ပြည်သူလူထုကြားမှာ အသိပညာဖြစ်နိုင်ဖို့၊ သိမှသာလျှင် ပူးပေါင်းဆောင်ရွက်မှုများရှိလာမည် ဖြစ်ကြောင်း၊ မိခင်နို့ရည်သည် ဘယ်လောက်အရေးကြီးသလဲဆိုသည်ကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် အာဟာရအပြင် ကလေးငယ်များ၏ ယုံကြည်မှုကိုလည်း ဖြစ်စေနိုင်ပြီး ကလေးငယ်များသည် မိခင်၏စောင့်ရှောက်မှုကြောင့် ယုံကြည်မှုကို ပိုမိုရရှိလာကာ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတင်မကဘဲ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အားကောင်းစေမည် ဖြစ်ကြောင်း၊ မိခင်များသည် ကလေးငယ်များဘဝအတွက် အရေးကြီးကြောင်းကို လူထုကြားမှာ ပိုမိုသိရှိနားလည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ၏ ဘဝအခြေခံကောင်းများကို ဆောင်ရွက်ပေးနိုင်ကြောင်းကို ပြည်သူများ အသိပညာရှိရှိနှင့် ပူးပေါင်းပါဝင်လာရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက လူများသည် မွေးဖွားလာစဉ်ကတည်းက အသက်ဆက်လက်ရှင်သန်ရေး၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေ့စဉ်လှုပ်ရှားမှုများအတွက် အစာအာဟာရကို မှီဝဲသုံးစွဲကြရပါကြောင်း၊ ထို့ကြောင့် နေ့စဉ်စားသုံးသည့် အစားအစာများသည် လိုအပ်သည့် အာဟာရဓာတ်များနှင့်ပြည့်ဝနေရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားများ အာဟာရအခြေအနေပြည့်ဝခြင်းသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ ဌာနအနေဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် တစ်မျိုးသားလုံး၏ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်စေမည့် လုပ်ငန်းများကို ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးကလည်း အတူလက်တွဲပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E.Mr.Daniel Patrick Chugg၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.June Kunugi တို့က အမှာစကားပြောကြားကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား လက်ဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်ကြသည်။



အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များကို ဩဂုတ်လ တစ်လလုံးပြုလုပ်သွားမည်ဖြစ်ရာ ပထမပတ်တွင် မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်တွင် ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသား လူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် စတုတ္ထပတ်တွင် အိုင်အိုဒင်းချို့တဲ့ ရောဂါများပပျောက်ရေး ရက်သတ္တပတ်တို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြုလုပ်ရခြင်းသည် ကလေးများ၏ ဘဝအစ ပထမရက်ပေါင်း ၁၀၀၀ ဖြစ်သည့် သန္ဓေသားဘဝမှ ကလေးငယ် အသက်နှစ်နှစ်အတွင်း ကာလသည် ကလေးသူငယ်များအတွက် အကောင်းမွန်ဆုံးရှင်သန်ရပ်တည်နိုင်ရန် အရေးကြီးသည့် အချိန်ဖြစ်ရာ ယင်းရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရလုံလောက်စွာ မရရှိခဲ့လျှင် ကလေးငယ်ဘဝ တစ်သက်တာအတွက် ပြန်လည်ပြုပြင်ရန် ခက်ခဲလှသည့် ဆိုးကျိုးများကြုံတွေ့နိုင်သည်။ ဥပမာ-အာဟာရချို့တဲ့ခြင်းကြောင့်ဖြစ်သည့် ပုည့်ခြင်းသည် ကလေးငယ်၏ ဖွံ့ဖြိုးမှုကို နှောင့်နှေးစေပြီး စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် အတားအဆီး ဖြစ်စေနိုင်ခြင်းကြောင့် ယင်းရက်အတွင်း အစာအာဟာရ ကောင်းမွန်စွာ ရွေးချယ်ပေးခြင်းဖြင့် ကလေးငယ်များ စွမ်းဆောင်ရည် တိုးတက်မှုနှင့် ပျော်ရွှင်ကျန်းမာသော ဘဝများ၊ အနာဂတ်ကောင်းများ ပိုင်ဆိုင်ရန် များစွာ အထောက်အကူပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ယနေ့ကျင်းပသော အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးနှင့်ဇနီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ်နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပလူမှုရေး အသင်းအဖွဲ့များနှင့် ဖိတ်ကြားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ၊ ဇာနည်မောင်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဩဂုတ် ၂ ရက်မှ ၇ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | Online ပေါ်က လူသတ်သမားများ | မရွှေမိုး (ကိုရီးယား) | ၂၅၀၀ | စိတ်ကူးသစ် |
| ၂။ | သက်ပျောက်နေအိမ် | ဇေယျကျော်ထင် | ၂၅၀၀ | စိတ်ကူးသစ် |
| ၃။ | လွယ်ကူလေ့လာဖုန်းရွှေပညာ | ဟိန်းလတ် | ၃၀၀၀ | မဇ္ဈိမ |
| ၄။ | အနုပညာဂုဏ်ရည် | လက်ဝဲမင်းညို | ၂၅၀၀ | စိတ်ကူးချိုချို |
| ၅။ | ဗေဒင်မမေးချင်ရင် ဇာကံသဗေဒင်ကိုသင် | ဝင်းဇော် (သစ်တော) | ၂၅၀၀ | မျက်ပွင့် |
| ၆။ | အလွမ်းဆိုင် | စံပယ်ဖြူနု | ၆၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၇။ | ဘဝများစွာ | မောင်ကိုကို (အမရပူရ) | ၂၅၀၀ | ဆန်းစသော်တာ |
| ၈။ | ဓမ္မအလင်း | ကိုရင်ဩ | ၂၀၀၀ | ပဋ္ဌာဂံ |
| ၉။ | နှုတ်ဆက်ခဲ့တယ် အမိတက္ကသိုလ် | ဆလိုင်းလျှန်မှုန်း | ၇၅၀၀ | ယဉ်မျိုး |
| ၁၀။ | မုန်တိုင်းမီးတောက်တွေ ကဗျာရှည်စုစည်းမှု | မောင်စိုးချိန် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၁၁။ | သားသားချစ်တဲ့မြရာပင် | တူးတူးသာ (ဇာတ်လမ်း) | ၂၀၀၀ | စိန်မိုးယံ |
| ၁၂။ | သားသားကြိုက်တဲ့ တရုတ်စကားပင် | တူးတူးသာ (ဇာတ်လမ်း) | ၂၀၀၀ | စိန်မိုးယံ |
| ၁၃။ | ချစ်စရာတမာပင်လေး | တူးတူးသာ (ဇာတ်လမ်း) | ၂၀၀၀ | စိန်မိုးယံ |
| ၁၄။ | ကောသလအိပ်မက် (၁၆) ချက် | ကိုရွှေသိမ်းမင်း | ၂၀၀၀ | ပန်းရွှေပြည် |
| ၁၅။ | ဒရက်ကူလာ သွေးစုပ်ဝိညာဉ် | ရွှေဝင်း | ၆၀၀၀ | ဘဝတက္ကသိုလ် |
| ၁၆။ | မြန်မာ့နိုင်ငံရေးသမိုင်းထဲက ပြည်သူ့ရဲဘော် | အောင်မြင့်ဦး | ၄၀၀၀ | ဗလာကသစ် |
| ၁၇။ | မင်းသုဝဏ်ဋီကာ | မောင်ခင်မင် (ဓနုဖြူ) | ၅၀၀၀ | ဆန်းစသော်တာ |
| ၁၈။ | မက်စ်ဝဲလ် နေ့စဉ်ဖတ်စာ | ကိုကို(စက်မှုတက္ကသိုလ်) | ၇၅၀၀ | ငါတို့စာပေ |
| ၁၉။ | မြစ်တစ်စင်း၏စီးဆင်းသံ | မောင်တင်ဆင့် | ၃၇၀၀ | စိတ်ကူးချိုချို |
| ၂၀။ | စာတောအလယ်မှာ စင်တင်တဲ့စာ စာအုပ်ဝေဖန်ချက်များ | မောင်ရိုး | ၃၃၀၀ | စိတ်ကူးချိုချို |
| ၂၁။ | လူ့ဘဝနှင့် လူ့သီလ | ဦးအေးချို(မဟာဝိဇ္ဇာ) | ၃၇၀၀ | စိတ်ကူးချိုချို |
| ၂၂။ | ဘယ်ကလာ ဘယ်ကိုသွားမလဲ | ဦးမင်းငြိမ်းဇော် | ၇၅၀၀ | စိတ်ကူးချိုချို |
| ၂၃။ | အလှဗေဒ-၃ | ဒဂုန်တာရာ | ၅၅၀၀ | စိတ်ကူးချိုချို |
| ၂၄။ | ဗိုလ်ချုပ်တွေကို ကျွန်တော်ညာခဲ့သည် | တင်ညွန့် | ၃၀၀၀ | မောက္ခစာပေ |
| ၂၅။ | စာပေခရီးနှင့်သူကြီး | ကိုလေးမြတ် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၂၆။ | မြန်မာခေတ်ပေါ်ကဗျာ လက်ရွေးစင် | မောင်ပြည့်မင်း | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၇။ | မင်းမိဖုရားအပါးခြောက်ဆယ်နှင့် ကုန်းဘောင်မင်းဆက်များ | ဦးဘသောင်း | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၈။ | သတင်းစာဆရာကြီးများ၏ သူတို့ဘဝ သူတို့အတွေ့အကြုံ | ချစ်ကြည်ရေး ကြည်ညွန့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၉။ | တက္ကသိုလ်ပုံပြင်များ | မင်းကျော် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၀။ | ဘာသာနှင့်စာပေ | ဦးတင်လှ (မဟာဝိဇ္ဇာ) | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၁။ | ဟိုအရေးသည်အရေး | ကလောင်စုံ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၂။ | ကမ္ဘာ့ရန်သူ | ဒဂုန်ခင်ခင်လေး | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၃။ | ကမ္ဘာ့နိုင်ငံရေးမြေပုံ | သခင်လှဖေ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၄။ | ဖေ့သားချစ် | ဦးအေးကျော် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၅။ | ဆင်းရဲသားတို့၏ ဘက်တော်သားတစ်ဦး | လီနင် | ၂၀၀၀ | စိတ်ကူးချိုချို |

ဆက်လက်ဖော်ပြပါမည်

(၆၆)နှစ်ပြည့် ...
စင်ဖြင့်ရွာ၊ ...
50000/-Ks Ph:09 450024419
09 790629747

ဖုန်း Sim Card ဝယ်မည်
ရဲပင်းထွန်း
50/51 - 2 သိန်း
73/49 - 3 သောင်း
Ph: 09-5050261
09-5404596

### တောင်ငူအသင်း (ရန်ကုန်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ
ပညာရည်ချွန်ဆုပေးပွဲ နှင့်
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

တောင်ငူအသင်း(ရန်ကုန်)၏ ကုတ်တွင်း/ထန်းတပင်အပါအဝင်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ သက်ကြီးပူဇော်ပွဲပညာရည်ချွန်ဆုပေးပွဲ နှင့် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်၊ တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီ အချိန် ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကြေးသွန်းဘုရားကြီးရှေ့ မင်္ဂလာဈေး ခမ်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ/သား မိသားစုများနှင့် အသင်းဝင်မည့်သူများပါ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများစာရင်း၊ ၂၀၁၇-၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရသူ အသင်းဝင်၏ သား/သမီးစာရင်းနှင့် ရန်ကုန်မြို့၌နေထိုင်သူ အသက် (၇၅)နှစ်နှင့်အထက် တောင်ငူနယ်ဖွား ဘိုး/ဘွား အမည်စာရင်းအား ၃၀. ၈. ၂၀၁၈ နေ့ နောက်ဆုံး ထား၍ အောက်ပါ အသင်းအလုပ်အမှုဆောင်များထံ စာရင်းပေးပို့ကြပါရန်နှင့် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ပြောင်းလဲမှုရှိပါက (ဆက်သွယ်ဆောင်ရွက်မှု ပြုနိုင်ပါရန်) မပျက်မကွက် ဖုန်းဆက်သွယ်အကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

( နံနက်စာကို မုန့်ဟင်းခါးဖြင့် ဧည့်ခံပါမည် )

| | |
|---|---|
| ဦးရဲအောင် (စမ်းချောင်း) | ဦးတင့်ဆွေ (မင်္ဂလာတောင်ညွန့်) |
| ၀၁-၅၀၃၉၁၅ | ၀၉ ၅၀၂၅၅၇၀ |
| ဒေါ်ဥမ္မာသိန်း (ပုဇွန်တောင်) | ဦးသန်းထွန်း (မြောက်ဥက္ကလာပ) |
| ၀၉ ၄၃၀၄၀၇၅၃ | ၀၉ ၉၇၃၂၇၃၃၃၇ |
| ဦးတင်မောင်မြင့် (ကမာရွတ်) | ဒေါ်မြင့်မြင့်စန်း (လှိုင်) |
| ၀၉ ၇၇၅၆၃၆၂၆၇ | ၀၉ ၉၆၅၁၉၅၀၉၆ |

### သစ္စာ ဒီပက ဝိပဿနာ အဖွဲ့ချုပ် (၁၁၈)ကြိမ်မြောက် ဝါခေါင်လ(၇)ရက် အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၁၈)ကြိမ်မြောက် ဝါခေါင်လ(၇)ရက်၊ အထူးတရားစခန်းပွဲကို ၁၃၈၀ ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်မှ ဝါခေါင်လပြည့်နေ့အထိ ၂၀-၈-၂၀၁၈ မှ ၂၆-၈-၂၀၁၈ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်းကမ္မဋ္ဌာနာစရိယ ဆရာများဖြစ်သော ဦးဇောတိက၊ နယကကြီး ဦးမြင့်သိန်း၊ ဦးမြင့်သန်းနှင့် အရံတရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဖွီမပင့်ပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် စခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၉-၈-၂၀၁၈ ရက် တနင်္ဂနွေနေ့ ညနေ(၅)နာရီထက်နောက်မကျဘဲ ကြွရောက်ကြပါရန် တရားစခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီ များအနေဖြင့် နာယက ဦးအေးကို ဖုန်း-၀၉-၂၅၀၅၁၆၂၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း ၀၉-၂၅၂၄၂၄၀၅၀၊ ယာယီအတွင်းရေးမှူး ဦးသီဟန် ဖုန်း ၀၉-၂၆၃၈၉၁၀၄၉၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း- ၀၉-၅၀၆၁၁၃၈၊ ဒေါ်နီလာ ဖုန်း-၀၉-၄၂၃၇၀၆၈၄၈၊ ဒေါ်ဘေဘီဝင်း ဖုန်း-၀၉-၅၀၇၉ ၅၁၁တို့သို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

ခရုသင်း၊ သမင်ပြုံကို EXCIMER LASER ဖြင့် ကုသနိုင်ပါပြီ



Before After

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗိုလ်ရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၁၈၂၂၄၇၊ ၂၅၆၀၄၅




ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆ၀က (စာနယ်ဇင်း) ၀၅၄/၀၅၁၃

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)

ဖုန်း-၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ထွန်းဦး**
**အင်ဂျင်နီယာချုပ်**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးတင်ထွန်းဦးသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ထွန်းဦး**
**အင်ဂျင်နီယာချုပ်**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးတင်ထွန်းဦးသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးတင်ထွန်းဦး**
**အင်ဂျင်နီယာချုပ်**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၅၉)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးတင်ထွန်းဦးသည် ၁၂-၈-၂၀၁၈(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်၊**
**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းများ**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဒေါ်မြင့်မြင့်(ခရမ်း)
**အသက် (၇၈)နှစ်**

ခရမ်းမြို့၊ ရေကျော်ကျေးရွာနေ (ဦးစန်းမောင်-ဒေါ်စိန်မြ)တို့၏ သမီး၊ ပေါင်းတည်မြို့၊ ဟသ်ာကန်ရွာနေ (ဦးကျော်-ဒေါ်စိန်ကြင်)တို့၏ သမီးချွေးမ၊ အမှတ်(၁၂၄)၊ ပုသိမ်မြေရပ်ကွက်၊ (၅)လမ်းနေ (ဦးမြင့်သိန်း(ခ)ဦးရွှေထွန်း)၏ ဇနီး၊ ဦးဘဆွေ-ဒေါ်တင်တင်ဦး၊ ဦးအောင်မြင့်-ဒေါ်စန္ဒာဝင်း၊ ဦးခင်ဇော်-ဒေါ်ဖြူဖြူဝင်း၊ ဦးရဲအောင်-ဒေါ်သဇင်မြင့်၊ ဦးကြည်မိုး-ဒေါ်စန်းယုမေ တို့၏ မိခင်၊ ဒေါက်တာဝေဖြိုးအောင်-ဒေါက်တာဝင်းလဲ့လဲ့ကျော်၊ ကိုထက်ဝေယံ-မမေဖြိုးသော်၊ ကိုမင်းရဲအောင်-မဖြိုးဖြိုးထက်၊ မစုနန္ဒာလင်း၊ မဟန်နီအောင်၊ ကိုမင်းခန့်အောင်၊ မောင်ဟိန်းအုပ်စိုး၊ မောင်ဇေယျတုတို့၏အဘွား၊ မောင်ဝေယံဘုန်းရှိန်၊ မောင်ခန့်သစ်တို့၏ဘွားဘွား ဒေါ်မြင့်မြင့်သည် ၁၁-၈-၂၀၁၈(စနေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင် (ကုန်းဇောင်း)
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၃၂)၊ အခန်း(၁၅)၊ မကွေးမြို့၊ အောင်စေတနာရပ်ကွက်၊ High Class Food Garden နေ ဒေါ်ခင်ဝင်းကြည်၏ ခင်ပွန်း၊ ဦးကျော်ကျော်မြင့်-ဒေါ်ခင်မေအောင် [ပါမောက္ခ၊ ဌာနမှူး(တိုင်းရင်းသားဒီဂရီကောလိပ်-ရန်ကုန်)]၊ ဦးလှနိုင်-ဒေါ်သူဇာအောင်၊ ဦးစိုးမိုးအောင်-ဒေါ်သင်းသင်းဦး၊ ဦးဇော်မိုးအောင်၊ ဒေါ်ခင်ခင်လေး(စင်ကာပူ)၊ ဦးနေကိုကို-ဒေါ်အေးအေးအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၂း၄၀ နာရီတွင် မကွေးမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များရှိသကဲ့သို့ ကြိုတင်ခန့်မှန်းရန် ခက်ခဲသော ဘေးအန္တရာယ်များလည်း ရှိပါသည်။

ဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့လာပါက အောက်ပါတို့ကို ဂရုပြုဆောင်ရွက်ပါ။

၁။ မိုးလေဝသသတင်းများနှင့် ဘေးအန္တရာယ်သတိပေးချက်များကို သတိပြုပါ။
၂။ ကျန်းမာရေး သတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါ။
၃။ ဘေးအန္တရာယ် မကျရောက်မီကတည်းက အရေးပေါ်ဆေးသေတ္တာ၊ အစားအစာ၊ သောက်သုံးရေနှင့် အခြားလိုအပ်သည်များ ကြိုတင်စုဆောင်းပြင်ဆင်ထားရှိပါ။
၄။ သန့်ရှင်းသောသောက်သုံးရေနှင့် အစားအစာများကိုသာ စားသုံးပါ။
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၆။ ဘေးအန္တရာယ်ကျရောက်ရာ ဒေသများ၌ ကျန်းမာရေးဝန်ထမ်းများမှ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းကူညီပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်လင်း**
**ဘူမိဗေဒကြီးကြပ်အရာရှိ (ငြိမ်း)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၆၂)နှစ်**

ဒေါ်ဝင်းမြ (ဒုတိယညွှန်ကြားရေးမှူး၊ အဆောက်အဦအထူးအဖွဲ့-၃၊ အဆောက်အဦဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်လင်း [ဘူမိဗေဒကြီးကြပ်အရာရှိ(ငြိမ်း)၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း] သည် ၁၁-၈-၂၀၁၈(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်လင်း**
**ဘူမိဗေဒကြီးကြပ်အရာရှိ (ငြိမ်း)**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၆၂)နှစ်**

ဒေါ်ဝင်းမြ (ဒုတိယညွှန်ကြားရေးမှူး၊ အဆောက်အဦအထူးအဖွဲ့-၃၊ အဆောက်အဦဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်လင်း [ဘူမိဗေဒကြီးကြပ်အရာရှိ(ငြိမ်း)၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း] သည် ၁၁-၈-၂၀၁၈(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဇနီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးခင်မောင်လင်း**
**ဘူမိဗေဒကြီးကြပ်အရာရှိ(ငြိမ်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၆၂)နှစ်**

ဒေါ်ဝင်းမြ (ဒုတိယညွှန်ကြားရေးမှူး၊ အဆောက်အဦအထူးအဖွဲ့-၃၊ အဆောက်အဦဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်လင်း [ဘူမိဗေဒကြီးကြပ်အရာရှိ(ငြိမ်း)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]သည် ၁၁-၈-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်၊**
**ညွှန်ကြားရေးမှူးချုပ် နှင့် ဝန်ထမ်းများ**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှိုင်မြင့် (၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ တောင်ပန်းဆွဲကျေးရွာနေ (ဦးနု-ဒေါ်သိန်းခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၂၀)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ (ဦးစိုးမြင့်)၏ ချစ်လှစွာသော ဇနီး၊ (ဦးအေးမြင့်)-ဒေါ်တင်တင်ဦး၊ ဒေါ်ခင်ခင်ချို (အ-လ-က ၄၊ ကြည့်မြင်တိုင်)၊ ဦးစိုးမြင့်ထွန်း-ဒေါ်ခင်ခင်ပြုံး၊ ဦးအောင်လွင်-ဒေါ်သီသီဝင်း၊ ဦးခင်ဇော်-ဒေါ်မြစန္ဒာတို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်လှိုင်မြင့်သည် ၁၂-၈-၂၀၁၈ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်လင်း
**အသက်(၆၂)နှစ်**
**အမှုဆောင်အရာရှိ(က)ဘူမိဗေဒ(ငြိမ်း)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ စကားဝါလမ်း၊ တိုက်(၁)၊ အခန်း(၁)၊ ဆောက်လုပ်ရေးရိပ်သာနေ (ဦးချစ်ဆွေ-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးဘလှိုင်-ဒေါ်စိန်)တို့၏သားသမက်၊ (ဦးခင်မောင်ဝင်း)-ဒေါ်သန်းမှီတို့၏ညီ၊ (ဦးဇော်ဝင်း)၏အစ်ကို၊ ဦးမြင့်စိုး-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်သန်းရီ၊ ဦးလှမြင့်-ဒေါ်ခင်ဌေးဦးတို့၏ညီ/မောင်၊ ဦးသက်နိုင်ဦး-မအိမွန်ခိုင်၊ ဒေါက်တာတေဇ-မဉမ္မာချစ်ပန်(UK)၊ ကိုဝေလ-မမေမျိုးမျိုးခိုင်၊ မယဉ်ယဉ်ဝိုင်း၊ မောင်ပြည့်ဖြိုးလှိုင်တို့၏ ဦးလေး၊ ဒေါ်ဝင်းမြ (ဒု-ညွှန်ကြားရေးမှူး၊ အထူးအဖွဲ့-၃၊ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မအိချိုစင်(ခ) မအေးမြလင်း (နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၁)၏ မွေးသဖခင်သည် ၁၁-၈-၂၀၁၈ ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း
**ဦးဘနှင်းချစ် (ပခုက္ကူ)**
**B.Sc(Eng;) Civil**
**Post Graduate Study in Design and Construction of Earth Dams (Moscow)**
**ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန**
**အသက်(၈၃)နှစ်**

၆-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးဘနှင်းချစ်၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုအပ်မှုမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတပည့်များ၊ အသင်းအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ လှူဖွယ်ပစ္စည်းများ၊ လွမ်းသူပန်းခြင်းများ၊ ပန်းခွေများပေးပို့ကြသော လုပ်ဖော်ကိုင်ဖက်တပည့်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ ဖုန်း၊ ဆိုရှယ်မီဒီယာအသီးသီးမှလည်းကောင်း၊ သတင်းစာများမှလည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ နှစ်သိမ့်အားပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးတင်ထွန်းဦး
**အသက်(၅၉)နှစ်**
**B.E (Civil-1982)**
**အင်ဂျင်နီယာချုပ် (အဆောက်အဦဦးစီးဌာန)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ တိုက်အမှတ် (၁၀၃)၊ အခန်း(၆)၊ မီးဒုံးလမ်းသွယ် (၂)လမ်းနေ (ဦးထွန်းမင်း-ဒေါ်ညွှန့်ကြည်)တို့၏ သားကြီး၊ (ဦးလှရှိန်-ဒေါ်တင်တင်)တို့၏ သားသမက်၊ ဒေါ်ရီရီရှိန်(စာရင်းကိုင်-ငြိမ်း၊ ဆလရ)၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ဝတ်ရည်ထွန်း(ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန)၊ မောင်ဟိန်းဇော်ဦး (ME-Materials, PSU, Thailand)တို့၏ မွေးသဖခင်၊ ဦးတင်ထွန်းအောင်-ဒေါ်မေသန်းတို့၏အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ ဘကြီးသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇း၀၂ နာရီတွင် (Grand Hanthar International Hospital)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးဟန်စိန်
**အသက်(၈၀)**

ဖြူးမြို့နယ်၊ ဝဲကြီးကျေးရွာနေ (ဦးစံဒွန်း-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဘိုးဆိတ်-ဒေါ်ခင်တုတ်)တို့၏သားသမက်၊ အုတ်ကျင်း၊ မာလာမြိုင်(၁)လမ်းနေ (ဦးသိန်းဝင်း)-ဒေါ်စန်းမြင့်၊ ဦးမောင်မောင်-ဒေါ်အုံးမြင့်တို့၏အစ်ကို၊ ဦးဇော်မင်းဟန်-ဒေါ်သီတာအေး၊ (ကိုသိန်းထိုက်ဟန်)၊ ကိုမျိုးဟန်၊ ကိုဒေးဗစ်-မအိအိဟန်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ခင်မြင့်၏ ခင်ပွန်းသည် ၁၁-၈-၂၀၁၈ (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ နယ်မြေ(၁၀)၊ မြို့ပတ်လမ်း၊ အမှတ်(၅၁၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ကြည်
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၇၂)၊ အထက်ပုဇွန်တောင်လမ်း၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးချစ်)၏ဇနီး၊ (ဦးရွှေစိုး)-ဒေါ်တင်မြင့်၊ ဦးသန်း-ဒေါ်ညိုညို၊ ဦးဖြူဝင်း-(ဒေါ်သန်းသန်း)၊ (ဦးတိုးဝင်း-ဒေါ်ကြင်ရွှေ)၊ (ဦးသန်းအောင်)-ဒေါ်ကြင်ငွေ၊ (ဦးရွှေမိုး)-ဒေါ်ခင်ထွေးရီ၊ (ဦးပြုံးချို)-ဒေါ်သန်းဌေး၊ (ဦးလှမိုး-ဒေါ်စမ်းစမ်းအေး)၊ ဦးရဲမြင့်-ဒေါ်မိုးဝါတို့၏ မိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွား ဒေါ်ညွန့်ကြည်သည် ၁၂-၈-၂၀၁၈ ရက် နံနက် ၈း၁၅ နာရီတွင် ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသောင်းစိန်
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ အမှတ် (၁၉၅)နေ (ဦးထွန်းစိန် - ဒေါ်စိန်ခင်)တို့၏ သားလတ်၊ (ဦးမောင်အေး-ဒေါ်အေးခင်)တို့၏ သားသမက်၊ ဒေါ်ကျင်ဥ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသူရမောင်-ဒေါ်ဇင်မာသန့်၊ ဦးအောင်မျိုး-ဒေါ်ခင်နီလာစန်း၊ ဒေါ်မိုးမိုးစိန်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်းအမ၊**
**နယ်လှည့်သစ္စာမိဌာန် စတုဒိသာပင်မအလှူရှင် ဒါယိကာမကြီး**
## ဒေါ်အုန်းမြင့်(ခ)ဒေါ်အုန်း (Ohn Gas)
**အသက် (၇၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မွေပွေးကုန်းကျေးရွာနေ (ဦးဖိုးချစ်-ဒေါ်မြညွန့်)တို့၏ သမီး၊ ပဲနွယ်ကုန်း၊ ကျောင်းစိုးကျေးရွာနေ (ဦးအေးမောင်-ဒေါ်မြညွန့်)တို့၏ သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အမှတ်(၅/ဠ)၊ ဦးဘအိုလမ်းနေ ဦးတင်သောင်း(ငြိမ်း) (ဓာတ်ငွေ့စက်ရုံ)၏ ဇနီး၊ ဦးလှဦး-ဒေါ်ဝင်းမာ၊ ဦးဝင်းအောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးမင်းမင်းဦး-ဒေါ်ခင်စိုးမိုး(ခ)ဒေါ်ချို၊ ဦးဗညား-ဒေါ်မိုးမိုးအေး၊ ဦးလှမိုး-ဒေါ်ဇင်မာသန်း၊ ဦးသိန်းဇော်အောင်-ဒေါ်စိုးစိုးထွေးတို့၏မွေးသမိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သိန်းဝင်း(ခ)ဒေါ်သီသီ (B.Sc, B.Ed) (၇၃)နှစ်
**အလပြ(ငြိမ်း)၊ အလက(၁)ဒဂုံ**
**MLA ကိုယ်ပိုင်ကျောင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်လက်ပံခုနှစ်ရပ်ကွက်နေ (ဆရာကြီးဦးကျော်ဝ-ဆရာမကြီးဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်(မြောက်)၊ မင်္ဂလာလမ်း၊ အမှတ်(၆၅)နေ ဒေါ်ခင်ခင်ဝင်း၏ညီမ၊ ဦးခင်မောင်ကျော်၊ ဒေါ်ခင်မာနီ(အထပြ-ငြိမ်း၊ အထက-၃၊ ကြည့်မြင်တိုင်၊ Great Light ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အစ်မ ဒေါ်ခင်သိန်းဝင်းသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၅၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြင်မွှေး (၇၃)နှစ်
**(အရှေ့တောရ-ငါးထပ်ကြီး စာသင်တိုက်ကြီး၏ သံဃာ့မိခင်)**

ဦးဗိုလ်စိန်-ဒေါ်ယုဝါတို့၏ သမီး၊ (ဦးမော်တင်)-ဒေါ်မြမြဝင်း၊ ဒေါက်တာကျော်စိန် (ဗိုလ်မှူး-ငြိမ်း)-ဒေါ်ကြည်ကြည်ညွန့်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့တောရ(ငါးထပ်ကြီး) စာသင်တိုက်နေ ဒေါ်ကြင်မွှေးသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီမှ ၈ နာရီအထိ အရှေ့တောရ(ငါးထပ်ကြီး) စာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇောထွန်း (၄၆)နှစ်
**World Food Programme Myanmar**

ပခုက္ကူမြို့နေ ဦးဟန်ထွန်း-ဒေါ်ခင်မြင့်တို့၏သားလတ်၊ ရန်ကုန်မြို့နေ ဦးအေးမောင်-ဒေါ်အုန်းမြင့်တို့၏ သားသမက်၊ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ ဒေါ်လဲ့လဲ့အေး(မြန်မာအာမခံ)၊ ဒေါက်တာနီလာအေး(ပုသိမ်တက္ကသိုလ်)တို့၏ ညီ/မောင်၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု (ဖြူစင်စတိုး-ပခုက္ကူမြို့)၊ ဒေါ်နုရီထွန်း(မြဝတီဘဏ်/ရန်ကုန်)၊ ဦးဝဏ္ဏအေး (UNICEF)-ဒေါ်ယုယုလှိုင်၊ ဦးဉာဏ်လင်းစိုး-ဒေါ်သဥ္စာအေးတို့၏အစ်ကို၊ ဒေါက်တာကေသီအေး (ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ခင်ပွန်း၊ မရင်ဖြူဖြူလှိုင် (Wisdom Private High School)၏ မွေးသဖခင်သည် ၁၁-၈-၂၀၁၈ ရက် ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [တိုက်အမှတ်(၂၅၅)၊ အခန်းအမှတ်(၀၁)၊ ကံ့ကော်အိမ်ရာ၊ နေပြည်တော် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## Saw Tommy မျိုးဝင်း (၄၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်းလမ်း၊ အမှတ်(၆)နေ (Saw Victorမြို့)-နော် လူစီဖော့တို့၏သားကြီး၊ Sr. Bridgetမြို့၏ချစ်လှစွာသောတူ၊ Saw William အောင်မျိုးဝင်း-Catherine ရှိန်းအွယ်၊ Saw Micky အောင်ကျော်မျိုး-ဒေါ်ကျော့ကျော့ခိုင်၊ Saw Gilly ဝင်းမင်းမျိုးတို့၏အစ်ကို၊ Paulinus ရှိန်းမျိုးအောင်၊ John ရှိန်းမျိုးနိုင်တို့၏ချစ်လှစွာသော ဦးကြီး Saw Tommy မျိုးဝင်းသည် ၁၂-၈-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂၁၂၉)၊ အင်းစိန်မြို့နယ်၊ ဘုတာရုံလမ်း၊ နံ့သာကုန်းရပ်ကွက်၊ စိန့်ပီတာနှင့် စိန့်ပေါလ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)နှင့် တွေ့ဆုံ


ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**ရန်ကုန် ဩဂုတ် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)နှင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်၌ ဖြစ်ပေါ်နေသောပြဿနာများ ငြိမ်းချမ်းပြေလည်သွားစေရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်မွမ်းမံတည်ဆောက်ရေးကိစ္စများတွင် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံရာသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရုလ် ကရင်ခမ်ချောင်ဒရီ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)နာယက ဒေါက်တာတင်လှ၊ ဥက္ကဋ္ဌ ဦးသောင်းထိုက်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးခင်မောင်ဌေးနှင့် ဦးညွန့်မောင်ရှိန်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းညွန့်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သံလွင်မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**မိုး/ဇလ**

## ထူးကဲဒီရေမြင့်တက်မှုကြောင့် ဒလမြို့နယ်အတွင်း မြေနိမ့်ပိုင်းရပ်ကွက်များ ရေနစ်မြုပ်

ရန်ကုန် ဩဂုတ် ၁၂

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ယနေ့ ညနေ ၄ နာရီခန့်က ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်လာမှုကြောင့် သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန်ကူးတို့ဆိပ်ကမ်းများ၌ ရေမြင့်တက်ခဲ့ပြီး မြေနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ချောင်းဘေးနေရာများ၌ အမြင့် သုံးပေကျော်ခန့် ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪


ဒလမြို့နယ်၌ ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်နေမှုကို တွေ့ရစဉ်။

## အာရှအားကစားပြိုင်ပွဲအတွက် မြန်မာဘော်လီဘောအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းသည် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၁၂ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းသည် အာရှကလပ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံကာ အပြီးသတ်လူစာရင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး နှစ်ဦးလျှော့ချခဲ့သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ ဦးသိန်းဝင်း၊ နည်းပြချုပ် ဦးကျော်စွာဝင်း၊ လက်ထောက်နည်းပြ ဦးစိုင်းညီလေး၊ ကစားသမားများအဖြစ် အောင်သူ၊ ဒိုမေနီးကို၊ သွင်ထူးဇင်၊ ခွဲခြားမောင်၊ ဇော်ထက်အောင်၊ နေလင်းအောင်၊ စံညွှန်းမောင်၊ ညီညီစံ၊ ဇော်ဝင်းလှိုင်၊ ဇော်လွင်ထွန်း၊ ရထိုက်ဝေနှင့် အောင်ဖြိုးတို့ ပါဝင်ကြသည်။ အာရှအားကစားပြိုင်ပွဲတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ဂ)တွင် ဂျပန်၊ ကာဇက်စတန်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂၀ ရက်တွင် ကာဇက်စတန်အသင်း၊ ဩဂုတ် ၂၄ ရက်တွင် ဂျပန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

GRAND HANTHA INTERNATIONAL HOSPITAL
နှလုံးနှင့် သွေးကြောရောဂါကုသဌာန
GREEN, GRAND, CARE FOR THE PEOPLE

ဂရန်း(ဒ်)ဟံသာ နှလုံးနှင့် သွေးကြောရောဂါကုသဌာနတွင်

- Coronary Angiogram (နှလုံးသွေးကြော ဓာတ်မှန်ရိုက်ခြင်း)
- Primary PCI (မိနစ်ပိုင်းအတွင်း အရေးပေါ်အသက်ကယ် နှလုံးသွေးကြောချဲ့ကုသခြင်း)
- Coronary Angioplasty (PCI) (နှလုံးသွေးကြောချဲ့ကုသခြင်း)
- IABP Insertion (နှလုံးထောက်ကူဘောလုံးထည့်ခြင်း)
- Pacemaker Insertion (နှလုံးခုန်စက်ထည့်ခြင်း)
- Temporary Pacemaker Insertion (ယာယီ နှလုံးခုန်စက်ထည့်ခြင်း)
- Implantable Cardiac Defibrillator Insertion (နှလုံးနှိုးဆွစက် ထည့်ခြင်း)
- Cardiac Resynchronization Therapy Device Insertion (နှလုံးနှိုးဆွ ထိန်းညှိစက် ထည့်ခြင်း)
- Radiofrequency Ablation (နှလုံးလျှပ်စီးပတ်လမ်းကြောင်းအပို ဖြတ်တောက်ခြင်း)
- Congenital Heart Defects Repair (မွေးရာပါနှလုံးအပေါက်များ သွေးကြောပိုများပိတ်ခြင်း/ဖာခြင်း)
- Balloon Valvuloplasty (ဘောလုံးဖြင့် နှလုံးအဆို့ရှင် ချဲ့ခြင်း)
- TACE (ကင်ဆာသွေးကြောများအားဆေးသွင်းပိတ်ဆို့ခြင်း)
- TAE (သွေးထွက်နေသောသွေးကြောများ ပိတ်ဆို့ခြင်း)
- Vascular Intervention (နှလုံးသွေးလွှတ်ကြောမကြီးအပါအဝင် ကျောက်ကပ် သွေးကြောနှင့် ခြေလက်သွေးကြောများ ကျဉ်းခြင်း ဖောင်းခြင်းများကုသခြင်း) များကို နိုင်ငံတကာ အဆင့်မီစွာဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂